ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (24-6-2015) (၈၂၄၁)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးမှတစ်ဆင့် နှစ်နိုင်ငံချင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းနိုင်မည်

နေပြည်တော် ဇွန် ၂၃

**(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့●




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

BBB
ဘိုသုံးလုံး ကားရောင်းစင်တာ
38+40 ကမ္ဘာအေးဘုရားလမ်း
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

ကြေးမုံစာတည်းရှုထောင့် — ၂၄-၆-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# အမွေအနှစ်ထိန်းသိမ်းမှတ်တမ်းဝင်

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ နှစ်ပေါင်းထောင်ချီကာလက မြန်မာနိုင်ငံတွင် ခမ်းနားထည်ဝါသော မြို့ပြနိုင်ငံများတည်ထောင်ခဲ့ကြပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစွာဖြင့် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်ခဲ့ကြသည်။ ထိုသို့တည်ရှိခဲ့သော်လည်း ဖြစ်ပြန်၊ ပျက်ပြန် လောကဓံအရ ကာလရှည်ကြာလတ်သော် ဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရသည်။

တစ်ချိန်သောအခါ ယဉ်ကျေးမှုထွန်းကားစည်ပင်သော အရပ်ဒေသတို့သည် သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ ကျူးကျော်ဖျက်ဆီးခံရမှုများကြောင့်လည်းကောင်း၊ မင်းဆက်ပြတ်သွားသောကြောင့်လည်းကောင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားခဲ့သည်။ ယခင်က တောတောင်များဖုံးလွှမ်းခဲ့သောနေရာများတွင် မြို့ပြများဖြစ်ထွန်းလာခဲ့ပြီး ထင်ရှားသောမြို့ပြအချို့မှာလည်း အထက်ပါကိစ္စများကြောင့် တောချုံများကြား တိမ်မြုပ်ခဲ့ကြသည်များလည်းရှိသည်။

မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံတွင် အတိတ်တစ်ချိန်က ယဉ်ကျေးမှုမြင့်မားသော မြို့ပြနိုင်ငံများဖြစ်ထွန်းခဲ့သည်ကို ယနေ့ကျန်ရှိနေသော သမိုင်းအမွေအနှစ်များက သက်သေပြနေပါသည်။ ယခုအခါ အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သောကြောင့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း ပျူမြို့ဟောင်း သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ဝင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားပြီး ယနေ့ထက်တိုင် ခရီးသွားဧည့်သည်များ အဆက်မပြတ်လာရောက်လေ့လာလျက်ရှိသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ဝင်အောင် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။ ယဉ်ကျေးမှုနယ်မြေများတွင် ပုဂံသည် အထင်ရှားဆုံးဖြစ်ပါသည်။ ပထမမြန်မာနိုင်ငံတော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် ဦးစွာတည်ထောင်ခဲ့ပြီး ဘာသာသာသနာထွန်းကားခဲ့ခြင်း၏ တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များ ပုဂံမြေတွင် ယနေ့တိုင်တည်ရှိနေပါသည်။

နှစ်ပေါင်းထောင်ချီ ရှည်ကြာနေပြီဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ အမြောက်အမြားရှိသည့် ပုဂံသည် ကမ္ဘာ့အမွေအနှစ်စာရင်းတွင် အမှန်တကယ်ရှိသင့်သည့်နေရာဖြစ်ပါသည်။ ပျူမြို့ဟောင်း သုံးမြို့သည်ပင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်လျှင် ပုဂံယဉ်ကျေးမှုဒေသကိုလည်း အမွေအနှစ်စာရင်းဝင်အောင် ကြိုးပမ်းအားထုတ်ကြရပါမည်။ ပျူမြို့ဟောင်းများနှင့် နှိုင်းယှဉ်လေ့လာကြရပါမည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ သက်ဆိုင်ရာဌာနတစ်ခုတည်းသာ တာဝန်ရှိသည်မဟုတ်ဘဲ ဆက်နွှယ်သောဌာနများ၊ ဒေသခံပြည်သူများနှင့် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။ ရှေးဟောင်းအမွေအနှစ်များကို လေ့လာစရာ၊ ဗဟုသုတဖြစ်စရာ၊ အပန်းဖြေစရာ၊ မှီခိုစရာသက်သက်သာမဟုတ်ဘဲ တန်ဖိုးထားမြတ်နိုးဖွယ်ရာများအဖြစ် အလေးထားကြရပါမည်။

ယခုအခါ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသအတွင်းရှိ မြစေတီ (ရာဇကုမာရ်)ကျောက်စာကို ကမ္ဘာ့မှတ်တမ်းမှတ်ရာတွင် ယခုနှစ် ကမ္ဘာ့အမွေအနှစ်စာရင်းအတွက် တင်သွင်းထားရာ ၎င်းကျောက်စာမှတ်တမ်းမှတ်ရာ ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်မည်၊ မဝင်မည်ကို ယခုလကုန်တွင် ယူနက်စကိုအဖွဲ့မှ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရာဇကုမာရ်ကျောက်စာသည် မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့ပြီး ဘာသာစကား လေးမျိုးဖြင့် ရေးထိုးထားသော ကျောက်စာဖြစ်သည်။ အစောပိုင်းက ကမ္ဘာ့အကြီးဆုံးစာအုပ်ဟု ခေါ်တွင်သည့် မန္တလေးမြို့တွင် တည်ရှိသော ကုသိုလ်တော်ဘုရားကျောက်စာများကိုလည်း ကမ္ဘာ့မှတ်တမ်းမှတ်ရာ အမွေအနှစ်စာရင်းတွင် ထည့်သွင်းခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း တည်ရှိပြီးဖြစ်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအထိတိုင် ထင်ရှားကျော်ကြားသော တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုများဖြစ်ပါသည်။ ထိုရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာနိုင်ငံက ပိုင်ဆိုင်ထားသဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် ထိုရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်ဘဲ အဓွန့်ရှည်တည်ရှိနိုင်အောင် မြန်မာနိုင်ငံသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ ။

# ‘၆ ဂ’ နှင့်အထက် မော်တော်ယာဉ်များအား ယာဉ်မှတ်ပုံတင်သက်တမ်း ပြောင်းလဲသတ်မှတ်

**နေပြည်တော် ဇွန် ၂၃**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်ပိုင်ရှင်များပိုမိုအဆင်ပြေစေရေးအတွက် ‘၆ ဂ’ နှင့်အထက် ကိုယ်ပိုင်ယာဉ်ငယ်များအား နှစ်လဲ သက်တမ်းတိုးခြင်းကို ယခင်မှတ်ပုံတင်သက်တမ်းတစ်နှစ်မှ ယခုနှစ် ဇူလိုင် ၁ရက်မှစတင်၍ မှတ်ပုံတင်သက်တမ်း နှစ်နှစ်အထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ‘၆ ဂ’နှင့်အထက် ကိုယ်ပိုင်လူစီးယာဉ်ငယ် (ဆလွန်း၊ စတေရှင်ဝက်ဂွန်း-ခရီးသည် ၁၅ ဦးအထိ၊ မိုက္ခရိုဘတ်စ်၊ လိုက်ဗင်၊ ဂျစ်၊ Double Cab) များသာဖြစ်ပြီး အငှားယာဉ်၊ ခရီးသည်တင်ယာဉ်များ၊ ယာဉ်ကြီးများ၊ စက်မှုဇုန်ထုတ်ကားများ ‘၆ ဂ’ အောက်ယာဉ်များအား လက်ရှိအတိုင်းမှတ်ပုံတင်သက်တမ်း တစ်နှစ်လျှင်တစ်ကြိမ်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

‘၆ ဂ’ နှင့်အထက် သက်တမ်းလွန်နေသော ယာဉ်များကိုလည်း ဒဏ်ကြေးပေးဆောင်စေပြီး လာရောက်ဆောင်ရွက်သည့်နေ့မှစ၍ မှတ်ပုံတင်သက်တမ်း နှစ်နှစ်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သက်တမ်းနှစ်နှစ်သတ်မှတ်ထားသည့် ကိုယ်ပိုင်ယာဉ်များ အငှားယာဉ်သို့ ပြောင်းလဲလျှောက်ထားလိုပါက အငှားယာဉ်မှတ်ပုံတင်ကောက်ခံပြီး အငှားယာဉ်အဖြစ်မှတ်ပုံတင်၍ သက်တမ်းတစ်နှစ်သာ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း နေပြည်တော် ကညနရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **(ရွှေရဲရင့်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၃**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၄၀၀၀၀ | - ၇၄၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၄၀၀၀၀ | - ၇၄၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၅၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၁၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၉.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈.၇၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂.၉၆၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၆.၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇.၄၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၉.၃၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၀.၇၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၈.၇၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၃၀.၉၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



## နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တသောဘိတ ပျံလွန်တော်မူ

**နေပြည်တော် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသောဘိတ ဆရာတော်ကြီးသည် သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါအရ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း(၇)ရက် (၂၃-၆-၂၀၁၅) အင်္ဂါနေ့ နံနက် ၄ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(ကြေးမုံ)**

တရုတ်
Sayar.Yang
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH Conversation Practice
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

**အသိပေးကြေညာချက်**

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V OCEAN BLUE V.319 သင်္ဘောသည် ၂၅-၆-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်- ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
DMA အသိမှတ်ပြု
M.S.C Training Centre
နိုင်ငံခြားသင်္ဘောသား
TCS ဆရာဦးဒွေးလှိုင်
Ship's Cook Course
General Steward (G/S) Course
Ship's Cook Upgrade Course
ရေယာဉ် စားဖိုမှူး နှင့် စားပွဲထိုး သင်တန်း
ပညာအရည်အချင်းအနည်းဆုံး(၈)တန်းအောင်
33 A- ယမုံနာရိပ်မွန်၊ ဗန္ဓုလတံတားအနီး၊ဒေါပုံမြို့နယ်၊
Ph: 09-540 2550 , 09-430 64421

ဒေါ်အေးအေးခင် M.Sc, B.Ed ဦးစီး၍ ပါမောက္ခ၊ ကထိက၊ ဝါရင့်ဆရာများသင်ကြားသည်။
(၉/၁၀တန်း)
အမှတ်ကောင်းကောင်းနှင့်ဂုဏ်ထူးထွက်အောင်သင်တဲ့
တန်းခွဲသစ် July-3 စမည်။
ဂုဏ်ထူးအောင် ဝိုင်း/ဘော်ဒါ
ဖုန်း-၀၉-၇၃၀၃၄၈၃၈ ဘော်ဒါအပြတ်(၂၀)သိမ်း
၃၂(ပ)ထပ်အထက်ပုဇွန်တောင်လမ်းမကြီး၊ပုဇွန်တောင်ဈေးအနီး။

GLO Ice Cream & Greek Yoghurt
09 5087 624 / 0979 8464 925 / 099 7272 8590
gloicecream@gmail.com / www.facebook.com/glo.food

## ပြည်တွင်းရေးရာ

●ရှေ့ဖုံးမှ
အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ကွန်ဗင်းရှင်း ဗဟိုဌာန အဝင်မုခ်ဦးမှ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးအပြီး စတင်ပေါ်ပေါက်လာသည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)၏ (၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် ထပ်မံလက်ခံကျင်းပခွင့်ရရှိသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

ပုဂံကြေညာချက်၏ အနှစ်သာရဖြစ်သည့် ဒေသတွင်း ပိုမိုပေါင်းစည်းရေးအတွက် နိုင်ငံရေးအရ ကတိကဝတ်ပြုထားရှိမှုများကိုပြန်လည်အားသစ်လောင်းသွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းမှတစ်ဆင့် အာဆီယံအသိုက်အဝန်းထူထောင်ရေး ရည်မှန်းချက်နှင့် အာဆီယံပေါင်းစည်းရေး အစီအစဉ်များကို အထောက်အကူပြုစေမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်များအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျော့ကျစေရေးကို အကျိုးပြုမှာ ဖြစ်ပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောမှု စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရေးတို့ကို မြှင့်တင်သွားရန် ဆိုသည့် အဖွဲ့ကြီး၏ ရည်မှန်းချက်သည် အက်မက်စ်နိုင်ငံအားလုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီသည့်အတွက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပုဂံထိပ်သီးညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံရည်မှန်းချက်များနှင့်အညီ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများက အဓိကကဏ္ဍကြီး (၈) ရပ်တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြပါကြောင်း။

မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ စီးပွားရေး ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများက ပိုမိုပူးပေါင်းပါဝင်လာစေပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လာစေရေး၊ ခေတ်မီနည်းပညာနှင့် အတတ်ပညာများ တိုးမြှင့်ပေးအပ်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားစီမံခန့်ခွဲမှုဆိုင်ရာ နည်းနာများ ပိုမိုမျှဝေလာစေရေး၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ချမှတ်ထားသည့် ဘုံရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန်အတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကပိုင်းကပါ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာစေရန် ကူညီအားပေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးများမှတစ်ဆင့် နှစ်နိုင်ငံချင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာပြီး ဒေသတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**


နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ပြင်သစ်နိုင်ငံ သံအမတ်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ရေမိလ္လာစနစ်ကို အဓိကဆောင်ရွက်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ အကျုံးဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရေး၊ ရွှေလီ(၃) ရေအားလျှပ်စစ်စက်ရုံနှင့် အထက်ရဲရွာစီမံကိန်းကြီးများ အပါအဝင် လျှပ်စစ်စွမ်းအားကဏ္ဍတွင် အီးအန်ဂျီအိုင်အီး၊ အီးဒီအက်ဖ်၊ ရှနိုက်ဒါလျှပ်စစ်နှင့် အယ်လ်စတွန် စသည့် ပြင်သစ်ကုမ္ပဏီကြီးများ ပါဝင်ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာရေး စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးမော်သာထွေးနှင့် ဒေါ်လဲ့လဲ့သိန်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာသတင်းမီဒီယာဥပဒေနှင့် စံသတ်မှတ်ချက်များဆိုင်ရာ သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ (Friedrich Ebert Stiftung-FES) အဖွဲ့အစည်းတို့ ပူးပေါင်း၍ နိုင်ငံတကာ သတင်းမီဒီယာဥပဒေနှင့် စံသတ်မှတ်ချက်များဆိုင်ရာ သင်တန်း (International Media Law and Standards) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးတင့်ဆွေက သင်တန်းနှင့်ပတ်သက်သည့် လိုအပ်သည်များကို မှာကြားပြီး ဂျာမနီနိုင်ငံ (FES) အဖွဲ့အစည်း၏ ဌာနေကိုယ်စားလှယ် Mr.Konstantin Barwaldt နှင့် သင်တန်းပို့ချမည့် မီဒီယာဥပဒေအကြံပေး ပါမောက္ခ Mr.Venkat Iyer တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါ သင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအတွက် သတင်းမီဒီယာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဗဟုသုတများရှိစေရန်နှင့် ဥပဒေနှင့် စပ်လျဉ်းသည့် ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းများ သိရှိနားလည်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေခံသဘောတရားများ၊ အသရေဖျက်မှုဆိုင်ရာ ဥပဒေရေးရာများ၊ ထိခိုက်လွယ်သော ကိစ္စရပ်များတွင် သတင်းရယူဖော်ပြခြင်း၊ မူပိုင်ခွင့် အမျိုးသားလုံခြုံရေးနှင့် အများနှင့်သက်ဆိုင်သော ညွှန်ကြားချက်များ၊ ဖော်ပြရန်မသင့်သော ညစ်ညမ်းစာပေများ၊ အမျိုးသားလုံခြုံရေးနှင့် သတင်းရယူပိုင်ခွင့်များ၊ ရွေးကောက်ပွဲသတင်းရယူခြင်း၊ သတင်းမီဒီယာများအတွက် မိမိကိုယ်ကိုကြပ်မတ်ခြင်း စသည့် ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပို့ချမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် နိုင်ငံတကာမီဒီယာ ဥပဒေအကြံပေး ပါမောက္ခ Mr. Venkat Iyer က ဆွေးနွေးပို့ချမည်ဖြစ်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေရေးရာဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဌာနခွဲအသီးသီးမှ သတင်းမီဒီယာဆိုင်ရာ ဝန်ထမ်းများပါဝင်သော စုစုပေါင်း သင်တန်းသား ၄၀ ဖြင့် ဇွန် ၂၄ ရက်အထိ နှစ်ရက်တာ ပို့ချမည်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ (FES) အဖွဲ့အစည်းသည် ၂၀၀၈ ခုနှစ်ကတည်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများ နှိုင်းယှဉ်ဇယားစာအုပ်




**“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများ နှိုင်းယှဉ်ဇယား”** စာအုပ်အား ရောင်းဈေး ကျပ် ၈၀၀ ဖြင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့တို့ရှိစာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၄၁၄၆၈၁)၊ (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၃၀၁၈၆)တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် ဝယ်ယူလိုပါက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး ခိုင်မာသောဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်သွားကြရန် အတည်ပြု

နေပြည်တော် ဇွန် ၂၃

**(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်းသည့် နေပြည်တော်ကြေညာစာတမ်းကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။**

**အဆိုပါကြေညာစာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးဆိုင်ရာ နေပြည်တော် ကြေညာစာတမ်း

ကျွန်ုပ်တို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးကျင်းပရန် နေပြည်တော်တွင် စုဝေးရောက်ရှိခဲ့ကြသည်။

အက်မက်စ်နိုင်ငံများအကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတို့အား ပိုမိုခိုင်မြဲစေမည်ဟူသော သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပါသည်။

ကျွန်ုပ်တို့သည် အက်မက်စ် ၂၀၁၆-၂၀၁၈ လုပ်ငန်းစဉ်အား အတည်ပြုပါသည်။ ပုဂံကြေညာစာတမ်းဖော်ပြပါ ရည်ရွယ်ချက်၊ ဦးတည်ချက်များအပါအဝင် အက်မက်စ်၏ အဆက်ဆက်သော ကြေညာစာတမ်းများပါ ဦးတည်ချက်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ကြရန် ဆုံးဖြတ်အတည်ပြုထားပြီးသည်နှင့်အညီ အိမ်နီးချင်းကောင်းပီသမှုကို တည်ဆောက်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမြှင့်တင်ရေး၊ ကျွန်ုပ်တို့နိုင်ငံများတွင် ရေရှည်တည်တံ့သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်ရေးနှင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးကို အထောက်အကူပြုရေးတို့ ခိုင်မာသောဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်သွားကြရန် အတည်ပြုပါသည်။

အက်မက်စ်၏ ဗီယန်ကျင်းကြေညာစာတမ်းနှင့် ၎င်း၏ ၂၀၁၃-၂၀၁၅ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် အရေးပါသော အောင်မြင်မှုများအား ဝမ်းမြောက်စွာအသိအမှတ်ပြုပါသည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကျွန်ုပ်တို့သည် တစ်ဦးချင်းဖြင့်လည်းကောင်း၊ နှစ်နိုင်ငံချင်းလည်းကောင်း၊ စုရုံးပေါင်းစည်း၍လည်းကောင်း စွမ်းအားများအားကို နှစ်ဆစိုက်ထုတ်၍ ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော်သွားကြရန် သဘောတူပါသည်။

**ကျွန်ုပ်တို့မှ အောက်ပါအချက်များကို ကြေညာပါသည်-**

**၁။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် အောက်ပါတို့ကို သဘောတူပါသည်-**

(၁. ၁) ဟန္နိုင်းမြို့တွင်ပြုလုပ်သည့် တတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အက်မက်စ်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ ကြေညာစာတမ်းအား ဆက်လက်အကောင်အထည်ဖော်ရန်၊

(၁. ၂) ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ဖြစ်ထွန်းရေးအတွက် အက်မက်စ်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခမ်းအနားများ ပြပွဲများနှင့် ကုန်သွယ်ရေးဆိုင်ရာ အဖွဲ့များစေလွှတ်ခြင်းများ အပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ အက်မက်စ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ အထူးသဖြင့် အရှေ့တောင်အာရှဒေသအတွင်းရှိ နိုင်ငံများနှင့် အလားအလာရှိသော မိတ်ဖက်နိုင်ငံများအား အက်မက်စ်နိုင်ငံများမှ ကြီးမှူးကျင်းပသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့် ပြခန်းများတွင် ပူးပေါင်းပါဝင်စေခြင်းဖြင့် အက်မက်စ်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများကို ဒေသအတွင်းအပြင်နှင့် ကမ္ဘာ့ဈေးကွက်အထိ ချဲ့ထွင်နိုင်စေရေးကို ဆောင်ရွက်ပေးရန်၊

(၁. ၃) နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရရှိရေးကို ဆောင်ရွက်ရန်၊ အထူးသဖြင့် အက်မက်စ်နိုင်ငံများအချင်းချင်းမှသော်လည်းကောင်း၊ အခြားသော ဒေသအတွင်းနိုင်ငံများမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွဲဆောင်မှုအစီအစဉ်များကို သက်ဆိုင်ရာ မိမိတို့ပြည်တွင်းရှိ စည်းမျဉ်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ကြရန်၊

(၁. ၄) အက်မက်စ်နိုင်ငံများအတွင်း စီးပွားရေးဆောင်ရွက်နိုင်သည့် အနေအထားဖန်တီးနိုင်စေရန်အတွက် အက်မက်စ်နိုင်ငံများ၏ စီးပွားရေးကောင်စီနှင့် စီးပွားရေးအသိုက်အဝန်းများအတွင်း ပုံမှန်အစည်းအဝေးများ ကျင်းပရေးကို အားပေးရန်။

**၂။ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်ရေးတွင် အောက်ပါတို့ကို သဘောတူပါသည်-**

(၂. ၁) အက်မက်စ်နိုင်ငံများတွင် ဆန်စပါးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးအတွက် အက်မက်စ်နိုင်ငံများအတွက် ဆန်စပါးပူးပေါင်းဆောင်ရွက်ရေးယန္တရား အကောင်အထည်ဖော်ရေးမြန်ဆန်စေရန်၊

(၂. ၂) အက်မက်စ်နိုင်ငံများနှင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများအကြား ဆန်စပါးထုတ်လုပ်မှု တိုးမြှင့်၍ စားနပ်ရိက္ခာလုံလောက်မှုရှိစေရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် အားပေးရန်၊

(၂. ၃) အက်မက်စ်နိုင်ငံများအကြား စားနပ်ရိက္ခာဖူလုံရန်နှင့် လယ်သမားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် နည်းပညာနှင့်သတင်းအချက်အလက်များ ဖလှယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန်၊

(၂. ၄) စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေး ရည်မှန်းချက်အောင်မြင်စေရန်အတွက် အက်မက်စ်နိုင်ငံများ အကြား National Zero Hunger Challenge အစီအစဉ် အကောင်အထည်ဖော်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊

(၂. ၅) အက်မက်စ်နိုင်ငံများအကြား ဈေးကွက်တည်ငြိမ်မှုနှင့်စားနပ်ရိက္ခာဖူလုံမှု တိုးမြှင့်စေရန်အတွက် အက်မက်စ်နိုင်ငံများတွင် နှစ်နိုင်ငံနှင့် နိုင်ငံစုံလယ်ယာကဏ္ဍသဘောတူညီချက်အား ထိရောက်သည့် ယန္တရားအဖြစ် အကောင်အထည်ဖော်ရေးအတွက် အားပေးရန်။

**၃။ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတွင် အောက်ပါတို့ကို သဘောတူပါသည်-**

(၃. ၁) အတွေ့အကြုံနှင့် သတင်းအချက်အလက်များဖလှယ်ရေးတို့နှင့် အလားတူထုတ်လုပ်ရေးဆိုင်ရာ နည်းပညာလွှဲပြောင်းခြင်း၊ စွမ်းအင်ဆိုင်ရာထိရောက်သည့်နည်းပညာများ၊ ဇီဝစွမ်းအင်နှင့် ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးချခြင်းနှင့် ထုတ်လုပ်ခြင်းတို့အား အားပေးရန်နှင့် အက်မက်စ်နိုင်ငံများအတွင်း ကောင်းမွန်ထိရောက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ဆီလျော်သည့် သတ်မှတ်အဆင့်အတန်း တိုးမြှင့်ရန်၊

(၃. ၂) စဉ်ဆက်မပြတ်နှင့်သဘာဝပတ်ဝန်းကျင် အထောက်အကူပြုစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖြည့်တင်းနိုင်သည့်စွမ်းအင်နှင့် စွမ်းအင်ပြည့်ဝမှုနှင့် ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန်ထားရှိသည့် ကတိကဝတ်ကို ပြန်လည်အတည်ပြုရန်၊

(၃. ၃) လျှပ်စစ်ဖြန့်ဖြူးရေး ကြိုးလိုင်းများနှင့် အက်မက်စ်နိုင်ငံများအတွင်း ဆက်သွယ်ရေးကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရန်၊

(၃. ၄) အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများအား ပုံမှန်စီမံကျင်းပခြင်းအားဖြင့် အက်မက်စ်နိုင်ငံများအတွင်း စက်မှုလုပ်ငန်းမူဝါဒ၊ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအား ဆက်လက်မြှင့်တင်ရန်၊

(၃. ၅) အက်မက်စ်နိုင်ငံများ၏ နယ်စပ်ဒေသများတွင် စက်မှုဇုန်၊ အထူးနှင့် သီးသန့်စီးပွားရေးဇုန်များ တည်ထောင်ရေးနှင့် အခြားအရှေ့-အနောက် စီးပွားရေးစင်္ကြံ East-West Economic Corridor (EWEC)၊ တောင်-မြောက် စီးပွားရေးစင်္ကြံ North-South Economic Corridor (NSEC)နှင့် တောင်ဘက်ခြမ်း စီးပွားရေးစင်္ကြံ Southern Economic Corridor များတစ်လျှောက် အလားအလာရှိသောဒေသများနှင့် Green Growth နှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအား ဦးတည်ဆောင်ရွက်သည့် စင်္ကြံများ အချင်းချင်းဆက်သွယ်ရေး "Inter-corridor Linkages" များ တည်ထောင်ခြင်းကို တိုက်တွန်းအားပေးရန်၊

(၃. ၆) သတ္တုတူးဖော်ခြင်းနှင့် ဓာတ်သတ္တုရှာဖွေအသုံးပြုမှု၊ စဉ်ဆက်မပြတ် ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှု၊ ရေနံနှင့် ဓာတ်ငွေ့ရှာဖွေခြင်း၊ ဓာတုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ထုတ်လုပ်ခြင်းနှင့် အစားအသောက်ထုပ်ပိုးခြင်းနှင့် အထည်အလိပ်လုပ်ငန်းတို့ဖြစ်သည့် အလားအလာရှိသည့် စက်မှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ခြင်းနှင့် စက်မှုလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးတွဲသုတေသနပြုခြင်းတို့အား မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းတို့အား တိုက်တွန်းအားပေးရန်၊

(၃. ၇) နည်းပညာ၊ ဘဏ္ဍာငွေကြေး၊ စည်းမျဉ်းဥပဒေ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်ရှိရေး စသည့်စိန်ခေါ်မှုများရှိနေသည့် အသေးစားလုပ်ငန်းများ (SMEs) ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးမြှင့်တင်ရန်၊ အသေးစားလုပ်ငန်းများ (SMEs)အတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာသတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေခြင်းဖြင့် ကမ္ဘာ့ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းကြီးအတွင်း ချိတ်ဆက်ပါဝင်လာနိုင်စေရေးဆောင်ရွက်ကြရန်၊ အသေးစားလုပ်ငန်းများ(SMEs)အတွက် နည်းပညာရရှိရေး၊ တီထွင်ကြံဆမှု ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးခိုင်မာစေခြင်း၊ စီးပွားရေးကျဆင်းမှုဒဏ်ကို ခံနိုင်ရည်ရှိစေခြင်း စသည်ဖြင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ဝန်ဆောင်မှုများပေးခြင်းကို ဆောင်ရွက်ပေးရန်။

**၄။ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အောက်ပါတို့ကို သဘောတူညီပါသည်-**

(၄. ၁) အက်မက်စ်နိုင်ငံများအတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသည်ကဏ္ဍတိုးမြှင့်စေရန်အတွက် ဘက်စုံသယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးကွန်ရက်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရန်၊ လက်ရှိစီးပွားရေးစင်္ကြံများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကွန်ရက်အား အပြည့်အဝအသုံးပြုရေး အထူးသဖြင့် the East-West Economic Corridor(EWEC)၊ North-East Economic Corridor(NSEC)နှင့် မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်ရှိ Southern Economic Corridor(SEC)တို့အား ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် သို့ဖြစ်ပါ၍ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၏ EWEC ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အတွင်း တိုးတက်အောင်မြင်မှုများအား ကြိုဆိုကြောင်း၊

(၄. ၂) အက်မက်စ်အဖွဲ့ဝင်နိုင်ငံအတွင်း ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များရှိရာ အဓိကမြို့များအကြား လေကြောင်းဆက်သွယ်မှုအပါအဝင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများအား အထောက်အကူပြုစေမည့် ရထားလမ်းများနှင့် လမ်းသွယ်လမ်းခွဲများအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားရန်၊

(၄. ၃) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိပို့ဆောင်ရေးလမ်းကြောင်းများ ပိုမိုဖွံ့ဖြိုးစေရန်နှင့် အထိရောက်ဆုံးအသုံးချသွားနိုင်ရန်အတွက် အရှေ့အနောက် စီးပွားရေးစင်္ကြံနိုင်ငံများ၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်ခိုင်မာတောင့်တင်းလာစေရေးအတွက် အားပေးတိုက်တွန်းသွားရန်၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ၂၀၁၅ ခုနှစ် မေလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် အရှေ့အနောက် စီးပွားရေးစင်္ကြံနိုင်ငံများ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကို ကြိုဆိုကြောင်းနှင့်

(၄. ၄) မကြာသေးမီက ထိုင်းနိုင်ငံမှ အတည်ပြုခဲ့သည့် ကျန်ရှိနေသေးသော ဂျီအမ်အက်စ်-စီဘီတီအေ နောက်ဆက်တွဲအား ကြိုဆိုခဲ့ပြီး အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်သူနှင့် ကုန်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှုအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ဂျီအမ်အက်စ်-စီဘီတီအေ နောက်ဆက်တွဲနှင့် နောက်ဆက်တွဲစာချုပ်ကို အပြည့်အဝ အတည်ပြုလက်ခံသွားနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသွားရန်။

**၅။ ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူညီခဲ့ကြသည်-**

(၅. ၁) “(၅) နိုင်ငံ ခရီးစဉ်တစ်ခု”၏ သဘောထားအား ဖော်ဆောင်သွားနိုင်ရေးအတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှုကို တိုးမြှင့်သွားရန်နှင့် ပူးတွဲခရီးသွားလာမှု ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေး၊ ပူးတွဲလှုပ်ရှားဆောင်ရွက်မှု အစီအစဉ်တို့အား ဆောင်ရွက်သွားရန်၊

(၅. ၂) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သည့် အထောက်အပံ့များ အထူးသဖြင့် ဗီဇာနှင့် သယ်ယူပို့ဆောင်ရေးလွယ်ကူစေရန် အစီအမံများ ဆောင်ရွက်သွားရန်နှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား အက်မက်စ်ဗီဇာတစ်ခုတည်းဖြင့် သွားလာနိုင်ရေးအား အကောင်အထည်ဖော်မှုကို မှတ်သားရန်၊

(၅. ၃) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ အတတ်ပညာကျွမ်းကျင်မှုနှင့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို မြှင့်တင်ဆောင်ရွက်သွားရန်နှင့်

(၅. ၄) အက်မက်စ်အဖွဲ့ဝင် နိုင်ငံများဒေသတွင်း၌ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသည့် အစိမ်းရောင်ခရီးသွားလုပ်ငန်းနှင့် တာဝန်သိခရီးသွားလုပ်ငန်းကို အားပေးမြှင့်တင်သွားရန်။

**၆။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်-**

(၆. ၁) ပုဂ္ဂလိကကဏ္ဍများအပါအဝင် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ပညာသင်ဆုများ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများနှင့် အတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို ထောက်ပံ့ပေးသွားရန်၊

(၆. ၂) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၌ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အထူးသဖြင့် အဆင့်မြင့်ပညာရေး၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများနှင့် အတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအကြား မိတ်ဖက်လုပ်ငန်းများနှင့် ချိတ်ဆက်မှုများကို အားပေးမြှင့်တင်သွားရန်၊

(၆. ၃) အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် လေ့ကျင့်ရေးသင်တန်းများ၌ ပါဝင်ဆောင်ရွက်ရန်နှင့်ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများ ထောက်ပံ့ပေးအပ်သွားရန်အတွက် ဖွံ့ဖြိုးတိုးတက်ပြီးသည့် မိတ်ဖက်နိုင်ငံများကို အားပေးတိုက်တွန်းသွားရန်၊

(၆. ၄) အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၌ ပညာရေးအဖွဲ့အစည်းများအကြား မိတ်ဖက်လုပ်ငန်းများနှင့် ကွန်ရက်များ တည်ထောင်ခြင်းအား ဆက်လက်အားပေးသွားရန်၊

**စာမျက်နှာ ၅ သို့**



(၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် ဒေသတွင်းပညာရေးဖွံ့ဖြိုးတိုးတက်မှုအပြင် မဲခေါင်တက္ကသိုလ်ထူထောင်သွားလို

**နေပြည်တော်　　ဇွန်　၂၃**

(၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး၏ နေပြည်တော်ကြေညာချက်တွင် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ် ၂၀၁၆-၂၀၁၈ ကို အတည်ပြုသည်။

ထို့နောက် (၇) ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးဆက်လက်ကျင်းပမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာက ဆွေးနွေးပြောကြားသည်။

ယင်းနောက် (၆) ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)၏ အဖွဲ့ဝင်နိုင်ငံများအကြားတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ဟူသည့် အဓိကကဏ္ဍကြီး (၈) ရပ်တွင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါကြောင်း။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိက မှီခိုအားထားနေရသော ကဏ္ဍဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးသည် ဦးစားပေးကဏ္ဍဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု ဘုံစီမံကိန်းနှင့် နှစ်နိုင်ငံချင်း စီမံကိန်းများ အောင်မြင်ရေးများသည် များစွာအရေးကြီးပါကြောင်း။

ထို့ကြောင့် အက်မက်စ်အဖွဲ့ဝင် နိုင်ငံများအကြား ဆန်စပါးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တစ်ရပ် ဖွဲ့စည်းထူထောင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဆန်စပါးထုတ်လုပ်မှု တိုးမြင့်စေရန်နှင့် စားနပ်ရိက္ခာ လုံခြုံစိတ်ချမှုရှိစေရန် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များအကြား ညှိနှိုင်းဆွေးနွေးမှုများ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုတိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ဦးစားပေးသည့်လုပ်ငန်းများ၊ တန်ဖိုးမြှင့်ပို့ကုန် ဦးစားပေးသည့် လုပ်ငန်းများနှင့် အဆင့်မြင့်နည်းပညာကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဦးစားပေးအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ လုပ်သားအင်အား အများအပြားအသုံးပြုရသော စက်မှုလုပ်ငန်းများ ဖြစ်ကြသည့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုကဏ္ဍများသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကဦးစားပေးကဏ္ဍများ ဖြစ်ပါကြောင်း။

စွမ်းအင်ကဏ္ဍ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့်လုပ်ငန်းများတွင် ပြည်ပအရင်းအနှီးနှင့် နည်းပညာများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် ပူးတွဲကုန်သွယ်ရေးကော်မရှင်များ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အက်မက်စ်နိုင်ငံများအကြား တည်ရှိနေသည့် စီးပွားရေးစင်္ကြံများနှင့် လမ်းပိုင်းများကို အပြည့်အဝထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက်လည်း မိမိတို့အကြား ခိုင်မာစွာပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများရှိ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများတွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရန် အဖွဲ့ဝင်နိုင်ငံများမှ ယဉ်ကျေးမှုအမွေအနှစ် ထွန်းကားရာဒေသများ တည်ရှိကြသည့် မြို့ကြီးများအကြား လေကြောင်းဆက်သွယ်မှုများ တိုးမြှင့်ရေး၊ မီးရထားလမ်းနှင့် သယ်ယူပို့ဆောင်ရေးလမ်းပိုင်းများ ဖြစ်ထွန်းပေါ်ထွက်လာရေးအတွက်လည်း မိမိတို့ ဆက်လက်ကြိုးပမ်းသွားကြရန် လိုအပ်ပါကြောင်း၊ အက်မက်စ်နိုင်ငံများအကြား **ငါးနိုင်ငံခရီးစဉ်တစ်ခု** အစီအစဉ်ကို မြှင့်တင်အကောင်အထည်ဖော်သွားကြရန် လိုအပ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကဏ္ဍတွင်ပါဝင်သည့် ပညာရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများအကြား အခြေခံပညာသင်ယူမှုအခွင့်အလမ်းများနှင့် အရည်အသွေးတိုးမြှင့်မှုလုပ်ငန်းနယ်ပယ်များတွင် ဆွေးနွေးပွဲများကျင်းပ၍ အတွေ့အကြုံကောင်းများ၊ နည်းလမ်းကောင်းများကို ဆွေးနွေးဖလှယ်သွားလိုပါကြောင်း။

**မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် ဒေသတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပြင် မဲခေါင်တက္ကသိုလ် ထူထောင်သွားလိုပါကြောင်း၊ မဲခေါင်တက္ကသိုလ်ကို ရှမ်းပြည်နယ်တွင် ထူထောင်နိုင်မည်ဆိုလျှင် မဲခေါင်ဒေသတွင်းရှိ နိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပါကြောင်း။**

ကျန်းမာရေးကဏ္ဍတွင် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်ဒေသအတွင်း ကူးစက်ရောဂါများနှင့် တစ်ကျော့ပြန်ကူးစက်ရောဂါများ တိုက်ဖျက်ရေးအတွက် ဒေသတွင်း နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် အီဘိုလာ ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု၊ မားစ်ရောဂါ ကူးစက်ပြန့်ပွားမှု စသည့် နိုင်ငံဖြတ်ကျော်ခြိမ်းခြောက်သည့် ကူးစက်ပြန့်ပွားတတ်သည့် ရောဂါများကို ပူးပေါင်းထိန်းချုပ်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၄ မှ**

(၆. ၅)　အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအား တရားဝင်အသိအမှတ်ပြုထားသော စံနှုန်းများနှင့် တတ်ကျွမ်းမှု အသိအမှတ်ပြုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊

(၆. ၆)　သင့်လျော်သည့် မူဝါဒများရေးဆွဲချမှတ်ရေးနှင့် အတွေ့အကြုံများ မျှဝေခြင်းမှတစ်ဆင့် ကျွမ်းကျင်သည့် လုပ်သားအင်အားများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်တစ်ခု ဖန်တီးသွားရန်နှင့်

(၆. ၇)　သက်ဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်စပ်ပတ်သက်မှုရှိသူများအကြား ပူးပေါင်းဆောင်ရွက်လျက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့် လုပ်သားစွမ်းဆောင်ရည်သင်တန်းများအား အားပေးထောက်ပံ့၍ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ အခန်းကဏ္ဍကို တိုးမြှင့်သွားရန်၊

**၇။　ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်-**

(၇. ၁)　ပူးပေါင်းဆောင်ရွက်မှုများအား ခိုင်မာလာစေရန်နှင့်ကူးစက်ရောဂါ စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေခြင်းကို ကူညီပံ့ပိုးပေးသွားရန်နှင့် အထူးသဖြင့် နယ်စပ်ဒေသများနှင့် လူသားများ-တိရစ္ဆာန်များထိတွေ့မှုရှိသည့် ပတ်ဝန်းကျင်တို့၌ ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် ထပ်မံဖြစ်ပွားလာမှုများအား ဘက်စုံပူးပေါင်းတုံ့ပြန်သွားရန်နှင့် အကောင်းဆုံးသော လုပ်နည်းလုပ်ဟန်များကို ဖြန့်ဝေပေးခြင်းဖြင့် ရောဂါများကို တားဆီးကာကွယ်ထိန်းချုပ်သွားရန်နှင့်

(၇. ၂)　လူသားနှင့် တိရစ္ဆာန်များ ကျန်းမာရေးကဏ္ဍတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များအား အားပေးမြှင့်တင်သွားရန်၊

(၇. ၃)　အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၌ ပြည်သူများ၏ လူမှုဘဝလုံခြုံမှု၊ ကျန်းမာရေးစောင့်ရှောက်ရေး ဝန်ဆောင်မှုနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် လူမှုဖူလုံရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံကောင်းများ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား မျှဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန်၊

**၈။　ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူခဲ့ကြပါသည်။**

(၈. ၁)　အက်မက်စ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကိုလည်း ဆက်စပ်စဉ်းစားထည့်သွင်းရေးအတွက် သန္နိဋ္ဌာန်ချထားမှုကို ထပ်လောင်းအတည်ပြုရန်၊

(၈. ၂)　ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဧရာဝတီ၊ ကျောက်ဖယားနှင့်မဲခေါင်မြစ်များ၏ သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် အသုံးပြုသွားနိုင်ရေးတို့အတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊

(၈. ၃)　ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးသွားရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းသွားရန်အတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်သာမက အက်မက်စ်အဖွဲ့ဝင်မဟုတ်သော အခြားနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားရန်၊

**၉။　ငွေကြေးနှင့် အခြားအရင်းအနှီးများ စုဆောင်းရရှိရေးနှင့် စပ်လျဉ်း၍ မိမိတို့အကြား သဘောတူထားသည့် အက်မက်စ်စီမံကိန်းများ၌ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့များပါဝင်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့များအား အက်မက်စ်စီမံကိန်းများနှင့် အစီအစဉ်များတွင် ပိုမိုပါဝင်လာစေရေးအတွက် အားပေးတိုက်တွန်းသွားရန် သဘောတူခဲ့ကြပါသည်။**

**၁၀။　မဲခေါင်ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ရှေးရှုလျက် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များနှင့် အက်မက်စ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ယန္တရားများကို အသေးစိတ်ပြန်လည်သုံးသပ်၍ အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် ပိုမိုထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးသို့ အစီရင်ခံတင်ပြသွားရန် မိမိတို့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ညွှန်ကြားခဲ့ကြပါသည်။**

**၁၁။　သတ္တမအကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် ကမ်းလှမ်းလာမှုအပေါ် ကြိုဆိုလိုက်ပြီး ထိပ်သီးအစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် နေရာကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

**၁၂။　အက်မက်စ်အဖွဲ့ဝင်နိုင်ငံများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအား နွေးထွေးစွာ ဧည့်ဝတ်ကျေပွန်မှုနှင့် ထိပ်သီးအစည်းအဝေးအား အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးအတွက် လိုလေသေးမရှိအောင် ပြင်ဆင်ထားမှုများအတွက် ကျေးဇူးဥပကာရတင်ရှိကြပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ ၂၀၁၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။

# နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်




**နေပြည်တော် ဇွန် ၂၃**

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် အက်မက်စ်အဖွဲ့ဝင် ငါးနိုင်ငံမှ အက်မက်စ်ပူးတွဲစီးပွားရေးကောင်စီ အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ငြိမ်းချမ်းမှုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ဈေးကွက်ယန္တရားသွက်လက်မှု မရှိသေးသော်လည်း ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ဈေးကွက်စီးပွားရေးစနစ် ရှင်သန်လာခဲ့ပြီးဖြစ်ပါ ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုရင်းနှီးကျွမ်းဝင်စေပြီး ပွင့်လင်းမြင်သာမှုရှိ၍ လုံခြုံမှုရှိစေမည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်ရည်ရွယ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုကို ပေါင်းစည်းရန် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ အကူအညီဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံသည့် ပမာဏမှာ ၂၀၁၄ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိလာခဲ့ရာလွန်ခဲ့သည့် ၂၀၁၂-၂၀၁၃ ကာလကထက် သုံးဆတိုးမြင့်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုသည်၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်အထိ နိုင်ငံပေါင်း ၃၈ နိုင်ငံတို့က စီးပွားရေးကဏ္ဍ ၁၂ ခု၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၉၁၅ ခု ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်ပါကြောင်း၊ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် ပထမနေရာမှ ဦးဆောင်သည့်ကဏ္ဍမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၄ ဒသမ ၇၉ ရာခိုင်နှုန်းရှိနေကြောင်း၊ ဒုတိယကဏ္ဍမှာ လျှပ်စစ်ကဏ္ဍဖြစ်ကာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိပါကြောင်း၊ တတိယအနေဖြင့် ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၉ ဒသမ ၉၃ ရာခိုင်နှုန်းရှိပါကြောင်း။

ယခင်က သဘာဝအရင်းအမြစ်အပေါ်အခြေခံသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု များပြားခဲ့ရာမှ ယခုအခါတွင် စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများ၌လည်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်လာခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိရေးကို ဦးစားပေးသည့် လုပ်ငန်းများ၊ တန်ဖိုးမြှင့်ပို့ကုန် ဦးစားပေးသည့် လုပ်ငန်းများနှင့် အဆင့်မြင့်



**ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်။**

နည်းပညာကို အသုံးပြုကာ အရင်းအမြစ်အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကမ္ဘာပေါ်တွင် သွားရောက်လည်ပတ်မှုပြုသင့်သည့် အသွားသင့်ဆုံးနိုင်ငံများအနက်မှ ထိပ်ဆုံးသုံးနိုင်ငံစာရင်းတွင် သုံးနှစ်ဆက်တိုက် ပါဝင်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ၂ ဒသမ ဝ၄ သန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ဝ၈ သန်းအထိ တိုးတက်လာ၍ တိုးတက်မှု ၅၁ ရာခိုင်နှုန်းအထိရှိခဲ့ပါကြောင်း။

ခရီးသည် ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ပထမ လေးလအတွင်း ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု တစ်သန်းကျော်အထိရှိပြီး တစ်နှစ်လုံးအတွက် ခရီးသွား ငါးသန်းလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် အာဆီယံနှင့် သော်လည်းကောင်း၊ တရုတ်၊ အိန္ဒိယတို့နှင့်သော်လည်းကောင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိနေသည့်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လာရောက်ပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။



**လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်။**

ထို့နောက် အက်မက်စ်ပူးတွဲစီးပွားရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အက်မက်စ်စီးပွားရေးကောင်စီအနေဖြင့် ဘတ်ငွေ နှစ်သန်းကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံအတွင်း သယ်ယူနိုင်ခွင့်ရှိစေရန် စည်းမျဉ်းများဖြေလျှော့ပေးခြင်းနှင့် ထိုင်းနိုင်ငံရှိ ဘဏ်များတွင် ထိုင်းဘတ်ငွေမှ ပြည်တွင်းသုံးငွေ လဲလှယ်ပေးခြင်း ဝန်ဆောင်မှုများကို စတင်ဆောင်ရွက်ပေးခြင်းတို့မှာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများကို အထောက်အကူဖြစ်စေမည့်အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းငွေကြေးသုံးစွဲမှုကို ပိုမိုအားပေးစေသဖြင့် အက်မက်စ် စီးပွားရေးကောင်စီအနေဖြင့် ကြိုဆိုအသိအမှတ်ပြုပါကြောင်း။

အက်မက်စ်ဒေသတွင်း ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ယာမြေကန်ထရိုက်စနစ်ဖြင့် ပိုမိုဆောင်ရွက်လာနိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန်နှင့် နယ်စပ်ဒေသများအပါအဝင် အခြားဒေသများတွင်လည်း ယာမြေကန်ထရိုက်စနစ်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း၊ အက်မက်စ်နိုင်ငံများ၏ **“ငါးနိုင်ငံခရီးစဉ်တစ်ခု”** ဆောင်ပုဒ်ကို အကောင်အထည်ဖော်



**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုဒ် ချန်အိုချာ။**

ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဆောင်ရွက်နေသကဲ့သို့ ကျန်ရှိနေသည့် နိုင်ငံများကိုလည်း ACMECS Single Visa Scheme သို့ ဝင်ရောက်နိုင်ပါရန် တိုက်တွန်းအကြံပြုလိုပါကြောင်း။

ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေးအတွက် ၂၀၀၇ ခုနှစ် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများ အကာအကွယ်ပေးရေးနှင့် မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကမ္ဘောဒီးယားဝန်ကြီးချုပ်က ဒေသအတွင်းရှိ ကုန်သွယ်မှုများကို မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာလုပ်ဆောင်နိုင်ရေး၊ ဒေသတွင်းပေါင်းစည်းမှုမြှင့်တင်ရေး၊ စီးပွားရေးမြှင့်တင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှုများကို လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ အင်စတီကျူးရှင်းနယ်ချိတ်ဆက်မှု၊ East Economic Integration ရရှိရန် လိုအပ်ပါကြောင်း၊ ရေရှည်တွင် လယ်ယာကဏ္ဍ ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။



**ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း။**

ထို့အတူ လာအိုဝန်ကြီးချုပ်က ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ကုန်စည်ပြပွဲကျင်းပရန်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကို တိုးမြှင့်ရန်၊ မဲခေါင်ဒေသရှိ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နိုင်ငံတကာနှင့်ပြည်တွင်း လေဆိပ်များ အဆင့်မြှင့်တင်ရန်၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍကို အားပေးပြီးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်တို့အတွက် လုပ်ငန်းရှင်များအနေဖြင့် အခွင့်အလမ်းများဖန်တီးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းဝန်ကြီးချုပ်က ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူပိုင်ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် လုပ်ဆောင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံနှင့် အက်မက်စ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတွင် အလားအလာကောင်းကြောင်း၊ နယ်စပ်ကုန်သွယ်ရေး မြှင့်တင်ရန်နှင့် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အက်မက်စ်နိုင်ငံများသည် ယဉ်ကျေးမှု၊ သဘာဝအခြေခံခရီးသွားစသည့် အခြေခံကောင်းများရှိ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍသည် အရေးပါသဖြင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှင့် ပြည်သူပိုင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ဝင်ငွေပိုမိုရရှိအောင် လုပ်ဆောင်ပြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ်က မိမိတို့တွင် ကုန်ထုတ်လုပ်ရေးအတွက် ကောင်းမွန်သော အလားအလာကောင်းများရှိကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆက်ဆံမှု မြှင့်တင်ရန်၊ စီးပွားရေးစကြံများ မြှင့်တင်ရန်၊ အရင်းအမြစ်များ စုဆောင်းဖော်ဆောင်ရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လျက်ရှိပြီး နိုင်ငံတကာပေါင်းစည်းမှုကို မြှင့်တင်လျက်ရှိပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးနှင့်အတူ စီးပွားရေး အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးလျက်ရှိပါကြောင်း၊ ယူအက်စ်၊ အီးယူ၊ တရုတ်၊ ရုရှားတို့နှင့်ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်



**အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်။**

လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ကလည်း ဒေသတွင်းစီးပွားရေးနှင့် ဖွံ့ဖြိုးရေးတွင် ပုဂ္ဂလိကကဏ္ဍသည်ပို၍ အရေးပါလာသဖြင့် ဒေသအတွင်းငြိမ်းချမ်းရေးနှင့် စည်ပင်ဝပြောရေးသည် အရေးကြီးပါကြောင်း၊ အာဆီယံ၏ ဂျီဒီပီ မြင့်တက်လာမှုနှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အာဆီယံကုန်သွယ်မှုပမာဏမှာလည်း မြင့်တက်လာပါကြောင်း၊ ဆက်လက်ပြီး မြင့်တက်လာမည်ဟုမျှော်လင့်ပါကြောင်း၊ အာဆီယံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်၊ ကိုရီးယား၊ ဂျပန်တို့နှင့် ရင်းနှီးစွာပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံဒေသသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ကျယ်ဝန်းသော နေရာတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အက်မက်စ်ပူးတွဲစီးပွားရေးကောင်စီအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတွင် ဦးဆောင်နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကျင်းပခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) သန္တာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခုကျင်းပခဲ့သည့် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများတွင် မိမိနှင့်အတူ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပြီး မိမိတို့နိုင်ငံများနှင့် ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး ပူးတွဲကြေညာချက်၊ ကြေညာစာတမ်းနှင့် လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်ခဲ့ပါကြောင်း။

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ဇွန် ၂၂ ရက်က ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးချုပ်များ အတူတကွတက်ရောက်ခဲ့ကြပြီး စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို နယ်ပယ်အသီးသီးတွင် ဆက်လက်အရှိန်အဟုန် မြှင့်တင်သွားနိုင်ရန် ဆွေးနွေးခဲ့ကြပါကြောင်း။

ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုမြှင့်တင်ရန်နှင့် အာဆီယံအဖွဲ့အတွင်း ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရန်အတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်မှ စတင်ခဲ့သည်မှာ ယခုဆိုလျှင် ၁၂ နှစ်တာကာလသို့ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း။

မိမိတို့ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားလာသည့်အတွက် ၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့၏ စုစုပေါင်းကုန်သွယ်မှုသည် အာဆီယံစုစုပေါင်းကုန်သွယ်မှု၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်းသို့ရောက်ရှိလာခဲ့ပါကြောင်း၊ ထိုကဲ့သို့ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်နေသည်ကို ပြသနေခြင်းလည်းဖြစ်ပါကြောင်း။

စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်လာစေရန်အတွက် မိမိတို့ လေးနိုင်ငံအတူတကွပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရှေ့လာမည့်အနာဂတ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များကို ထင်ဟပ်ဖော်ပြသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ယခုထိပ်သီးအစည်းအဝေးက တညီတညွတ်တည်း ထုတ်ပြန်ခဲ့ပါကြောင်း။

ယခုထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် မိမိတို့ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့် မိတ်ဆွေကောင်းပီသမှုနှင့် အိမ်နီးချင်းကောင်းပီသမှုများဖြင့် မိမိတို့နိုင်ငံများ အကျိုးရှိစေရေး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အရှေ့တောင်အာရှဒေသကြီး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးကို ပိုမိုခိုင်မာအောင် ပြုလုပ်သွားကြမည်ဆိုသည့် မိမိတို့၏ သဘောထားကို ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံ နေပြည်တော်တွင် ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည့် စီအယ်လ်အမ်ဗွီ လေးနိုင်ငံ စီးပွားရေးဝန်ကြီးများ၏ ဆဋ္ဌမအကြိမ်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့် အဆိုပါအစည်းအဝေးက ၂၀၁၅ ခုနှစ်အတွက် စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ်များချမှတ်နိုင်ခဲ့ခြင်းကိုလည်း မိမိတို့အသိအမှတ်ပြုကြပါကြောင်း။

စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်သွားကြရန်နှင့် အခြားပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင် ဆောင်ရွက်သွားကြရန်လည်း အလေးထားဆွေးနွေးခဲ့ကြပါကြောင်း။

စီအယ်လ်အမ်ဗွီနိုင်ငံများတွင် မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် ဦးဆောင်နိုင်ငံဖြစ်သည်နှင့်အညီ အဆိုပါကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားကြရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွဲဆောင်မှုများ ပြုလုပ်သွားကြရန်လည်း ဆွေးနွေးသဘောတူညီခဲ့ကြပါကြောင်း။




ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ၂၀၁၄ ခုနှစ်အတွင်း စီအယ်လ်အမ်ဗွီနိုင်ငံများသို့ ကမ္ဘာလှည့်ခရီးသည် ၁၉ ဒသမ ၆သန်း လာရောက်ခဲ့သည်ကို အားရကျေနပ်ဖွယ်တွေ့ရပြီး စီအယ်လ်အမ်ဗွီဒေသခွဲနိုင်ငံများသည် ကမ္ဘာလှည့်ခရီးသည်များ၏ ဦးတည်ရာလမ်းကြောင်းတစ်ခုအဖြစ် ဆက်လက်ဆွဲဆောင်သွားနိုင်ရေး ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားကြရန် သဘောတူခဲ့ကြပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် တတိယအကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ကိုလည်း ထိပ်သီးအစည်းအဝေးက ကြိုဆိုခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံက (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခွင့်ရသည့်အတွက်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ လာမည့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ကိုလည်း ကြိုဆိုပါကြောင်းနှင့် အောင်မြင်မှုရရှိစေရန် မြန်မာနိုင်ငံက အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

(၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်ပြီး ပြောကြားရလျှင် မြန်မာနိုင်ငံ ပုဂံမြို့တွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည့် ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးအပြီးတွင် စတင်ပေါ်ပေါက်လာခဲ့သည့် ဧရာဝတီ- ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်)၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခွင့်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ပုဂံကြေညာစာတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များမှ တစ်ဆင့် အခြေတည်ခဲ့သည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့် ၁၃ နှစ်အတွင်း တိုးတက်လျက်ရှိပါကြောင်း၊ အက်မက်စ်၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအားလုံး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ မျှတစွာဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်လာစေရေးအတွက် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်သွားနိုင်ရန် ယခုထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုံညီစွာတက်ရောက်ကာ အတူတကွဆွေးနွေးခဲ့ကြပါကြောင်း၊ ယနေ့ကျင်းပသည့် (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် "နေပြည်တော်ကြေညာစာတမ်း"နှင့် "အက်မက်စ်လုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၁၈"တို့ကို ထုတ်ပြန်ခဲ့ကြပါကြောင်း။

အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးသည့်အစီအစဉ်တစ်ခုလည်း ပါဝင်ခဲ့ပြီး နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍပါဝင်အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပါကြောင်း။

အစည်းအဝေးကထုတ်ပြန်ခဲ့သည့် နေပြည်တော်ကြေညာစာတမ်းနှင့် အက်မက်စ်လုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၁၈ တို့တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးအတွက် အက်မက်စ်နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲများပြုလုပ်ရေး၊ မိတ်ဖက်များနှင့်လည်း ကုန်စည်ပြပွဲများ ပိုမိုပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် ဆွဲဆောင်မှုများ ပြုလုပ်သွားရေး၊ စီးပွားရေးအထောက်အကူဖြစ်စေသည့် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရေးတို့ကို တိုက်တွန်းဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံကဦးဆောင်သည့် ကဏ္ဍတစ်ခုဖြစ်သည့် လယ်ယာကဏ္ဍတွင် အက်မက်စ်နိုင်ငံများအကြား National Zero Hunger Challenge အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်မည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များကို အကောင်အထည်ဖော်မှု တိုးမြှင့်သွားကြရန် ရှိပါကြောင်း။

စက်မှုနှင့်စွမ်းအင်ကဏ္ဍတွင် အတွေ့အကြုံနှင့် သတင်းအချက်အလက်ဖလှယ်ရေး၊ နည်းပညာလွှဲပြောင်းမှုပြုလုပ်နိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေမည့် စွမ်းအင်ဖွံ့ဖြိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စက်မှုဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို ပုံမှန်ကျင်းပသွားရေးကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် "ငါးနိုင်ငံခရီးစဉ်တစ်ခု"အစီအစဉ် မြှင့်တင်နိုင်ရေးအတွက် အစီအစဉ်များ ဈေးကွက်တိုးချဲ့ရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သွားရန် တိုက်တွန်းထားပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အက်မက်စ်နိုင်ငံများအကြားတွင် အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် ကျွမ်းကျင်မှုပညာရပ်များ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဏ္ဍတွင် ကူးစက်တတ်သောရောဂါများကာကွယ်ထိန်းချုပ်ရေးအတွက် သတင်းအချက်အလက်များဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လူမှုဖူလုံရေးဖွံ့ဖြိုးမှုအစီအစဉ်များတွင် အတွေ့အကြုံများ ဖလှယ်ရေး၊ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရေးတို့ကို တိုက်တွန်းထားပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ပြီး လာမည့် (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ကိုလည်း ဂုဏ်ပြုကြိုဆိုခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်က တာဝန်ယူပြီးသည့်နောက်တွင် ယခုကဲ့သို့ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အစည်းအဝေးများကို လက်ခံကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို မျက်မြင်လေ့လာခွင့်ရခဲ့သကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည့် အခွင့်အလမ်းများကိုလည်း ပူးပေါင်းရှာဖွေဖော်ထုတ်ခဲ့ကြပါကြောင်း။

ယခုကဲ့သို့ ထိပ်သီးအစည်းအဝေးများအတွင်း မိမိတို့ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့ပါ ရင်းနှီးခင်မင်စွာတွေ့ဆုံပြီး အမြင်ချင်းဖလှယ်ခဲ့ကြကာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန်နှင့် ဆက်လက်လုပ်ဆောင်သွားကြမည့် ရှေ့လုပ်ငန်းစဉ်များ၊ လုပ်ငန်းအစီအစဉ်များကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ ချစ်ကြည်မှုနှင့် ရင်းနှီးမှုပိုမိုတိုးတက်စေရုံသာမက ဒေသခွဲဖွံ့ဖြိုးရေးအတွက်နှင့် အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းရေးကိုပါ အထောက်အကူပြုစေပါကြောင်း၊ ထို့အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေပါကြောင်း။

ထိပ်သီးအစည်းအဝေးများမှ ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်များ၊ လုပ်ငန်းအစီအစဉ်များသည် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဆောင်ရွက်ချက်များဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကြေညာစာတမ်းနှင့် လုပ်ငန်းအစီအစဉ်များကို အစည်းအဝေးမှ အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ခြင်းသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှခေါင်းဆောင်များ အတူတကွကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်လည်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့အောင်မြင်မှုများရရှိစေရန် အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကဏ္ဍအသီးသီးမှ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အားလုံးကို အသိအမှတ်ပြုချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ မြန်မာငွေကြေးကုမ္ပဏီ (မြန်မာဘဏ္ဍာရေးကုမ္ပဏီ) (BMF)နှင့် BIDV အာမခံ ဖက်စပ်ကော်ပိုရေးရှင်းကိုယ်စားလှယ်ရုံး(BIC)မြန်မာရုံးခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ် Logo အမှတ်အသားကို ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

***ဒုတိယသမ္မတမှ**

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးဦးသန့်ကျော်၊ ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ BIDV ဥက္ကဋ္ဌ၊ HAGL Myanmar Co.,Ltd. ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ BIDV ဥက္ကဋ္ဌ Mr.Tran Bac Ha နှင့် HAGL Myanmar Co.,Ltd. ဥက္ကဋ္ဌ Mr. Doan Nguyen Duc နှင့် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် Myanmar Center Plaza (မြန်မာစင်တာ ပလာဇာ)ပထမအဆင့်ဖွင့်လှစ်သည့်အခမ်းအနားကို တက်ရောက်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယခုဖွင့်ပွဲအခမ်းအနားသည် မြန်မာနှင့် ဗီယက်နမ်အကြား၌ သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ်(၄၀)မြောက် အချိန်အခါနှင့်လည်း တိုက်ဆိုင်နေပါကြောင်း၊ မြန်မာနှင့်ဗီယက်နမ် နှစ်နိုင်ငံသည် ၁၉၇၅ တွင် သံတမန်ဆက်ဆံရေးစတင်ခဲ့ပြီး ထိုအချိန်မှ ယနေ့ထိတိုင် နှစ်နိုင်ငံပြည်သူများအကြား ခင်မင်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေခဲ့ပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်တို့၏ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ရေးများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ အလားတူASEAN, GMS, CLMV and ACMECS အစရှိသည့် ဒေသတွင်းဖိုရမ်များကို ရင်းနှီးစွာ ပူးပေါင်းကျင်းပ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယနေ့ဆိုလျှင် နေပြည်တော်၌ ကျင်းပနေသည့် (၇)ကြိမ်မြောက် CLMV ထိပ်သီးဆွေးနွေးပွဲ၊ (၆)ကြိမ်မြောက် ACMECS ထိပ်သီးဆွေးနွေးပွဲများနှင့် တိုက်ဆိုင်နေပါကြောင်း၊ ဤသည်မှာ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဆက်ဆံရေးအတွက် သမိုင်းတွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ပါကြောင်း၊ Hoang Anh Gia Lai ၏ Myanmar Center Plaza တည်ဆောက်ခြင်း ပထမအဆင့် ပြီးမြောက်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ BIDV Myanmar Finance(BMF)ဖွင့်လှစ်ခြင်းနှင့် BIDV အာမခံကော်ပိုရေးရှင်းတို့၏ ကိုယ်စားလှယ်ရုံးကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်နိုင်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ Global Treasure Bank (Myanmar) နှင့် BIDV အကြားတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကို အပြီးသတ်နိုင်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ အဆိုပါ အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့အကြားတွင် ၂၀၁၀ ခုနှစ်က ကြေညာခဲ့သည့် ပူးတွဲကြေညာချက်များ၏ ရလဒ်များပင် ဖြစ်ပါကြောင်း၊ Myanmar Center Plaza စီမံကိန်းသည် မြန်မာနိုင်ငံ၏ အိမ်ခြံမြေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် စီမံကိန်းတစ်ခုပင် ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းသည် အရည်အသွေးမြင့် ရုံးခန်းများ၊ အဆင့်အတန်းမြင့် လူနေတိုက်ခန်းများနှင့် မြန်မာပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တိုက်တွန်းလိုသည်မှာ နှစ်ဖက် Stakeholders များ၏ ထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ပြီး စီမံကိန်းကို အပြီးသတ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာစင်တာပလာဇာ(ရန်ကုန်) ပထမအဆင့်ပြီးစီးခြင်းဖွင့်ပွဲကို ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့က မြန်မာငွေကြေးကုမ္ပဏီ (မြန်မာဘဏ္ဍာရေးကုမ္ပဏီ) (BMF)နှင့် BIDV အာမခံ ဖက်စပ်ကော်ပိုရေးရှင်းကိုယ်စားလှယ်ရုံး(BIC) မြန်မာရုံးခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ် Logo အမှတ်အသားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံကမ္ဘာ့ရတနာဘဏ်နှင့် ဗီယက်နမ်နိုင်ငံ BIDV ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြင့်နှင့် CEO Mr. Phan Duc Tu တို့က လည်းကောင်း၊ နှစ်ဖက်ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်ရင်းနှီးမြှုပ်နှံသူကိုယ်စားလှယ်များက လည်းကောင်း လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့အား မြန်မာစင်တာပလာဇာ(ရန်ကုန်)ပထမအဆင့်ပြီးစီးခြင်းဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

အဆိုပါ စီမံကိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်-၁၉၂ရှိ မြေဧရိယာ ၁၈ ဒသမ ၁၃ ဧကပေါ်တွင် တည်ဆောက်ထားပြီး အမေရိကန်ဒေါ်လာ သန်း ၄၄၀ ဖြင့် ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းအဆောက်အအုံ၌ အခန်း(၄၀၀)ကျော်ပါဝင်သော နိုင်ငံတကာကြယ်(၅)ပွင့်အဆင့်ရှိ ဟိုတယ်၊ Commercial Centreနှင့် ရုံးအဆောက်အအုံများ ပါဝင်သည်။

ယင်းစီမံကိန်းကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Hoang Anh Gia Lai Myanmar Co.,Ltd. တို့က ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် BOT စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ပထမအဆင့် Phase-1တည်ဆောက်မှုကို ၂၀၁၃ ခုနှစ် ဇွန် ၅ ရက်တွင် ပန္နက်တင်ပြီး စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် နှစ်လယ်တွင်ပြီးစီးရန် လျာထားခဲ့သော်လည်း ယခုသတ်မှတ်ကာလထက် စောစီးစွာပြီးစီး၍ ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။ ဒုတိယအဆင့် Phase-2 စီမံကိန်းကိုလည်း အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများကို တွေ့ဆုံအားပေး

**နေပြည်တော် ဇွန် ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအားပေးသည်။**(ယာပုံ)**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသော အရာရှိ၊စစ်သည်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆေးကုသနေမှုနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာဆောင်သို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်မိသားစုဝင်တစ်ဦးချင်းကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံတပ်မှူးက ဆေးကုသမှုအခြေအနေများနှင့် အုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံရှိ အာဟာရဌာန စနစ်တကျရှိရေး၊ တပ်မတော်အခြေခံပညာကျောင်းများအား ကျောင်းကျန်းမာရေးဆောင်ရွက်ပေးရေး၊ စစ်မှုထမ်းဟောင်းများအား ဆေးဝါးကုသပေးရေး၊ အခါအားလျော်စွာ တပ်ဌာနချုပ်များတွင် ရေကောင်းရေသန့်ရရှိမှုစစ်ဆေးပေးရေးကိစ္စရပ်များအား မှာကြား၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံအတွက် အသင့်ဖျော်ရွှေဖီဦးလက်ဖက်ရည်ထုပ်များ ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး၏ စက်ရုံကုန်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ရေးနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် စက်ရုံထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြေပြင်အတတ်သင်လေတပ်စခန်းသို့ ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်း တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(မြဝတီ)**



# အက်မက်စ်နိုင်ငံများအကြား ဦးစားပေးပူးပေါင်းဆောင်ရွက်မှု ဧရိယာ(၈)ရပ်နှင့် အထူးကိစ္စ (၂) ရပ်အား အကောင်အထည်ဖော်မည်

**နေပြည်တော် ဇွန် ၂၃**

(၆)ကြိမ်မြောက် **ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု** မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး၌ **ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ လုပ်ငန်းအစီအစဉ် ၂၀၁၆ -၂၀၁၈** ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင်-

အက်မက်စ်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်စေရန် ဦးစားပေးပူးပေါင်းဆောင်ရွက်မှု ဧရိယာ (၈)ရပ်နှင့် အထူးကိစ္စ (၂) ရပ်အား အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊

**ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်**တွင် အက်မက်စ်နိုင်ငံများအကြား နယ်စပ်ကုန်သွယ်ရေးနှင့် ရောင်းဝယ်မှုတိုးမြှင့်နိုင်ရန် ဘဏ်များအနေဖြင့် ဘဏ်ခွဲများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုရုံးခွဲများ ဖွင့်လှစ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့်ဆွဲဆောင်နိုင်ရန် ဒေသသုံးငွေများ လက်ခံအသုံးပြုနိုင်ရေးအတွက် စည်းကမ်းသတ်မှတ်ချက်များ လျှော့ပေါ့ပေးရန်၊

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား လျင်မြန်ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အက်မက်စ်နိုင်ငံများ၏ နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးနိုင်ရေးနှင့် တစ်နေရာတည်းတွင် စစ်ဆေးမှုပေးနိုင်ရေးအတွက် အကောက်ခွန်ဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ကျန်းမာရေးဌာနမှ ဝန်ဆောင်မှုနှင့် စိစစ်ရေးလုပ်ငန်းများအား ရိုးရှင်းသော၊ ဟန်ချက်ညီသော အစီအစဉ်များဖော်ဆောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် တစ်နေရာတည်း၌ စိစစ်ခွင့်ပြုနိုင်သော ဆက်သွယ်မှုကွန်ရက် ဖန်တီးပေးရန်၊

အက်မက်စ်နိုင်ငံများအကြား သင့်တော်သောအချိန်တွင် ဖြစ်နိုင်ခြေရှိသော ယာယီစစ်ဆေးရေးဂိတ်များအား အပြည်ပြည်ဆိုင်ရာ စစ်ဆေးရေးဂိတ်များအဖြစ် အဆင့်မြှင့်ရန်၊

ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အကာအကွယ်ပေးခြင်း၊ တိုးမြှင့်ခြင်းဆိုင်ရာ သဘောတူညီချက်အား အကောင်အထည်ဖော်ခြင်း၊ အက်မက်စ်နိုင်ငံများအကြား အခွန်နှစ်ထပ်ကောက်ခံမှုအား ရှောင်လွှဲနိုင်ရန်သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့် စေ့စပ်ညှိနှိုင်းခြင်းများ တိုးမြှင့်အကောင်အထည်ဖော်ရန်၊

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ လယ်သမားများ၏ ဝင်ငွေတိုးမြှင့်ရေးနှင့် လူနေမှုဘဝမြင့်မားရေးအတွက် လည်းကောင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံစေရေးအတွက် အထောက်အကူပြုစေရေး ဆောင်ရွက်ချက်များ၊ အကျုံးဝင်သော အက်မက်စ် ဆန်စပါး ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် စံပြအစီအစဉ်တစ်ရပ် ဖွံ့ဖြိုးပေါ်ပေါက်စေရေး ဆောင်ရွက်ရန်တို့အပါအဝင် လုပ်ငန်းစဉ် (၉)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု**တွင် အက်မက်စ်နိုင်ငံများအကြား ထွက်နှုန်းမြင့်မားမှု၊ အလားအလာကောင်းသော သီးနှံ၊ မွေးမြူရေး၊ သားငါးကဏ္ဍနှင့် သစ်တောထွက်ကုန်များနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများနှင့် ထွက်နှုန်းဖွံ့ဖြိုးရေးတိုးမြှင့်ဆောင်ရွက်ရန်နှင့် အားဖြည့်ဆောင်ရွက်ရန်၊

အက်မက်စ်နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်မီစေရန်၊ အမျိုးသား ဝတ်မွတ်မှု၊ စိန်ခေါ်မှုအား သုည အဆင့်လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်တို့အပါအဝင် လုပ်ငန်းစဉ်(၅)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စက်မှုကဏ္ဍနှင့်စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး**တွင် အက်မက်စ်နိုင်ငံများနှင့် ဆက်စပ်နိုင်ငံများအကြား လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကွန်ရက်များတိုးမြှင့်တည်ဆောက်ရေး၊

အက်မက်စ်နိုင်ငံများရှိ နယ်စပ်ဒေသမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်မှု တိုးမြှင့်လာစေရန်နှင့် ကမ္ဘာ့ဈေးကွက်သို့ လျှောက်လှမ်းနိုင်စေရန် စီးပွားရေးအဆောက်အအုံများရင်းနှီးမြှုပ်နှံမှု သွင်းကုန်ထုတ်ကုန်များအပေါ် အကောက်ခွန်စည်းကြပ်မှု၊ နည်းဥပဒေများ စံချိန်စံညွှန်းများနှင့်အညီ မျှတမှုရှိမှု၊ သတင်း၊ ဘဏ္ဍာရေး၊ နည်းပညာနှင့် သက်ဆိုင်ရာလူ့စွမ်းအားမြင့်မားမှုတို့သည် နယ်စပ်ဧရိယာများရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် စုစည်းသော ဖွံ့ဖြိုးမှုနှင့် မလိုအပ်သော အခွန်အကောက် အတားအဆီးများကို ကျော်လွှားနိုင်စေရန်တို့ အပါအဝင် လုပ်ငန်းစဉ်(၈)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လမ်းပန်းဆက်သွယ်ရေး ချိတ်ဆက်မှု**တွင် လက်ရှိစီးပွားရေးစင်္ကြံနှင့် အလားအလာကောင်းသော တိုးချဲ့ဆက်သွယ်မည့် လမ်းကြောင်းများအနက် လာအို-ထိုင်း-ဗီယက်နမ် (၃)နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော အမှတ်(၈)နှင့် (၁၂) လမ်းမကြီးမှာ ဒေသတွင်း စီးပွားရေးအချက်အချာကျသော ဧရိယာတွင်တည်ရှိသဖြင့် အဆိုပါ စီးပွားရေးစင်္ကြံများတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်လာစေရန် ရည်ရွယ်ထောက်ခံမှုပြုရေး၊

လမ်းပန်းသယ်ယူပို့ဆောင်ရေးနှင့် ယာဉ်အချက်အလက်ဆိုင်ရာ နှစ်နိုင်ငံနှင့် နိုင်ငံစုံသဘောတူညီချက်နှင့် စီမံချက်များအား အက်မက်စ်နိုင်ငံအများအပြားသို့ တိုးမြှင့်ဆက်သွယ်ဆောင်ရွက်ရန်၊

လမ်းပန်းဆက်သွယ်မှု ချိတ်ဆက်၍ ပိုမိုဖွံ့ဖြိုးလာရေးနှင့်ယင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၊ တိုးချဲ့ရန်နှင့် အထူးသဖြင့် ဆက်သွယ်မှုပြတ်တောက်နေသော လမ်းကြောင်းများအား သက်ဆိုင်ရာနိုင်ငံမှ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရန်နှင့် အကျိုးတူပူးပေါင်းနိုင်မည့်မိတ်ဖက်များ ရှာဖွေရန်တို့အပါအဝင် လုပ်ငန်းစဉ်(၆)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ကမ္ဘာလှည့်ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်း**တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိ ရှိပြီးသား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များဖြစ်သည့် ထိုင်း-လာအို-ဗီယက်နမ် ကမ္ဘာလှည့်ခရီးသွားကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ရေး အားပေးသွားရန်နှင့် "ကမ္ဘာလှည့်ခရီးသွားစင်္ကြံ"အသစ် ဖြစ်သည့် "ပုဂံ-ချင်းမိုင်-လွမ်ပရာဘွမ်-ဗီယင်ကျန်း-ဆီရမ်းရိ-ဟွေး" စင်္ကြံအသစ် ပိုမိုဖွံ့ဖြိုးလာစေရန်၊

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ထွက်ကုန်ပစ္စည်းအမယ်စုံ တိုးတက်လာစေရန်၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအရင်းအမြစ်များ တည်တံ့ရေးကို အာမခံရန်၊ ကမ္ဘာလှည့်ခရီးသွားများ ထင်သာမြင်သာဖြစ်စေရန်နှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများသို့ ဖြတ်သန်းသွားလာသည့် ယဉ်ကျေးမှုနှင့် သမိုင်းဝင်နေရာများသို့ အုပ်စုလိုက်ခရီးသွားလာမှုများအား ဖန်တီးဖော်ဆောင်ရန်တို့အပါအဝင် လုပ်ငန်းစဉ်(၇)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး**တွင် အလုပ်သမားအင်အားစုများအတွက် ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးရေးသိပ္ပံများ နှစ်နိုင်ငံချင်းအလိုက်လည်းကောင်း၊ နိုင်ငံများပူးတွဲ၍လည်းကောင်း တည်ထောင်ရာတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို အားပေးသွားရန်၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် အထူးစီးပွားရေးဇုန်နှင့် သီးသန့်စီးပွားရေးဇုန်များ မူဘောင်အတွင်းမှ ဆောင်ရွက်သွားရန်၊

အလုပ်သမားဈေးကွက် အလားအလာအား ခန့်မှန်းခြင်းအပါအဝင် အလုပ်သမားဈေးကွက်သတင်းကွန်ရက်တစ်ခု တည်ထောင်သွားရန်၊

အလုပ်သမားများအား လက်ခံသည့်နိုင်ငံများ၏ အကူအညီဖြင့် ပြည်ပရောက်အလုပ်သမားများအား စီမံခန့်ခွဲခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ အတွေ့အကြုံများ ဖလှယ်သွားရန်၊

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်ပညာရေး/သုတေသန သိပ္ပံများအကြား ပူးတွဲသုတေသနစီမံကိန်း/အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားရန်တို့အပြင် လုပ်ငန်းစဉ် (၉)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပြည်သူ့ကျန်းမာရေးကဏ္ဍ**တွင် အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပွားသည့် ရောဂါများ လျှော့ချနိုင်ရန် အာဟာရမြှင့်တင်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုကြီးထွားနှုန်းကို မြှင့်တင်သွားရန်အတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုကောင်းမွန်သည့် ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့် တူညီသည့် မူဝါဒများ ချမှတ်ဆောင်ရွက်သွားရန်၊

စားနပ်ရိက္ခာဖူလုံရေး(ဥပမာ- ဆန်စပါးဖူလုံရေး၊ ဖြည့်စွက်အာဟာရများ ထည့်သွင်းခြင်း၊ အိုင်အိုဒင်းဆား သုံးစွဲခြင်းဖြင့် အိမ်တွင်းအာဟာရပြည့်ဝရေး)နှင့် မွေးကင်းစကလေးများနှင့် ကလေးသူငယ်များအား အစားအစာကျွေးမွေးရာတွင် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်ပစ္စည်းများ ရွေးချယ်ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူများ၏ ကျန်းမာရေး အသိအမြင်တိုးမြှင့်ပေးရေးကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲသည့် မဟာဗျူဟာများ တိုးမြှင့်ချမှတ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံဖြစ်ပေါ်လာစေရေး ဆောင်ရွက်ရန်တို့အပါအဝင် လုပ်ငန်းစဉ်(၈)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ**တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ "၅- နိုင်ငံခရီးစဉ်တစ်ခု"ကမ္ဘာလှည့်ခရီးသွား အစီအစဉ်အယူအဆကို တိုးမြှင့်သွားနိုင်ရန်အတွက် ဒေသတွင်းရှိ ကမ္ဘာလှည့်ခရီးသွားအချက်အချာနေရာများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်ရေးအစီအစဉ်များ တိုးမြှင့်သွားရန်၊

**ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရာ**တွင် ဒေသခံပြည်သူများ၏ ပါဝင်မှုကို အားပေးသွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဝင်ငွေရရှိရေးနည်းလမ်းတစ်ခုအဖြစ် ဒေသအဆင့်တွင် စုစည်းဆောင်ရွက်သွားရန်တို့အပါအဝင် လုပ်ငန်းစဉ် (၁၂)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ**တွင် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများအနေဖြင့် မဲခေါင်-ဂျပန်၊ မဲခေါင်ဒေသအောက်ပိုင်း အကောင်အထည်ဖော်မှု၊ မဲခေါင်ဒေသအောက်ပိုင်း မိတ်ဆွေနိုင်ငံများ၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုနှင့် မဲခေါင်-ကိုရီးယားသမ္မတနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များမှတစ်ဆင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် (သို့မဟုတ်) မဲခေါင်ဒေသ ငါးနိုင်ငံနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်မှုများအတွက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကျေးဇူးတင်ရှိပါသည်။ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အဓိကအလှူရှင်နှင့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများအကြား လုပ်ငန်းစဉ်များ ထပ်မနေစေရေးအတွက် ရှောင်ရှားရန်နှင့် အရင်းအမြစ်များ အသုံးချရာတွင် ပိုမိုထိရောက်မှုရှိစေရေးတို့အတွက် အချင်းချင်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်အပါအဝင် လုပ်ငန်းစဉ်(၂)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဒေသတွင်း လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှု**များတွင် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်မားစေရန်အတွက် အထူးစီးပွားရေးဇုန်နှင့် သီးသန့်စီးပွားရေးဇုန်များတွင် စက်မှုဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေရန်အပါအဝင် လုပ်ငန်းစဉ်(၆)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များချမှတ်နိုင်ရန်၊ နှစ်တစ်နှစ်အတွင်း ရရှိခဲ့သည့်ရလဒ်များကို စိစစ်သုံးသပ်ရန်နှင့် ရှေ့လာမည့်နှစ်အတွက် စီမံကိန်းရေးဆွဲသွားရန် ဖော်ပြထားသည့် အက်မက်စ်လုပ်ငန်းစဉ်အစီအစဉ် ၂၀၁၆-၂၀၁၈ ကို အကောင်အထည်ဖော်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အသီးသီး၏ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များအနေဖြင့် စီမံချက်များကို ရေးဆွဲဖော်ဆောင်သွားရန်ဖြစ်ကြောင်း။

ထို့ပြင် လုပ်ငန်းစဉ်အစီအစဉ် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းရေးမှူး တာဝန်ယူထားသည့်နိုင်ငံများသည် မိမိကဏ္ဍအလိုက် တိုးတက်မှုအခြေအနေများကို အက်မက်စ်အဖွဲ့ဝင်နိုင်ငံများသို့ ပုံမှန်အစီရင်ခံတင်ပြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ နေပြည်တော်တွင် ၂၀၁၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့က ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးတွင် ၂၀၁၆-၂၀၁၈ အက်မက်စ်လုပ်ငန်းစဉ် အစီအစဉ်ကို အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ အကြီးအကဲများက အတည်ပြုခဲ့ကြသည်ဟူ၍ ဖော်ပြထားသည်။

**(သတင်းစဉ်)**

## ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇွန် ၂၃

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရန်ကုန်(မင်္ဂလာဒုံ)တွင် ၇ ဒသမ ၆၄ လက်မ၊ လောင်းလုံမြို့တွင် ၆ ဒသမ ၆၅ လက်မ၊ ဖျာပုံမြို့တွင် ၅ ဒသမ ၈၂ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၆၃ လက်မ၊ စစ်တွေ မြို့တွင် ၅ ဒသမ ၅၉ လက်မ၊ မအူပင်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၈၂ လက်မနှင့် ရေးမြို့တွင် ၃ ဒသမ ၃၉ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

## တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူးဖွင့်လှစ်သည့် တရားရုံးဝန်ထမ်းများအရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၁/၂၀၁၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်လ ၂၃ ရက်နေ့ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ ၉ ပါ အင်တာဗျူးတွင် နိုင်ငံခြားရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်(အစား) နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များမှ အချို့အပိုဒ်များနှင့်ပတ်သက်၍ မတူသည့် သဘောထားများရှိပါကြောင်း၊ ပြည်သူအပေါ် အကျိုးမရှိသည့်ပုဒ်မများကို ပြင်ဆင်ပြောင်းလဲလိုပါကြောင်း၊ သဘောမညီသောအချက်များ မည်မျှပင်ရှိနေစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူများထိခိုက်နစ်နာမှု လျော့နည်းစေရေးနှင့် အနာဂတ်နိုင်ငံတော်ကို ရှေးရှုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း၊ ဖွဲ့စည်းပုံတွင် ပေးထားသည့် အခွင့်အရေးအတိုင်း လွှတ်တော်အတွင်း၌ ပြင်ဆင်နိုင်အောင် ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်းနှင့် ပြည်သူ့ဆန္ဒကိုအခြေခံ၍ ပြင်ဆင်သင့်သည့်ပုဒ်မများအား ပြင်ဆင်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် တင်စန်းနိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို လွယ်လင့်တကူ ပြင်ဆင်ခြင်းများ ဆောင်ရွက်မည်ဆိုပါက ထပ်တလဲလဲပြင်ဆင်မှုနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရ ပျက်ယွင်းစေနိုင်ပါကြောင်း၊ မူလထားရှိသည့် ရည်ရွယ်ချက်များ၊ မူဝါဒနှင့် သဘောထားများ ကွဲလွဲသွားနိုင်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ ရည်ရွယ်ချက် ကောင်းမွန်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်မသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစောမော်ထွန်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် အခြေအနေအချိန်အခါအရ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များကို ပြင်ဆင်ရန် မှန်ကန်သည့် ချဉ်းကပ်မှုဖြင့် ညှိနှိုင်းအဖြေရှာရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ လေးစားမှု၊ နားလည်မှုတို့နှင့်အတူ ရေကိုသားသော် အကြားမထင် ချစ်ခင်စည်းလုံးသည့် အသွင်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် တပ်မတော်တို့ ပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ပါတီစွဲကို ဦးစားမပေးဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ် ခိုင်မြဲရေးတို့ကို ဦးတည်ပြီး ဦးစားပေးအဆင့်များ သတ်မှတ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်း၍ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာအေးမောင်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) ဦးဇော်မြင့်ဖေ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးနှင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးတို့ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# လုပ်ခလစာကို ပံ့ပိုးပေးနိုင်ပြီဆိုရင် အလုပ်ရှင်နဲ့ အလုပ်သမား လုပ်ခလစာအတွက် အငြင်းပွားစရာ မလိုတော့

**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံရှိ ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ နည်းပညာဆိုင်ရာ အကြံပေးအရာရှိ ခရစ်(စ်)နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ နိုင်ငံတကာမှာ အနည်းဆုံးအခကြေးငွေကို ဘာ့ကြောင့် သတ်မှတ်ဖို့လိုတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ရာခိုင်နှုန်းကျော်မှာ အနည်းဆုံးလုပ်ခလစာတွေကို သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အဓိက အနိမ့်ဆုံးလုပ်ခလစာတွေကို သတ်မှတ်ရတဲ့ရည်ရွယ်ချက်က သုံးခုရှိပါတယ်။ ပထမတစ်ခုက အလုပ်သမားတွေကို ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေဖို့ အကာအကွယ်ပေးခြင်းဖြစ်တယ်။ အင်မတန်မှ နိမ့်ကျတဲ့ လုပ်ခလစာတွေဟာ သူတို့နဲ့ သူတို့ရဲ့ မိသားစုတွေကို အကာအကွယ်မပေးနိုင်တဲ့ အခြေအနေက ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေပါတယ်။ ဒါကိုကာကွယ်နိုင်ဖို့ အနည်းဆုံးလုပ်ခလစာငွေကို သတ်မှတ်ရမှာ ဖြစ်ပါတယ်။

ဒုတိယအချက်က လုပ်ငန်းရှင်အချင်းချင်းမှာ ယှဉ်ပြိုင်မှုကို တရားမျှတစေဖို့ဖြစ်တယ်။ ဥပမာအားဖြင့် အလုပ်ရှင်တစ်ယောက်က အလုပ်သမားတစ်ယောက်ကို မျှမျှတတ ဆက်ဆံချင်တယ်၊ အလုပ်သမားတွေကို ကူညီပံ့ပိုးချင်တယ်၊ နောက်တစ်ယောက်က အလုပ်သမားတွေကို ခေါင်းပုံဖြတ်ပြီးတော့မှ လုပ်ခလစာနည်းနည်းနဲ့ ခိုင်းချင်တယ်ဆိုတဲ့အခါကျတော့ အနည်းဆုံးလုပ်ခလစာသာ သတ်မှတ်မထားရင် အလုပ်သမားတွေကို လစာနည်းနည်းပေးတဲ့သူက ဈေးကွက်ကို ဈေးပေါပေါနဲ့ အသာစီးယူသွားနိုင်တယ်၊ တကယ်လို့ တူညီတဲ့ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ထားမယ်ဆိုရင် အလုပ်ရှင်တွေဟာ တရားမျှတစွာ ယှဉ်ပြိုင်ရတော့မယ်။ အလုပ်သမားငှားရင် တူညီတဲ့ဈေးနှုန်းနဲ့ အလုပ်ရှင်တွေက ငှားရမယ်။ ဒီတော့ သူတို့ရဲ့ဈေးကွက်ယှဉ်ပြိုင်မှုက တရားမျှတမှုရှိလာမယ် သူတို့ ဈေးကွက်ပေါ်မှာ သူတို့ဘယ်လောက်တီထွင်ဖန်တီးနိုင်လဲ သူတို့ရဲ့စွမ်းဆောင်ရည် အရည်အချင်းကိုပဲ ယှဉ်ပြိုင်ရတော့မှာ ဖြစ်တဲ့အတွက် ဒါဟာလည်း လုပ်ငန်းရှင်အချင်းချင်း တရားမျှတစွာ ယှဉ်ပြိုင်နိုင်ဖို့အတွက် ဒုတိယ ရည်ရွယ်ချက်ဖြစ်ပါတယ်။

တတိယအချက်ကတော့ လုပ်ငန်းခွင် အေးချမ်းသာယာဖို့ဖြစ်တယ်။ အနည်းဆုံးလုပ်ခလစာ မရှိဘူးဆိုရင် လစာနည်းတဲ့ အလုပ်သမားတွေဟာ မညီမျှမှုတွေဖြစ်မှာဖြစ်တဲ့အတွက် ဆန္ဒပြမှုတွေဖြစ်လာမယ်၊ စက်ရုံတွေတိုင်းက ဆန္ဒပြလိုက်၊ တောင်းဆိုလိုက်၊ လစာတက်လိုက်ဆိုတဲ့ အခြေအနေနဲ့ လုပ်ငန်းခွင်မတည်ငြိမ်မှုတွေ ကြုံတွေ့ရမှာဖြစ်တယ်။ ဒီလိုမျိုး ပြောချင်တာက အလုပ်ရှင်နဲ့ အလုပ်သမားတွေကြားထဲမှာ တောင်းဆိုစရာမလိုဘူးလို့ ပြောတာမဟုတ်ဘူး။ တကယ်လို့ အနည်းဆုံးလုပ်ခလစာ သတ်မှတ်ပြီးသွားပြီ၊ သူတို့ရဲ့အခြေခံလိုအပ်ချက်တွေကိုလည်း ဒီအနည်းဆုံး လုပ်ခလစာကို သူတို့ကို လုံလောက်အောင် ပံ့ပိုးပေးနိုင်ပြီဆိုရင် အလုပ်ရှင်နဲ့ အလုပ်သမားဟာ လုပ်ခလစာအတွက် အငြင်းပွားစရာ မလိုတော့ဘဲ တခြားကိစ္စရပ်တွေအတွက် ပုံမှန်တွေ့ဆုံပြီး လုပ်ငန်းခွင်အေးချမ်းသာယာရေးကို ဆောင်ရွက်နိုင်မယ်။ အလုပ်သမားရေးရာ အငြင်းပွားမှုတွေကို ရပ်တန့်သွားအောင် ပြေလည်သွားအောင် လုပ်ခလစာ သတ်မှတ်တာမဟုတ်ဘူး။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ အငြင်းပွားမှုတွေ၊ ညှိနှိုင်းစရာတွေက ရှိနေဦးမှာပဲ။ ညှိရမယ်။ ဒါပေမယ့် အဲဒီညှိနှိုင်းမှုတွေဟာ လုပ်ခလစာ သိပ်နည်းလို့ဆိုတာနဲ့ ပတ်သက်လို့တော့ မဖြစ်နိုင်တော့ဘူးပေါ့ ။

**မေး။ ။ မြန်မာနိုင်ငံမှာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ဖို့ ILO က ဘယ်လိုကူညီမှုတွေပေးနေသလဲ။**

ဖြေ။ ။ ILO ရဲ့ အဓိကလုပ်ငန်းစဉ်က အလုပ်သမားရေးရာနဲ့ ပတ်သက်တဲ့ စံချိန်စံညွှန်းတွေကို သတ်မှတ်တဲ့ လုပ်ငန်းအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အခုဒီနိုင်ငံကို ပံ့ပိုးပေးတာက နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းအရ အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်တဲ့အခါမှာ နိုင်ငံတကာ စံချိန်စံညွှန်းတွေ ပြည့်မီနိုင်ဖို့အတွက် နည်းပညာပိုင်းဆိုင်ရာအရ ကူညီပေးခဲ့တာဖြစ်တယ်။ ILO ရဲ့ ထောက်ခံချက် အမှတ် ၁၃၅၊ ပြဋ္ဌာန်းချက်အမှတ်က ၁၃၁ ဒီနှစ်ခုဟာ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်တော့မယ်ဆိုရင် ဘယ်လိုမျိုး သတ်မှတ်ရမယ်။ ဘယ်လိုစံချိန်စံညွှန်းတွေ ပြည့်မီရမယ်ဆိုတဲ့ဟာတွေ ဖော်ပြထားတာဖြစ်တယ်ဆိုတာကို နည်းပညာပိုင်းအရ ပံ့ပိုးပေးတာဖြစ်ပါတယ်။ ILO က ဘယ်အပိုင်းကို မလုပ်ဘူးဆိုတာ ပြောချင်ပါတယ်။ အဓိကကတော့ ILO က နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ မဟုတ်ပါဘူး ဘယ်နိုင်ငံမှာမှ ဒီလိုမျိုး အနည်းဆုံးလုပ်ခလစာ သတ်မှတ်တဲ့အခါ ဒီနှုန်းထားဖြစ်သင့်တယ်ဆိုတာမျိုး တစ်နိုင်ငံလုံးမှာ တစ်ပြေးညီဖြစ်သင့်တယ် စတဲ့အကြံပေးတာမျိုး လုံးဝလုပ်လေ့မရှိပါဘူး။ အဲဒီလိုလုပ်ဖို့တာဝန်သည် အလုပ်ရှင်၊အလုပ်သမားအစိုးရ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပြီးမှ သတ်မှတ်ရမယ့်တာဝန်ဖြစ်တယ်။ ILOက အကြံပြုချက်ကိုပဲ ပေးတယ်။ အကြံပြုချက်တွေနဲ့ ILO ကရှင်းပြတဲ့ နိုင်ငံတကာအတွေ့အကြုံတွေပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရက သူတို့အချင်းချင်းဆွေးနွေးပြီး ဆုံးဖြတ်သတ်မှတ်ရမှာဖြစ်တယ်။ နိုင်ငံတကာမှာလုပ်နေတဲ့ အလေ့အကျင့် အထူးသဖြင့် အိမ်နီးချင်းဖြစ်တဲ့ အာဆီယံနိုင်ငံတွေမှာ အနိမ့်ဆုံးလုပ်ခလစာတွေကို ဘယ်လိုသတ်မှတ်လဲ ဘယ်လိုနည်းနဲ့ ရေးဆွဲကြတယ်ဆိုတဲ့ ဒီအိမ်နီးချင်း နိုင်ငံတွေရဲ့ အတွေ့အကြုံကို ပြောပြပေးတယ်။

**မေး။ ။ အခုဆွေးနွေးနေတဲ့အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး ILO အနေနဲ့ ဘယ်လိုရလဒ်တွေ ရလိမ့်မယ်လို့ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။ ILO ရဲ့ မူဝါဒအရ နှစ်ဦးနှစ်ဖက်ဆွေးနွေးပြီးတော့ အဖြေတစ်ခုချမှတ်နိုင်အောင် ဆုံးဖြတ်စေချင်တယ်။ အစိုးရကလည်း ဆုံးဖြတ်ချက်ချနိုင်အောင်ကြိုးစားပြီး ပံ့ပိုးကူညီနေတယ်။ ဆွေးနွေးပွဲကို ဖြစ်မြောက်အောင် လုပ်နေတယ်ဆိုတာ တွေ့ရတယ်၊ တစ်ဖက်ကလည်း တိုးမယ်။ တစ်ဖက်ကလည်း လျှော့မယ်။ နှစ်ဦးနှစ်ဖက်ကြားမှာ အလျှော့အတင်းလုပ်ပြီးတော့ သဘောတူအဖြေတစ်ခုကို ရသွားနိုင်မလားဆိုတာ အခုအချိန်ထိ မျှော်လင့်နေတုန်းပဲ။ မနက်ဖြန်ဘာဖြစ်မယ်ဆိုတာ တိတိကျကျမပြောနိုင်ပါဘူး။ အကောင်းဆုံးဖြစ်ဖို့ မျှော်လင့်တယ်။ အစိုးရကလည်း ကြိုးကြိုးစားစား လုပ်နေတဲ့အတွက်ကြောင့် နှစ်ဦးနှစ်ဖက်ကြား အလျှော့အတင်းလုပ်ရင်းနဲ့ အကောင်းဆုံး ရလဒ်ရနိုင်မယ်လို့ မျှော်လင့်ပါတယ်။



နည်းပညာဆိုင်ရာ အကြံပေးအရာရှိ ခရစ်(စ်)။

**တွေ့ဆုံမေးမြန်း-သီသီမင်း**
**ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

### ❖ ချင်းတွင်းမြစ်ရေမှ

ရေတိုးတာ နည်းနည်းနောက်ကျတယ်။ ပုံမှန်ဆိုရင် မေလအလယ်လောက်ဆို ရေစဝင်ပေမယ့် အခုနှစ်မှာ မြစ်ရေတက်ချိန်က ဇွန်လ ပထမပတ်မှ ရေစဝင်တယ်။ နောက်ပြီး မြစ်ရေက တက်လာတော့လည်း ရေကနည်းသေးတယ်။ ခါတိုင်းနှစ်ဒီအချိန်ဆိုရင်တော့ လက်ရှိရေထက် အတော်များတယ်။ အခုနှစ်မှာ မိုးရွာသွန်းမှုနည်းတဲ့အတွက် မြစ်ရေကလည်း နည်းတယ်။ နွေရာသီမှာ မြစ်ရေနည်းတဲ့အတွက် ကုန်တင်ရေယာဉ်ကြီးတွေက ချင်းတွင်းမြစ်အထက်ပိုင်းနဲ့ ဥရုချောင်း ရေနည်းပြီး သွားလာဖို့ ခက်ခဲလာတဲ့အတွက် ကုန်တင်ရေယာဉ်တွေ ရပ်နားထားတာပါ။ နွေရာသီဆို ကုန်တင်ရေယာဉ်တွေ ရပ်နားထားရတယ်။ လူစီး အမြန်ရေယာဉ်တွေကတော့ သွားလို့ရတယ်။ အဲဒီအချိန်ဆိုရင်တော့ ကုန်စည်တွေကို ကုန်းလမ်းကနေ မော်တော်ယာဉ်တွေနဲ့ သယ်တာများတယ်။ အဲဒီလိုနားတဲ့အချိန်မှာ ကိုယ့်ဒေသကိုယ်ပြန်ပြီး တခြားလုပ်ငန်းတွေ လုပ်ကိုင်ကြတယ်။ အခုမြစ်ရေတက်လာပြီဆိုတော့ ကျွန်တော်တို့ ရေယာဉ်တွေ ပြန်လည်ပြေးဆွဲကြပြီ။ မုံရွာကနေ ချင်းတွင်းအထက်ပိုင်းဒေသတွေကို အဓိက ဆီတွေနဲ့ စားသောက်ကုန်မျိုးစုံ၊ မုန့်မျိုးစုံ၊ ဆောက်လုပ်ရေးပစ္စည်းမျိုးစုံ၊ ရွှေမျှောပစ္စည်းများ တင်ပို့လျက်ရှိပြီး ချင်းတွင်းအထက်ပိုင်းဒေသမှ ကျောက်မီးသွေးများကို ပြန်လည်သယ်ဆောင်ပါတယ်။ အသွားကုန် အပြန်ကုန်ပေါ့။ ကျွန်တော်တို့ မုံရွာကနေ အထက်ချင်းတွင်းဒေသများသို့ သွားလာနေသည့် ကုန်တင်ရေယာဉ် အစီးရေ ၄၅၂ စီးနဲ့ ခရီးသည်များ သွားလာရေးအဆင်ပြေစေရန်အတွက် လူစီး အမြန်ရေယာဉ် ၁၃၄ စီးရှိကာ ပုံမှန်ပြေးဆွဲပေးလျက်ရှိပါတယ်”ဟု ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေသည် ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် မြစ်ရေအတက် နောက်ကျပြီး လက်ရှိအချိန်တွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ၄၇၃ စင်တီမီတာရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်ရေးအတွက် ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ မဲခေါင်တက္ကသိုလ်တစ်ခုထူထောင်မည်

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးနှင့် (၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ ထိပ်သီးအစည်း အဝေးနှစ်ရပ်ကို အိမ်ရှင်ကောင်းပီသစွာ၊ ဧည့်ဝတ်ကျေပွန်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်း အဝေးနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများတွင် ဒေသတွင်းနိုင်ငံများနှင့် ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက်၊ ကြေညာစာတမ်းများနှင့် လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်နိုင်ခဲ့သည်။ ထို့ပြင် မဲခေါင်ဒေသတွင်းနိုင်ငံများ အကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် မဲခေါင်တက္ကသိုလ် ထူထောင်ဖွင့်လှစ်ရေး မြန်မာနိုင်ငံမှ ဦးဆောင်ဆွေးနွေးခဲ့ရာ ကျန်နိုင်ငံများက သဘောတူညီခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးများအပြီးတွင် ဒေသတွင်း တိုးတက်ဖြစ်ပေါ်မှု ရလဒ်များ၊ မဲခေါင်တက္ကသိုလ် ထူထောင်ရေးကိစ္စများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး နှင့်အက်မက်စ် ထိပ်သီးအစည်းအဝေးများ ကျင်းပရေးဗဟို ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖြေကြားခဲ့သည်များကို ပြန်လည် ရေးသားဖော်ပြလိုက်ရပါသည်။

ယနေ့ကျင်းပတဲ့ (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးမဟာဗျူဟာ ထိပ်သီးအစည်းအဝေးနဲ့ ယမန်နေ့က ကျင်းပခဲ့တဲ့ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အစည်းအဝေးတွေမှာ မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်း ဆောင်ရွက်မှု နယ်ပယ်တွေအသီးသီးမှာ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးတဲ့အခါမှာ လုပ်ငန်းစဉ်တွေအနေနဲ့ စီအယ်လ်အမ်ဗွီမှာဆိုရင် လုပ်ငန်း ၁၁ ခု၊ အက်မက်စ်မှာ လုပ်ငန်း ရှစ်ခုရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဦးဆောင် ဦးရွက်လုပ်နေတာက လယ်ယာကဏ္ဍ၊ စွမ်းအင်နဲ့ စက်မှု ကဏ္ဍတွေပါ၊ ဒီအထဲမှာမှ စီအယ်လ်အမ်ဗွီနယ်မြေ နိုင်ငံ တွေရဲ့ဒေသတွင်း၊ အက်မက်စ်မှာဆိုရင် ထိုင်းအပါအဝင် ငါးနိုင်ငံအတွင်းမှာ မြန်မာနိုင်ငံအနေနဲ့ ပြည်သူ အချင်းချင်းထိတွေ့မှု၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ လူငယ်ပိုင်း ဆိုင်ရာတွေမှာ ပိုမိုထိတွေ့နိုင်ဖို့နဲ့ နောင်အနာဂတ် မျိုးဆက်သစ်တွေမှာလည်း ဒီလိုတူညီပညာသင်ကြားဖို့ အခွင့်အလမ်းရရှိခြင်းအားဖြင့် သူတို့တွေကြီးပြင်းလာပြီး ဦးဆောင်ဦးရွက်ပြုလုပ်မယ့်အချိန်ကျရင် နိုင်ငံရေးပိုင်း ပဲဖြစ်ဖြစ်၊ စီးပွားရေးပိုင်းပဲဖြစ်ဖြစ်၊ လူမှုရေးပိုင်းပဲဖြစ်ဖြစ် ဒီလိုညီညီညွတ်ညွတ်နဲ့တစ်ယောက်အကြောင်း တစ်ယောက် ပိုမိုထိတွေ့ပြီးတော့ ဒေသတွင်းနိုင်ငံတွေရဲ့ အကျိုးစီးပွား ကိုဖော်ဆောင်နိုင်ဖို့အတွက် မြန်မာနိုင်ငံက ဦးဆောင် ဆွေးနွေးခဲ့တာကတော့ မဲခေါင်တက္ကသိုလ်တစ်ခု မြန်မာ နိုင်ငံရဲ့ ရှမ်းပြည်နယ်မှာ ထူထောင်နိုင်မယ်ဆိုရင် လမ်းပန်း ဆက်သွယ်ရေးအရလည်း နီးကပ်တယ်။ ကျိုင်းတုံမြို့မှာ လည်းပဲ ဆောက်လုပ်ပြီးသား တက္ကသိုလ်အဆောက်အအုံ တွေရှိတယ်။ လေယာဉ်ကွင်းလည်းရှိတယ်။ နောက်တစ်ခါ မကြာခင်က ဖွင့်လှစ်ခဲ့တဲ့ လာအို-မြန်မာ ချစ်ကြည်ရေး



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။

တံတားအရလည်း ကုန်းတွင်းပိုင်းကနေပြီးတော့ ဆက်သွယ်နိုင်တယ်။ အလားတူ တာချီလိတ်-မယ်ဆိုင်က နေလည်း ကုန်းတွင်းနဲ့လာနိုင်တယ်ဆိုတဲ့အတွက် ဒေသ တွင်းမှာရှိတဲ့နိုင်ငံတွေ အချင်းချင်း ကူးလူးဆက်ဆံမှု အဆင်ပြေတဲ့အပေါ်မှာမူတည်ပြီးတော့ ကျောင်းသူ ကျောင်းသားတွေလည်း ဒီမှာလာပြီး ပညာသင်ကြားခွင့်ရ မယ်။ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးမှု၊ ယဉ်ကျေးမှုတွေ လည်း ပူးပေါင်းဖလှယ်လို့ရမယ်။ ဒီလိုရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံက ကမ်းလှမ်းလိုက်တဲ့အခါမှာ ကျန်တဲ့နိုင်ငံ တွေကလည်း သဘောတူပါတယ်။

ဒီလိုတက္ကသိုလ်တစ်ရပ် အိန္ဒိယမှာလည်းပဲရှိပါတယ်။ ဒီအထဲမှာမှ ဒေသတွင်းနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးဖက်နိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှု၊ ဒီမှာရှိနေတဲ့ ပညာရေးစနစ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ဆက်စပ်ဆောင်ရွက်မယ်ဆိုရင် ဒေသတွင်းမှာရှိတဲ့ လူငယ် တွေရဲ့ ပညာရည်အဆင့်အတန်း ပိုမိုမြင့်မားလာဖို့နဲ့ အားလုံး တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့ အနာဂတ်ကာလမှာ မိမိတို့ကျရာ ကဏ္ဍ ကနေပြီးတော့ ဒီဒေသတွင်းဖွံ့ဖြိုးရေးတွေကို ပိုမိုဆောင် ရွက်နိုင်စေဖို့ဆိုတဲ့ အကျိုးကျေးဇူးတွေရနိုင်မှာဖြစ်တဲ့ အတွက် မြန်မာနိုင်ငံက ဒီကိစ္စကို ဦးဆောင်ဆွေးနွေးခဲ့ပါ တယ်။ ဒါကြောင့် ကျန်တဲ့နိုင်ငံတွေကလည်း မြန်မာနိုင်ငံရဲ့ တင်ပြချက်ကို ကြိုဆိုထောက်ခံခဲ့ကြပါတယ်။

လုပ်ငန်းစဉ် အသေးစိတ်ကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေအချင်းချင်း ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ဒီအစည်းအဝေး မှာပဲ ချမှတ်လိုက်တဲ့ Plan of action (2016-2018) နဲ့ နေပြည်တော်ကြေညာစာတမ်း ဒါတွေကို အခြေခံပြီးတော့ သက်ဆိုင်ရာဌာနတွေအချင်းချင်း အသေးစိတ် ဆက်လက် အကောင်အထည်ဖော်သွားဖို့ဖြစ်ပါတယ်။ လောလော ဆယ်ကာလ နှစ်သတ်မှတ်ချက်ကတော့ ပြဋ္ဌာန်းထားခြင်း မရှိသေးဘူး။ Idea ကို Introduce လုပ်လိုက်တဲ့အခါမှာ အားလုံးထောက်ခံတယ်။ ထောက်ခံတဲ့အတွက် ဆက်လက် ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ထွန်းဝင်းနိုင်**

## မြန်မာနိုင်ငံဆရာဝန်အသင်း နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ စာပေဟောပြောပွဲ၊ ဂုဏ်ပြုပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၇ ရက် နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာ ဆရာဝန် လက်ာရည်ကျော် (ပါမောက္ခရဲမြင့်ကျော်)နှင့် ဒေါက်တာ နီလာသိန်း (လင်းရောင်သစ်) (မြကြာငုံ)တို့က စာပေဟောပြောပြီး ဆုရဆရာဝန်များအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ဆက်လက်၍ နှစ်ပတ်လည်အစည်း အဝေးကို မွန်းလွဲပိုင်းတွင်ကျင်းပမည် ဖြစ်ပြီး စာအုပ်တိုက်များနှင့် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများက စာအုပ် များနှင့် ဆေးနှင့်ဆေးပစ္စည်းများ ပြသရောင်းချပေးမည်ဖြစ်ရာ စိတ်ပါဝင် စားသူများ လာရောက်လေ့လာဝယ်ယူ နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဇနီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်၏ဇနီးနှင့်အဖွဲ့ နေပြည်တော် သတ္တသတ္တာဟဌာနများသို့ ဖူးမြော်ကြည်ညို

**နေပြည်တော် ဇွန် ၂၃**

ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စ နာရာပွန်ချန်အိုချာ၊ အာဆီယံ အတွင်းရေးမှူးချုပ်၏ဇနီး မစ္စ ငုရင်တန်ဟွန်တို့သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ် ကြီး၏ဇနီးတို့နှင့်အတူ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သံဝေဇနိယ (၄) ဌာန၌အပါအဝင်ဖြစ်သည့် ဘုရား လောင်းဖွားတော်မူရာ ဌာနသို့ရောက် ရှိ ဖူးမြော်ကြည်ညိုကြပြီး အလှူငွေ များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဓမ္မစကြာတရား ဦးဟောရာဌာနနှင့် ပရိနိဗ္ဗာန်ပြုရာ ဌာန အထိမ်းအမှတ်နေရာများ သို့ လှည့်လည်ဖူးမြော်ကြည်ညိုကြ သည်။

ယင်းနောက် မဟာဗောဓိစေတီ တော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော် ကြည်ညိုကြပြီး**(ယာပုံ)**ထိုင်းနိုင်ငံဝန်ကြီး ချုပ်၏ဇနီးက အလှူငွေများပေးအပ် လှူဒါန်းကာ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ၏ဇနီးတို့က ဧည့်သည်တော်မှတ်တမ်း တွင် လက်မှတ်ရေးထိုးကြသည်။

**(သတင်းစဉ်)**





# မြန်မာ-ထိုင်း ချစ်ကြည်ရေးကျောင်းဆောင်သစ်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီး ချုပ်၏ဇနီး မစ္စ နာရာပွန်ချန်အိုချာသည် ဇွန် ၂၃ ရက် နံနက် ၁၁ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား မြို့နယ် သပြေလှကျေးရွာရှိ ထိုင်း-မြန်မာချစ်ကြည်ရေး မူလတန်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ ထိုင်း-မြန်မာ ချစ်ကြည်ရေးကျောင်းဆောင် ကို ထိုင်း-မြန်မာသံတမန်ဆက်ဆံမှု (၆၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောက်လုပ် လှူဒါန်းခြင်းဖြစ်သည်။

“ထိုင်း-မြန်မာ သံတမန်ဆက်ဆံမှု (၆၅)နှစ်မြောက် အထိမ်းအမှတ်အနေနဲ့ ထိုင်းအစိုးရက မြန်မာနိုင်ငံပညာ ရေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးဖို့ ပညာရေးဝန်ကြီးဌာန ကို ဆက်သွယ်တဲ့အခါမှာ ဒီသပြေလှကျေးရွာမှာ ကျောင်း ဆောင်သစ်လိုအပ်ချက်ရှိနေတဲ့အတွက် လှူဒါန်းနိုင်ပါ တယ်လို့ အကြံပြုတဲ့အတွက် ဒီကျောင်းဆောင်ကို လှူဒါန်း ဖြစ်တာပါ”ဟု ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူ ဦးအောင်မိုး က ပြောသည်။

ဇွန် ၂၃ ရက်ကဖွင့်လှစ်ခဲ့သည့် ကျောင်းဆောင်သစ် အတွက် လိုအပ်သော ပရိဘောဂ၊ စာရေးကိရိယာ၊ ရေသန့် စက်နှင့် အခြားဆက်စပ်ပစ္စည်းများကို ထိုင်းနိုင်ငံ အခြေစိုက် ကုမ္ပဏီများနှင့် မြန်မာနိုင်ငံမှ ကျောက်မျက် ကုမ္ပဏီအချို့ကလည်း ပါဝင်လှူဒါန်းကြသည်။

“အန်တီတို့က ဒီကျောင်းမှာ လိုအပ်တဲ့ ဆရာ ဆရာမ သုံး စားပွဲခုံတွေ၊ ဆရာ ဆရာမတွေ အိပ်ဖို့ ခုတင်၊ မွေ့ယာ၊ ဧည့်ခန်းသုံးပစ္စည်းတွေကို ပါဝင်လှူဒါန်းခဲ့ပါတယ်”ဟု နေပြည်တော်ရှိ The Rich Gems ကျောက်မျက်ကုမ္ပဏီမှ ဒေါ်လုလုက ပြောသည်။

ကျောင်းဆောင်သစ်မှာ အလျား ၁၀၈ ပေ၊ အနံပေ ၃၀ ရှိ အာစီတစ်ထပ်ခွဲ ကျောင်းဆောင်ဖြစ်ပြီး ၂၀၁၃ ခုနှစ်က (၆၅)နှစ်ပြည့်မြောက်ခဲ့သည့် မြန်မာ-ထိုင်း သံတမန်ဆက်သွယ်မှု အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံ အစိုးရက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမက(၁၅) သပြေလှကျောင်းတွင် မူလတန်းကျောင်းသား ကျောင်းသူ ၂၁၁ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# ဂျပန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ၂၀၁၇ ခုနှစ်တွင် အာကာသသို့ ခရီးသွားမည်

**မော်စကို ဇွန် ၂၃**

ဂျပန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မိမိအနေဖြင့် လာမည့်နှစ်နှစ်အတွင်း ရုရှားဆိုယုဇ်အာကာသယာဉ်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဆာတိုရှိ တာကာမတ်ဆု(ဝဲပုံ)က ၎င်းအနေဖြင့် အာကာသခရီးသွားအေဂျင်စီတစ်ခုနှင့် သဘောတူစာချုပ်တစ်ခု ချုပ်ဆိုပြီးသွားပြီဖြစ်ကြောင်း တနင်္လာနေ့က မော်စကိုမြို့တွင် သတင်းထောက်များကို ပြောကြားသည်။

အသက်(၅၂)နှစ်ရှိ တာကာမတ်ဆုသည် အာကာသယာဉ်မှူးတစ်ဦးအဖြစ် ဇန်နဝါရီလကတည်းက ရုရှားနိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ တာကာမတ်ဆုသည် နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်ရန် ဗြိတိသျှအဆိုတော် ဆာရာဘရိုက်မန်း၏ နေရာတွင် အစားထိုးရွေးချယ်ခံရခြင်းဖြစ်သည်။ ဆာရာဘရိုက်မန်း၏ နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်ရန်အစီအစဉ်ပြတ်သွားပြီးနောက် ရုရှားအာကာသအေဂျင်စီက တာကာမတ်ဆုနှင့် သွားမည့်အစီအစဉ်ကို ထပ်မံပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ တာကာမတ်ဆု၏ သဘောတူစာချုပ်တွင် ကုန်ကျစရိတ်ကိုဖော်ပြထားခြင်းမရှိသော်လည်း လိုအပ်သည့်ငွေကြေးထက် ပိုမိုကုန်ကျဖွယ်ရှိကြောင်း တနင်္လာနေ့က သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

ဆိုယုဇ်အာကာသယာဉ်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်မည့် ခရီးစဉ်တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းရသည်။

တာကာမတ်ဆုသည် အာကာသယာဉ်မှူးအဖြစ် ရုရှားနိုင်ငံတွင် စက်တင်ဘာလအထိ လေ့ကျင့်မှုများပြုလုပ်နေရဦးမည်ဖြစ်သည်။ ၎င်းက ပုံရိပ်ဆွဲအားအထူးကောင်းမွန်သည့် ကင်မရာဖြင့် ကမ္ဘာမြေကို ဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ကူးရန် ပြင်ဆင်သွားမည်ဟု ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# သမ္မတအဖြစ်ရှိနေပါက ခရိုင်းမီးယားကျွန်းဆွယ် ဆုံးရှုံးမည်မဟုတ်ဟု ယူကရိန်းသမ္မတဟောင်း ပြော

**လန်ဒန် ဇွန် ၂၃**

ယူကရိန်းသမ္မတဟောင်း ဗစ်တာ ယာနူကိုဗစ်ချ်က မိမိသာ သမ္မတအဖြစ် ဆက်လက်တည်ရှိနေခဲ့ပါက ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားတို့၏ ကျူးကျော်မှုခံရမည်မဟုတ်ကြောင်း တနင်္လာနေ့က ဘီဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားလိုက်သည်။ ခရိုင်းမီးယားကျွန်းဆွယ် ယူကရိန်းနိုင်ငံ ပြန်လည်ရရှိနိုင်မည့်အလားအလာနှင့် ပတ်သက်၍ ၎င်းက ငြင်းပယ်သွားခဲ့ပြီး လက်တွေ့တွင် မဖြစ်နိုင်တော့ဟု ဆိုသည်။

ယာနူကိုဗစ်ချ်က ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်မှုမပြုမီ ယူကရိန်းနိုင်ငံ ကိဗ်ယက်မြို့တော်တွင်ဖြစ်ပွားခဲ့သည် သွေးထွက်သံဖြစ်ပွားမှုများနှင့် ပတ်သက်၍ အချို့ကိစ္စများ၌ မိမိတွင်တာဝန်ရှိကြောင်း လက်ခံသည်ဟု ပြောကြားသည်။ သို့သော်မိမိအနေဖြင့် ဆန္ဒပြသူများအားပစ်ခတ်နှိမ်နင်းရန် လုံခြုံရေးတပ်ဖွဲ့များကို အမိန့်ပေးစေခိုင်းခဲ့ခြင်းမရှိဟု ဆက်လက်ပြောကြားသည်။ ထိုစဉ်က ကိဗ်ယက်မြို့တော်တွင် အစိုးရဆန့်ကျင်ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့များကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများကြောင့် လူ ၁၀၀ ကျော်သေဆုံးခဲ့ရသည်။

ယာနူကိုဗစ်ချ်က ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် အစိုးရတပ်များနှင့် ရုရှားလိုလားသည့် တပ်ဖွဲ့များကြား တိုက်ခိုက်မှုများဖြစ်ပွားနေသည့် အရေးနှင့် ပတ်သက်၍လည်း နှစ်ဖက်စလုံးအနေဖြင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးကြရန် တောင်းဆိုခဲ့ပြီး ယင်းဒေသသည် ယူကရိန်းနိုင်ငံ၏ ပိုင်နက်နယ်မြေအဖြစ် ဆက်လက်တည်ရှိနေသင့်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



**ယူကရိန်းသမ္မတဟောင်း ဗစ်တာ ယာနူကိုဗစ်ချ်(ဝဲ)နှင့် ဘီဘီစီသတင်းဌာနတို့ တွေ့ဆုံမေးမြန်းစဉ်။**

# နီပေါမြေငလျင် ပြန်လည်ထူထောင်ရေး ဒေါ်လာသန်း ၅၀၀ ကမ္ဘာ့ဘဏ် ကူညီမည်

**ခတ္တမန္ဒူ ဇွန် ၂၃**

နီပေါနိုင်ငံ၌ ဧပြီလနှင့်မေလအတွင်းက မြေငလျင်နှစ်ခုလှုပ်ခဲ့ခြင်းကြောင့် လူပေါင်း ၉၀၀၀ နီးပါးသေဆုံးခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ဒေါ်လာသန်း ၅၀၀ အကူအညီပေးရန် ကမ္ဘာ့ဘဏ်က ဇွန် ၂၃ ရက်တွင် အတည်ပြုလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

နီပေါနိုင်ငံ၏ ကျေးလက်ဒေသများ၌ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဒေါ်လာသန်း ၂၀၀ ထောက်ပံ့ပေးမည့်အပြင် အစိုးရအဖွဲ့ထံ ဒေါ်လာသန်း ၁၀၀ တိုက်ရိုက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်အခြေစိုက် ကမ္ဘာ့ဘဏ်က ပြောကြားသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အလေးထားလုပ်ဆောင်နိုင်ရေးအတွက် နီပေါနိုင်ငံ၌ လက်ရှိအကောင်အထည်ဖော်နေသော စီမံကိန်းများမှ ရန်ပုံငွေ သန်း ၁၀၀ မှ သန်း၂၀၀ အထိကို လွှဲပြောင်းပေးမည်ဖြစ်သည်။

နီပေါနိုင်ငံ၏သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ဖြစ်သည့် မြေငလျင်လှုပ်မှုကြောင့် အကြီးအကျယ် ထိခိုက်ခဲ့ရပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံအထိ ကျခံသုံးစွဲရမည်ဟု အစိုးရက ခန့်မှန်းထားသည်။ **ရိုက်တာ။**

# နျူကလီးယားနည်းပညာ ပိုင်ဆိုင်ခွင့်ဥပဒေကြမ်း အီရန်ပါလီမန် အတည်ပြု

**တီဟီရန် ဇွန် ၂၃**

အီရန်နိုင်ငံသည် နျူကလီးယားနည်းပညာပိုင်ဆိုင်ခွင့်ရှိပြီး နျူကလီးယား သုတေသနလုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခွင့်ရှိမှုကို အစိုးရက တာဝန်ယူရန် ဖော်ပြသော ဥပဒေကြမ်းတစ်ရပ်ကို ပါလီမန်က ဇွန် ၂၃ရက်တွင် အတည်ပြုလိုက်သည်။

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ်ရာ နျူကလီးယားအစီအစဉ်အား ထိန်းချုပ်နိုင်မည့် ဆွေးနွေးပွဲတစ်ရပ်ကို ယင်းနိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ပြုလုပ်နေချိန်အတွင်း အဆိုပါဥပဒေကြမ်းကို ပါလီမန်က အတည်ပြုလိုက်ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒများနှင့် ဆန့်ကျင်ဖီလာဖြစ်နေသော ဥပဒေကြမ်းဖြစ်ကြောင်း အီရန်အစိုးရက တုံ့ပြန်ပြောကြားခဲ့သည်။

အဆိုပါ ဥပဒေ အာဏာသက်ဝင်လာရန် အီရန်အုပ်ချုပ်ရေးကောင်စီက အတည်ပြုလက်မှတ်ရေးထိုးရန် လိုအပ်နေဆဲဖြစ်သည်။

ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာတွင် အမတ် ၂၄၄ ဦးအနက် ၂၁၄ ဦးက ထောက်ခံပြီး ၁၀ ဦးက ကန့်ကွက်ကာ ခြောက်ဦးက ကြားနေမဲပေးသည်။ ကျန်သူများမှာ မဲမပေးဘဲနေသည်။

အီရန်နျူကလီးယား ဆွေးနွေးပွဲမှာ အကြိတ်အနယ်ရှိလှပြီး ဇွန် ၃၀ရက်နောက်ဆုံးထား၍ သဘောတူညီချက်ရရှိရန် အချိန်ဇယားသတ်မှတ်ထားသည်။အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများကို ဝင်ရောက်စစ်ဆေးခွင့်ပြုရန်အချက်နှင့် ပတ်သက်၍ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က တောင်းဆိုထားသည်။ **ရိုက်တာ။**

# လူ့အခွင့်အရေးမှတ်တမ်း စောင့်ကြည့်မည့်ရုံးသစ် မြို့တော်ဆိုးလ်၌ ကုလသမဂ္ဂဖွင့်လှစ်

**ကုလသမဂ္ဂ ဇွန် ၂၃**

မြောက်ကိုရီးယားနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများကို လေ့လာစောင့်ကြည့်နိုင်ရန် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်တွင် ကုလသမဂ္ဂက ရုံးသစ်တစ်ရုံးကို ဖွင့်လှစ်လိုက်ကြောင်း ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ၏ ရုံးသစ်ဖွင့်လှစ်ပွဲအခမ်းအနားသို့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ဇီယက်ရာယက်အယ်လ်ဟူစိန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယန်ဗြွန်ဆီတို့ တက်ရောက်ကြသည်။ အဆိုပါရုံးကို ဖွင့်လှစ်မည်ဆိုပါက မိမိတို့က အရေးယူတုံ့ပြန်ဒဏ်ခတ်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ခဲ့သော်လည်း ကုလသမဂ္ဂနှင့် တောင်ကိုရီးယားနိုင်ငံတို့က အလေးမူခြင်းမရှိပေ။

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း ကွမ်ကျူးမြို့၌ လာမည့်လတွင်ကျင်းပမည့် ကမ္ဘာ့တက္ကသိုလ်များအားကစားပြိုင်ပွဲကို သပိတ်မှောက်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ရုတ်တရက်ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ကုလသမဂ္ဂရုံးသစ်ကို မြောက်ကိုရီးယားက ဝေဖန်ခြင်းမပြုရန် တောင်ကိုရီးယားနိုင်ငံက တိုက်တွန်းခဲ့သည်။

ဆိုးလ်မြို့၌ ကုလသမဂ္ဂ၏ရုံးသစ် ဖွင့်လှစ်ခြင်းသည် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးကို အကြီးအကျယ်ထိခိုက်စေနိုင်သည်ဟု မြောက်ကိုရီးယားအားကစားတာဝန်ရှိသူတစ်ဦးက ကွမ်ကျူးကမ္ဘာ့တက္ကသိုလ်များအားကစားပြိုင်ပွဲကျင်းပရေးကော်မတီထံ လွှန်ခဲ့သည့်ရက်သတ္တပတ်က အီးမေးလ်ပေးပို့ခဲ့သည်။

**ပီတီအိုင်။**



# အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး မန်ဇူကစ်အား ဂျူဗင်တပ်အသင်းခေါ်ယူ

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ခရိုအေးရှားတိုက်စစ်မှူး မန်ဇူကစ်အား ပြောင်းရွှေ့ကြေးပေါင် ၁၃ ဒသမ ၆ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး မန်ဇူကစ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဘိုင်ယန်မြူးနစ်အသင်းမှ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ပွဲပေါင်း ၄၃ ပွဲကစားပေးထားခဲ့ပြီး သွင်းဂိုး ၂၀ အထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး မန်ဇူကစ်သည် အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းအထိ တိုးမြှင့်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ မန်ဇူကစ်သည် ၂၀၁၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်နွေရာသီက အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းအပါအဝင် ယခုတစ်ကြိမ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းကြောင့် လေးနှစ်တာကာလအတွင်း အသင်းသုံးသင်း အပြောင်းအရွှေ့ပြုလုပ်ခဲ့သူဖြစ်သည်။



တိုက်စစ်မှူး မန်ဇူကစ်အား ယခုသီတင်းပတ်အစောပိုင်းက စာချုပ်ချုပ်ဆိုရန်သဘောတူညီခဲ့ခြင်းဖြစ်ပြီး အီတလီနိုင်ငံ တူရင်မြို့သို့ ဇွန် ၂၈ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။"ကျွန်တော် ဂျူဗင်တပ်နဲ့ တူရင်မြို့ကို သဘောကျခဲ့တာကြာပါပြီ။ အဲဒီမှာ ပျော်ရွှင်မှုရလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ အဲဒါကြောင့် ကျွန်တော့်ရဲ့ အသင်းသစ် ဂျူဗင်တပ်အတွက် အကောင်းဆုံးတိုက်ပွဲဝင်သွားမှာပါ။ ဘယ်အရာမဆိုလိုအပ်ရင် လိုအပ်သလို ပေးဆပ်သွားဖို့လည်း အသင့်ပါပဲ"ဟု တိုက်စစ်မှူးမန်ဇူကစ်က ဂျူဗင်တပ်အသင်းနှင့် စာချုပ်ပြီးနောက် ပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ပါလာမိုအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ပေါ်လိုဒိုင်ဘာလာနှင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ခီဒီယာတို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် တိုက်စစ်မှူး မန်ဇူကစ်သည် ဂျူဗင်တပ်အသင်း၏ ယခုနှစ်နွေရာသီခေါ်ယူခဲ့သည့် တတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။ [နိုင်လင်းကြည်]




# အာဆင်နယ်သို့ ပြောင်းမည်ဆိုသည့် သတင်းအား ပီတာချက်ချ်ငြင်းဆို

ချယ်လ်ဆီးဂိုးသမား ပီတာချက်ချ်သည် ယခုတစ်ပတ်အစောပိုင်းတွင် လက်ရှိကလပ် ချယ်လ်ဆီးအသင်းမှ ပရီမီယာလိဂ်ပြိုင်ဘက် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့်သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင်မူ မည်သည့်သဘောတူညီမှုမျှ ပြုလုပ်ထားခြင်းမရှိကြောင်း ၎င်း၏စီမံခန့်ခွဲမှုကုမ္ပဏီက တွစ်တာစာမျက်နှာမှတစ်ဆင့် ငြင်းဆိုထားကြောင်းသိရသည်။

ထို့ပြင် ချယ်လ်ဆီးဂိုးသမား ပီတာချက်ချ်ကိုယ်တိုင်ကလည်း မိမိအနေဖြင့် ချယ်လ်ဆီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ကြောင်း ငြင်းဆိုထားသည်။ ပီတာချက်ချ်သည် ချယ်လ်ဆီးအသင်းတွင် ၁၁ နှစ်ကြာကစားခဲ့ပြီးနောက် လန်ဒန်ပြိုင်ဘက် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် မျှော်လင့်ထားခဲ့သည်။ ယင်းမှာ ချယ်လ်ဆီးအသင်း၌ ဂိုးသမားကော်တွိုက်ရှိနေခြင်းကြောင့် ၎င်း၏ ပုံမှန်ပွဲထွက်ခွင့်အကန့်အသတ်ဖြစ်လာနိုင်သည်ဟု ယူဆထားခြင်းကြောင့်ဖြစ်သည်။

ပီတာချက်ချ်သည် ချယ်လ်ဆီးအသင်းတွင် ကစားစဉ်ကာလအတွင်း ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၄၀၀ ကျော် ပါဝင်ကစားပေးခဲ့ကာ ပရီမီယာလိဂ်ဖလားလေးကြိမ်၊ အက်ဖ်အေဖလားလေးကြိမ်၊ ယူရိုပါလိဂ်ဖလားတစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးပေးထားနိုင်ခဲ့သူဖြစ်သည်။

ဂိုးသမားပီတာချက်ချ်သည် ၂၀၀၄ ခုနှစ်က ရင်းနက်စ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် ချယ်လ်ဆီးအသင်းနှင့်အတူ စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း ချယ်လ်ဆီးအသင်းကို စွန့်ခွာကာ အခြားကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခဲ့သူဖြစ်သည်။ [ငွေကြယ်]

## ဘောလုံး လောက သတင်းတိုများ

- မန်ယူအသင်းသည် ယခုနွေရာသီဈေးကွက်အတွင်း အေဗျက်ဂိုးသမား စီလက်ဆန်၊ ရီးယဲလ်နောက်ခံလူ ရာမို့စ်၊ ဘိုင်ယန်ကွင်းလယ်လူ ရှဝိန်းစတိုင်ဂါနှင့် ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်အပါအဝင် ကစားသမားသစ်များ ခေါ်ယူမှုအတွက် ပေါင် သန်း ၁၅၀ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။
- နယူးယောက်စီးတီးအသင်းသည် ဂျူဗင်တပ်နှင့် အီတလီကွင်းလယ်ကစားသမား ပီယာလိုအား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် ဂျူဗင်တပ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာအား မခေါ်ယူနိုင်ခဲ့ပါက အာဆင်နယ်ကွင်းလယ်ကစားသမား ဝီလ်ရှိုင်းယားအား ခေါ်ယူသွားရန် ရှိနေကြောင်း သိရသည်။
- ဖီနာဘာချီအသင်းသည် မန်ယူအသင်းမှ ပေါ်တူဂီတောင်ပံကစားသမားနာနီအား ပေါင်ခုနစ်သန်းဖြင့် စာချုပ်ချုပ်ဆိုရန် မျှော်လင့်ထားကြောင်းသိရသည်။
- ဆန်းဒါးလန်းအသင်းသည် ဝက်စ်ဟမ်းတောင်ပံကစားသမား စတီးဝက်ဒေါင်းနင်းအား ခေါ်ယူစာချုပ်ရန် ဆန္ဒရှိနေသော်လည်း ၎င်း၏ မွေးရပ်ဇာတိကလပ်အသင်းဖြစ်သည့် မစ်ဒယ်ဘရော့အသင်းနှင့် အပြိုင်ကြိုးပမ်းနေရကြောင်း သိရသည်။

# မန်ယူနောက်ခံလူ ဖီးလ်ဂျုံး တစ်ပတ်လုပ်ခပေါင် ၈၀၀၀၀ ရရှိမည်

မန်ယူနောက်တန်းကစားသမား ဖီးလ်ဂျုံးသည် ၎င်း၏ မန်ယူအနာဂတ်မရေရာမသေချာမှုကို အဆုံးသတ်ရန်အတွက် လက်ရှိကလပ်မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်သည်။

ဖီးလ်ဂျုံးသည် ယခုစာချုပ်သစ် ချုပ်ဆိုလိုက်ခြင်းကြောင့် ၎င်း၏ မန်ယူအသင်းနှင့် အင်္ဂလန်အသင်းကစားဖော် ခရစ္စမောလင်းရရှိသည့် တစ်ပတ်လုပ်ခလစာပေါင် ၈၀၀၀၀ ရရှိတော့မည်ဖြစ်ကြောင်းလည်း သိရသည်။ အသက် (၂၃)နှစ်အရွယ်ရှိ နောက်ခံလူ ဖီးလ်ဂျုံးသည် ၂၀၁၁ ခုနှစ်က ဘလက်ဘန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ လာမည့်ဘောလုံးရာသီကုန်တွင် ၎င်း၏ မန်ယူနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ယခုကဲ့သို့ စာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းဖြစ်ပြီး မန်ယူအသင်းနည်းပြ ဗန်ဟားလ်ကလည်း ဗဟိုခံစစ်မှူး ဖီးလ်ဂျုံးအား အသင်းတွင် ဆက်ရှိနေစေရေးအတွက် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



ဖီးလ်ဂျုံးသည် ဗဟိုခံစစ်မှူးဖြစ်သော်လည်း ညာနောက်ခံနေရာတွင်လည်းကောင်း၊ ကွင်းလယ်ပိုင်းတွင်လည်းကောင်း ကျွမ်းကျင်စွာကစားနိုင်သူဖြစ်သောကြောင့် မန်ယူအသင်းအနေဖြင့် အင်္ဂလန်လက်ရွေးစင်ကစားသမား ဖီးလ်ဂျုံးအား စာချုပ်သစ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း နောက်တန်းကစားသမား စမောလင်းသည်လည်း ယခုလအစောပိုင်းက စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ [ငွေကြယ်]

# ဟာနန်ဒက်ဇ်အား အက်သလက်တီကိုမက်ဒရစ်စိတ်ဝင်စားနေ

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်အား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် မက်ဒရစ်မြို့သို့ ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။ မန်ယူအသင်းမှ မက္ကဆီကိုတိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီတစ်လျှောက်လုံး ရီးယဲလ်မက်ဒရစ်အသင်း၌ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့သူဖြစ်သည်။

သို့ရာတွင် တိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန်အတွက် အခွင့်အရေးကိုမူ မရရှိခဲ့ပေ။

လက်ရှိတွင် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး မန်ဇူကစ်သည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သောကြောင့် အဆိုပါတိုက်စစ်မှူးနေရာတွင်အစားထိုးရန်အတွက် အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဒီယေဂိုဆီမြွန်းနီက တိုက်စစ်မှူး ဟာနန်ဒက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

မန်ယူအသင်းနည်းပြ ဗန်ဟားလ်အနေဖြင့်လည်း တိုက်စစ်မှူးဟာနန်ဒက်ဇ်အား မန်ယူအသင်းသို့ ပြန်လည်ခေါ်ယူရန် စီစဉ်ထားခြင်းမရှိဘဲ ယခုနှစ် ဘောလုံးရာသီမစတင်မီ အပြောင်းအရွှေ့ဈေးကွက်အတွင်း ပြန်လည်ရောင်းချသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ [နိုင်လင်းကြည်]



# ဇွန် ၂၃ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံ ဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ပုသိမ်၊ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ၄၅၀၀၀ |
| ၂ | ဧယာ/ ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ၁၈၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ၂၃၀၀၀ |
| ၇ | မတ်ပဲ *(FAQ)*(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၈၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀မှ၁၂၈၀၀၀ |
| ၉ | ဆွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀၀၀ မှ၈၂၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀၀ မှ၂၈၀၀၀ |
| ၁၃ | ပဲလွန်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၄၀၀၀ မှ၈၂၀၀၀ |
| ၁၄ | ဗိုကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၃၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၀၀၀၀မှ၁၉၀၀၀၀ |
| ၁၆ | နှမ်းနက် | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀မှ၁၃၀၀၀၀ |
| ၁၇ | နှမ်းညို (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၅၀၀၀ |
| ၁၈ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၂၀၀၀ |
| ၁၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၀၀၀၀မှ၁၀၂၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ မုံရွာ၊ ပျော်ဘွယ်မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၅ မှ ၆၀၀ |
| ၂၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၀၅၀ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၅၅၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၉၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၈၀၀၀ မှ ၄၉၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၁၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ
မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထု ဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**

**မိုင်းပွန်မြို့နယ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၃) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပွန်မြို့ ပွန်ချောင်း တံတားအနီးတွင် မိုင်းပွန်မြို့ဘက်မှ ဟိုပုံးမြို့ဘက်သို့ အောင်သန်းမောင်းနှင်ပြီး ကျော်ထူးလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ သိမ်းဆည်းရမိသဖြင့် အောင်သန်း (၁၉)နှစ်နှင့် ကျော်ထူး (၁၈)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နောင်ချိုမြို့**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်က မူးယစ် တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့



**စိုင်းရွှေညွန့်နှင့် ဆန်မောင်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မိုင်းရှူးမြို့နယ် ဟိုင်းဟွမ်ကျေးရွာမှ နောင်ချိုမြို့သို့ စိုင်းရွှေညွန့် မောင်းနှင်ပြီး ဆန်မောင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၀ သိမ်းဆည်းရမိသဖြင့် စိုင်းရွှေညွန့် (၂၉) နှစ်နှင့် ဆန်မောင် (၃၅) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျောင်းဆောင်သစ်သုံးခု လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၃**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေစီမံကိန်း ဒေဝူးရေနံကုမ္ပဏီသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သော လူမှုစီးပွားလုပ်ငန်းများအနက်မှ ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာ(အထက)၊ မလကျွန်းကျေးရွာ(အမက)နှင့် စစ်တောကျေးရွာ(အထက)ကျောင်းများတွင် ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းဆောင်သစ် သုံးခုအား မေ ၂၅ ရက်က ဒေဝူးကုမ္ပဏီ၏ လူမှုတာဝန်သိလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအာကာအောင်က ကျောက်ဖြူမြို့နယ် မြို့နယ်ပညာရေးမှူး ဦးရွှေမောင်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဒေဝူးရေနံကုမ္ပဏီမှ ရခိုင်ပြည်နယ်တွင် လူမှုစီးပွားကဏ္ဍများဖြစ်သည့် ပညာရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၄၃၃၁၀၄ ဒသမ ၆၆၊ ကျန်းမာရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၆၉၉၆၃ ဒသမ ၃၇ နှင့် အခြားကဏ္ဍများအတွက် အမေရိကန်ဒေါ်လာ ၅၈၈၀၈၂ ဒသမ ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၉၁၁၅၀ ဒသမ ၂၃ သုံးစွဲခဲ့ကြောင်း သိရသည်။

ယခုလှူဒါန်းသည့် ကျောင်းဆောင်သစ်သုံးခုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် တည်ဆောက်လှူဒါန်းခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆၂၀၉၄ သုံးစွဲခဲ့ကြောင်း၊ အဆိုပါကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်းအားဖြင့် မလကျွန်း၊ ဂုံးချိန်၊ စစ်တောကျေးရွာအုပ်စုများရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀၀ ခန့်အတွက် ပညာသင်ကြားနိုင်ရေး အထောက်အကူပြုနိုင်ကြောင်း သတင်းရရှိသည်။

**(မင်းမင်းဦး)**

# သားရတနာလေး"မောင်ခန့်တည်ကြည်"၏ (၂)နှစ်ပြည့် မွေးနေ့ဆုမွန်လွှာ

၂၄-၆-၂၀၁၅ ရက်တွင် ကျရောက်သော သားသား "မောင်ခန့်တည်ကြည်"၏ (၂) နှစ်ပြည့် မွေးနေ့မှစ၍ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။ အရာရာကို ဆင်ခြင်တုံတရားနှင့် ပိုင်းခြားဆုံးဖြတ်နိုင်သော ထူးချွန်ထက်မြက်သည့် ပညာတတ်သားကောင်းရတနာလေးဖြစ်ပါစေ။

**နှစ်ဖက်သော ဘဘ၊ ဘွားဘွားနှင့်**
**ဖေဖေ-ဗိုလ်ကြီးကျော်စည်သူ**
**မေမေ-ဒေါ်ဝင်းဖြူဖြူအောင်**

# လက်ထပ်ပြီးစီးခြင်းနှင့် မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါက်တာအုန်းကျော်[M.B.,B.S, DP & TM;MPH(USA) (SEARO-Retired)]-ဒေါ်လှလှဝင်းတို့၏ တစ်ဦးတည်းသော သား

မောင်သန့်စင်
**B.E(Chemical)Monash University, Melbourne, Australia**
**Project Engineer (Industrial Services Pte Ltd.,Singapore)**

နှင့်

ဝဏ္ဏကျော်ထင်(ဦးကျော်တင်)(ဒုတိယဝန်ကြီး-ငြိမ်း)-ဒေါ်စုစုတို့၏ မြေးဦး၊
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ ဦးမောင်မောင်ဦး-ဒေါ်ယဉ်ယဉ်မွန်(SAT ငြိမ်း-TTC) တို့၏ သမီးဦး

မခင်မြတ်နိုးဦး
**B.A(English), B.Sc(Hons)Finance**
**M.Sc(Finance) University College Dublin, Ireland**

တို့သည် ၂၃-၆-၂၀၁၅ (အင်္ဂါနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ခင်မြတ်သူ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၃-၆-၂၀၁၅ရက်တွင် Sedona Hotel, Grand Ballroom ၌ ကျင်းပသော မင်္ဂလာညှော့ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သီရိပျံချီ ဗိုလ်ချုပ်ကြည်အောင် (အငြိမ်းစားဝန်ကြီး)၊ (ဣန္ဒြာဆွေ)နှင့် ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဦးကျော်စန်ဝင်း[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]နှင့် ဒေါ်ခင်မြသိန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦးအားလည်းကောင်း၊ Cupid Music Band တေးဂီတအဖွဲ့အားလည်းကောင်း၊ Pre Wedding Photo ရိုက်ကူးပေးပါသော Yes I Do Photo Studio အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ White Link (Singapore)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော မထက်(Pop-Soul)နှင့် အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်မြန်းပေးပါသော မစန်းစန်းဦးနှင့်အဖွဲ့၊ မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော Cute Cupid အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကြဲဖြန့်ပေးပါသော မမေမြတ်ချယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မအိသီရိသက်ဝေဦးအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ မောင်ထက်အောင်နှင့် မောင်မိုးမင်းဇော်၊ မင်္ဂလာသတို့သမီးအရံ မရည်မွန်ကျော်နှင့် မခိုင်ဝတ်ရည်ဦးတို့အားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သန့်စင်-မခင်မြတ်နိုးဦး**

# လူလေးသို့ပေးစာများ -၁၇

**မြသန်းတင့်**



*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက် များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေ ဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

**လန်ဒန်၊ ဧပြီ ၁ ရက်၊ ၁၇၄၈ ခုနှစ်။**

**လူလေး**

ခုချောစာ သုံးပတ်ရှိသွားပြီ။ ဒီချောစာ သုံးပတ်စလုံးမှာ မင်းဆီကရော မစ္စတာဟာတီဆီကတော့ စာတစ်စောင်မှ မရဘူး။ စာထည့်လျက်သားနဲ့ လန်ဒန်နဲ့ လိုက်ပဇ်ကြားမှာ အပျောက်အရှရှိလို့ပဲလို့ ဖေဖေယူဆတယ်။ ဝေးလည်း ဝေးတော့ ဒီကြားထဲမှာ အပျောက်အရှတို့ ဘာတို့ကလည်း ရှိနိုင်ပေတာပဲ။

မင့်ကျန်းမာရေးနဲ့ ပတ်သက်လို့ မင်းစာထဲမှာ ဘာမှ ပြောသံဆိုသံမကြားရတော့ နေထိုင်ကောင်းတယ်လို့ပဲ ဖေဖေယူဆတယ်။ ဖေဖေကတော့ မင်းရဲ့ ကျန်းမာရေးနဲ့ မင်းရဲ့ ပျော်ရွှင်ရေးအတွက်ပဲ စိတ်ပူမိတာ။ ဖေဖေ့ဆီကို မင်းစာမရေးတာဟာသည့်ထက် အကျိုးရှိတဲ့အလုပ်တစ်ခု ကို လုပ်နေလို့မရေးဖြစ်တာပဲလို့ ဖေဖေယူဆတယ်။ မင်းဟာ အစားအသောက်ကို မျှတစွာ စားသုံးရင်ကျန်းမာရေး လည်းကောင်းနေမှာပဲ။ မင်းတို့ အရွယ်မှာ သဘာဝကြီးက မင်းတို့ရဲ့ခန္ဓာကိုယ်ကို စောင့်ရှောက်ထိန်းသိမ်းပေးနေမှာ ပဲ။ ဒီလိုသဘာဝက ထိန်းသိမ်းပေးရာမှာ သဘာဝကိုတော့ သွားနှောက်ယှက်လို့ မရပေဘူးပေါ့။ ကိုယ်က အစား အသောက်ကို မဆင်မခြင်စား၊ ဖြစ်လာရင် ဆေးဝါးတွေ သောက်။

ဒီလိုလုပ်နေရင်တော့ သဘာဝကြီးက ထိန်းသိမ်းစောင့် ရှောက်သွားသလို စိတ်ကိုလည်း သဘာဝကြီးက အလားတူ စောင့်ရှောက်ပေးသွားတာပဲ။ အထူးသဖြင့် မင်းတို့အရွယ် မှာ စိတ်ကို အစဉ်အမြဲသတိနဲ့ စောင့်ကြည့်ဖို့လိုတယ်။ စိတ်ကို လေ့ကျင့်ခန်း လုပ်ပေးဖို့လိုတယ်။ လူရဲ့ စိတ်ဟာ ဆယ့်ငါးမိနစ်တစ်ကြိမ်တိုင်းမှာ ကောင်းမှုကိုဖြစ်စေ၊ မကောင်းမှုကိုဖြစ်စေ တစ်ခုခုကို ဝင်စားနေတတ်တယ်။

ဒါကြောင့် အဲဒီစိတ်ကို ကျန်းမာအောင် လုပ်ဖို့အတွက် လေ့ကျင့်ခန်းကောင်းကောင်းလိုတယ်။

တစ်ခြားကို မကြည့်ပါနဲ့။ ယဉ်ကျေးအောင် မွေးမြူထား တဲ့စိတ်နဲ့ ယဉ်ကျေးအောင်မွေးမြူထားခြင်းမရှိတဲ့ စိတ်တို့ရဲ့ ခြားနားပုံကိုပဲ လေ့လာကြည့်ပါ။ စိတ်ကို ယဉ်ကျေးအောင် မွေးမြူရတာက ခက်ခဲလွန်းလှတယ်။

အဲဒီလောက် အချိန်ပေးနိုင်မှာ မဟုတ်ဘူးလို့ ထင်ကောင်း ထင်လိမ့်မယ်၊ မြင်းရထားသမား တစ်ယောက်ဟာ မီလ်တန် လို၊ လော့ခ်လို၊ နယူတန်လို ကိုယ်လက်အင်္ဂါ အပြည့်အစုံနဲ့ မွေးဖွားလာတာပဲ၊ ဒါပေမယ့် စိတ်ကိုယဉ်ကျေးအောင် မွေးမြူနိုင်ခဲ့တဲ့အခါကျတော့ ရထားသမားဟာ မြင်းထက် အဆင့်မြင့်သလို မီလ်တန်တို့၊ လော့ခ်တို့၊ နယူတန်တို့ဟာ လည်း ရထားသမားထက် အဆင့်မြင့်သွားကြတယ်။ တခါ တစ်လေမှာ ပညာသင်ကြားမှု၊ မွေးမြူသင်ကြားမှုရယ်လို့ မရှိခဲ့ပဲ လူတစ်လုံးသူတစ်လုံး ဖြစ်လာတဲ့ ပါရမီရှင်တွေတော့ ရှိတတ်ပါရဲ့။ ဒါပေမယ့် ဒါမျိုးက တစ်ရာတစ်ယောက် ဆိုသလို ရှားပါးလေတော့ ဒါကို ဥပမာတစ်ခုအနေနဲ့ ကြည့်နေလို့ မဖြစ်ဘူး။

တကယ်လို့သာ သူတို့မှာ ပညာသင်ကြားမှု၊ စိတ်ကို မွေးမြူသင်ကြားမှုရယ်လို့ ရခဲ့ရင် သည့်ထက်သည်တောင် ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်သေးတယ်။ တကယ်လို့ သာ ရှိတ်စပီးယားရဲ့ ပါရမီဉာဏ်မျိုးဟာ မွေးမြူထိန်း ကျောင်းပေးခဲ့ရင် ရှိတ်စပီးယားရဲ့ ကဗျာအလှဟာသည့် ထက်သည် ပိုမိုတောက်ပြောင်လာမှာ သေချာတယ်။

ယေဘုယျအားဖြင့် ပြောရရင် လူတွေဟာ ပညာသင် ကြားမှုနဲ့ အပေါင်းအသင်း ပတ်ဝန်းကျင်က ပုံသွင်းပေးလိုက် တဲ့အတိုင်း ဖြစ်လာကြရတာပဲ။ အထူးသဖြင့် အသက် ဆယ်နှစ်နဲ့ နှစ်ဆယ့်ငါးကြားမှာ ဘယ်လို ပညာသင်ကြားခဲ့ သလဲ ဘယ်လိုပတ်ဝန်းကျင်မှာ နေခဲ့သလဲဆိုတဲ့အချက်ဟာ တော်တော်အရေးကြီးတယ်။ ဒါကြောင့်မို့ နောင်လာမယ့် ရှစ်နှစ်ကိုးနှစ်ဟာ မင်းအတွက် တော်တော်အရေးကြီး တယ်။ မင်းဘဝကိုအဲဒီရှစ်နှစ်ကိုးနှစ်က ဆုံးဖြတ်သွားမှာပဲ။

မင်းဟာ ဖေဖေ့မျှော်လင့်ချက်တွေနဲ့ နီးစပ်သူဖြစ်လိမ့် မယ်လို့ ဖေဖေမျှော်လင့်တယ်။

ဒါပေမယ့် သေးဖွဲတယ်လို့ ပြောကြတဲ့အရာတွေကို မင်းလျစ်လျူရှုမှာကို ဖေဖေစိုးရိမ်တယ်။

အမှန်ကတော့ သေးဖွဲတယ်လို့ ပြောတဲ့အရာတွေဟာ တော်တော်အရေးကြီးတဲ့ အရာတွေဖြစ်နေတတ်တယ်။

ဥပမာအားဖြင့် အပြုအမူ၊ အပြောအဆို ယဉ်ကျေး သိမ်မွေ့တာ၊ စကားကို ရည်မွန်အောင် ပြောတတ်တာ၊

စကားအရာလိမ္မာတဲ့အမူအရာမျိုးကို ပြတတ်တာ စတဲ့ အရာတွေဟာ တော်တော်အရေးကြီးတဲ့အရာတွေ ဖြစ် တယ်။

အဲဒီ အရာတွေသာလျှင် တကယ်ခိုင်မာတဲ့ အခွင့် သာမှုတွေ ဖြစ်တယ်။

လောကကြီးအကြောင်းကို ကောင်းစွာမသိသူများသာ လျှင် အဲဒီအရာတွေကို အသေးအဖွဲလို့ မှတ်ယူကြတယ်။

မင်းစကားပြောတာဟာ မြန်ပြီး ပီပီသသမရှိဘူးလို့ ဖေဖေ သိရတယ်။ ဒီလိုဖြစ်ရတာဟာ တော်တော်အရုပ်ဆိုးတယ် ဆိုတာ ဖေဖေ မကြာခဏ ပြောခဲ့ဖူးပြီ။ ဒါကြောင့်မို့ ဂရုစိုက် ပြီး စကားကို ပီသအောင်ပြောပါ။

စကားပြောရာမှာ ပီပီသသ၊ ရှင်းရှင်းလင်းလင်း၊ နှစ်လို ဖွယ်ကောင်းအောင် ပြောတတ်ဖို့ဟာ တော်တော် အရေး ကြီးတယ်။ တချို့လူတွေဟာ တော်တော်ကောင်းတဲ့ အကြောင်းအရာတွေကို ပြောပါလျက်နဲ့လက်လွတ် စပယ်ပြောတတ်ကြတဲ့အတွက် ကိုယ်ပြောတဲ့စကားဟာ အရာမရောက်ပဲ ဖြစ်ရတာကို ဖေဖေ တော်တော်များများ တွေ့ခဲ့ဖူးပြီ။

**အာဒီးယူး။**

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံး ပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

# အယ်ဒီတာထံပေးစာ

**စာတည်းမှူးရှင့်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်တိုင်းတွင် အရေးပေါ် မီးသတ်ရေကန်ကို သပ်ရပ်စွာထားကြ သော်လည်း ကျွန်မတို့ (၄၃) ရပ်ကွက်တွင်ချုံနွယ် တွေနှင့် မီးသတ်ရေကန်ပျောက်နေပါတယ်။ ၎င်းကို အခွင့်ကောင်းယူ၍ မြေကွက်ရိုက်ပြီးသားမရှိဘဲ တိုးချဲ့အိမ်များဆောက်လုပ်လာနေသည်မှာ ယခုဆိုလျှင် ရေကန်ကို မြေဖို့ဆောက်လာတဲ့အထိ ဖြစ်နေပါပြီ။ နောက်ဆိုလျှင် မီးသတ်ရေကန်ဟာ မိလ္လာကန်ဖြစ်လာနိုင်ဖွယ်ရှိနေပါသောကြောင့် (၄၃) ရပ်ကွက် မီးသတ်ရေကန်မပျောက်အောင်၊ သပ်ရပ်သန့်ရှင်းသော ရေကန်တစ်ခု ဖြစ်အောင် သက်ဆိုင်ရာလူကြီးမင်းတို့စီမံပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြအပ်ပါသည်။

**ရပ်ကွက်သန့်ရှင်းစေသူ**

**အယ်ဒီတာရှင့်**

(၂၆-၅-၂၀၁၅) နေ့ နံနက် ၉ နာရီခွဲတွင် ဘဏ်ခွဲ(၃)၌ ကျွန်မ၏ လယ်ပြ (ငြိမ်း)ပင်စင်ကိုသွားရောက် ထုတ်ယူခဲ့ပါသည်။ လစာရင်းထုတ်ပြီးနောက် တိုးမြှင့်ခံစားခွင့် လစာပါ/မပါကို ကွန်ပျူတာကိုင်ထံ စစ်မေးရပါသည်။ ထိုအခါ ကျွန်မ၏တိုးမြှင့်ခံစားခွင့်လစာမှာ တစ်လ ကျပ် ၆၀၀၀ဟု ပြောပါသည်။ ကျွန်မက မဖြစ်နိုင်ကြောင်း၊ ကျွန်မအောက်ရာထူးနှင့် လုပ်သက်ပါနိမ့်သူမှာ ပင်ငွေ တစ်သောင်းကျော်တိုးကြောင်း ပြောသောအခါပင်စင်ဦးစီးက တွက်ပေး ခြင်းသာဖြစ်ကြောင်းပြောပြပြီး ငွေထုတ်ရန် အလယ်စားပွဲသို့ ပို့လိုက်ပါသည်။ အလယ်စားပွဲမှ စာရင်းသွင်းသူက ကျပ် ၆၀၀၀ ကို အမှားခြစ်ပြီး ကျပ် ၁၃၅၀၀ ဟု ပြင်ဆင်ပေးထားပါလျက် ငွေထုတ်ပေးသူက ကျွန်မကို နှစ်လစာအတွက် ငွေကျပ် တစ်သောင်းနှစ်ထောင်ကျပ်ကို ထုတ်ပေးခဲ့ပါသည်။ ကျွန်မလည်း အိမ်ပြန် ရောက်ပြီးငွေထုတ်ပြေစာကို ပြန်စစ်ဆေးမှသာ ငွေတစ်သောင်းငါးထောင်ကျပ် ကို ဖြတ်ခံလိုက်ရကြောင်း သိရပါသည်။

တိုးမြှင့်လစာငွေ မခံစားရသေးသူ ဝန်ထမ်းများ အလားတူ မခံရအောင် ငွေများကို ပြေစာနှင့် သေသေ ချာချာစစ်ဆေးပြီးယူနိုင်ရန် အသိပေးလိုက်ပါသည်။

**တင်တင်အောင်(လယ်ပြ-ငြိမ်း)**

**အမှိုက်ကားများ ရပ်နားထား၍ အနံ့ဆိုးမခံနိုင်**

အလုံမြို့နယ် ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်တွင် အမှိုက်ကား များသည် ကားမှတ်တိုင်အပါအဝင်အနီးရှိ အောင်မင်္ဂလာကျောင်းတံတိုင်း တစ်လျှောက်လုံး နေရာယူ၍ နေ့စဉ်တစ်နေကုန်နီးပါး ရပ်နားထားပါသည်။ သို့အတွက် လိုင်းကားများလည်း မှတ်တိုင်တွင် နှစ်ထပ်ရပ်၍ လူတင်ရပါသည်။ ကားစောင့်သူများလည်း ကားလမ်းမပေါ်တက်၍ ကားစောင့်ရပါသည်။ လမ်းတစ်ဖက်သို့ကူးမည့်သူများလည်း အလွန်အန္တရာယ်များလှပါသည်။ အမှိုက်ကားများကိုကျော်ကြည့်ပြီး ကားကူးရခြင်း၊ အမှိုက်ကားများနောက်မှ ပန်းတက်လာသည့်ကားများကို ကြည့်ကူးရခြင်းတို့ကြောင့် အခက်အခဲ ဖြစ်ရပါသည်။ အနီးကျောင်းရှိ သံဃာတော်များလည်း ရပ်နားထားသော စည်ပင်ကားများမှ အနံ့အသက်များကို နေ့စဉ်ရှူရှိုက်နေကြရပါသည်။ ကျန်းမာရေးထိခိုက်နိုင်ပါသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် တစ်နေကုန်နီးပါးရပ်နားထားသော အမှိုက်အပြည့်ပါသော ကားများဆီမှ အနံ့အသက်များကြောင့် အတော်ပင်စိတ်ကသိကအောက် ဖြစ်ရပါသည်။ သို့အတွက်ကြောင့် ခရီးသွားပြည်သူများ ဘေးကင်းပြီး သံဃာတော်များ ကိုယ်စိတ်နှစ်ပါးချမ်းသာစေရန် အမှိုက်ကားများကိစ္စကို သက်ဆိုင်ရာက ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(အနီးဝန်းကျင်မှ အနံ့မခံနိုင်သူများ)**





**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မအူပင်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မအူပင်ဆေးရုံကြီးတွင် တက်ရောက်ကုသသည့်လူနာများအား ကုသပေးရန် လိုအပ်သောအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၄-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၇-၇-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ

တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို မအူပင်ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၄၅-၃၀၁၀၃**

**သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသောရောဂါများပျောက်ဆေးနည်း အခမဲ့ပေးမည်**

၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ဝန်းသီး (၅) လုံးစီ၊ (၅) ရက်စားပြီးနောက် (၆) ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကို တိကျစွာဆောင်ရွက်ခြင်းဖြင့် (၇) ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှ ကျောက်များ၊ အသည်းမှာ ဖုံးနေသော အဆီဖက်များ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်။ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံးဝ (လုံးဝ) ခွဲစိပ်ထုတ်စရာမလိုပါ။

၂။ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးရောဂါများအတွက် ရေနွေးနှင့်ဖျော်ရသော အပါအဝင်သဘာဝပစ္စည်း (၅/၇) မျိုးကို စနစ်တကျ (၆) ပတ်စားပြီး နောက်ဆက်လက် ဆောင်ရွက်ခြင်းဖြင့် ကျောက်ကပ်ကျောက်များ ဈေး ကြေ၍အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ ကျောက်ကပ်ကျောက်များ လုံးဝ (လုံးဝ) ခွဲစိပ်ထုတ်စရာမလိုပါ။ ကျောက်ကပ် ပျက်စီးပြီး ဆေးနေရသောရောဂါကိုသိသာစွာ သက်သာပျောက်ကင်းစေ ပါသည်။

ဆေးနည်းအပြည့်အစုံသိရှိလိုပါက **ဦးသန်းဝင်း၊ အာဆီယံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူးကြီး (ငြိမ်း) Ph: 095070157** ကို ကာယကံရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

— ဆောင်းပါး —

# ဇက်ကျီးပေါင်းတက်ခြင်းကြောင့်ဖြစ်သော အမူးရောဂါ သတိပြုစရာ

**à ကြည်လွင်မြင့်(မုဒြာ)**

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် မကြာခဏမူးသဖြင့် သူ့ကိုယ်သူ နှလုံးရောဂါဝင်လာပြီဟုထင်ကာ နှလုံးအထူးကုဆရာဝန်ကြီးနှင့်ပြသည်။ ပေးသမျှဆေးကို မှန်မှန်ဝယ်သည်။ နှလုံးနှင့်မသင့်သော အဆီအဆိမ့်များကို ရှောင်သည်။ နောက်ဆုံး နွားနို့နှင့် တိရစ္ဆာန်အသားများကိုပါ ရှောင်သည်။ သို့သော် သူ၏အမူးရောဂါမှာ သက်သာမလာ။ မသက်သာဟုဆိုသော်လည်း တစ်ခါတစ်ရံ သက်သာနေသည်။ တစ်ခါတစ်ရံ အခန့်မသင့်လျှင် မူးပြန်သည်။

သူ၏မူးပုံမှာ ဆန်းသည်။ နံနက်ပိုင်းတွင် အကောင်းပကတိရှိနေသည်။ နေ့လယ်ထမင်းစားပြီးချိန်အထိလည်း အကောင်း၊ ထမင်းစားပြီး ခေတ္တခဏမျှ တရေးတမော အိပ်စက်ရန် ခေါင်းအုံးပေါ် လှဲချလိုက်ချိန်တွင် ငြိမ့်ခနဲမူးသွားပြီး အိပ်၍လည်းမပျော်၊ အိပ်ယာပေါ်တွင် ငြိမ်ငြိမ်အိပ်နေသော်လည်း ရထားစီးနေသကဲ့သို့၊ လှိုင်းစီးနေသကဲ့သို့ ခံစားနေရသည်ဟုဆိုသည်။ သူပြောသောစကားအရ စာရေးသူသည် အာယုဗေဒကျမ်းတွင်ပါသော အကြွေပကခေါ် ဆင်ဦးစီးလေနှင့်တူသည်ဟု စဉ်းစားမိသည်။ ဆင်၏ဦးခေါင်းပိုင်းတွင် ထိုင်၍လိုက်သောဆင်ဦးစီးမှာ အငြိမ်နေရသည်မဟုတ်၊ တငြိမ့်ငြိမ့်နှင့် ရှေ့သို့တိုးသည်ဟုဆိုသည်။

အမှန်တော့ စာရေးသူ၏မိတ်ဆွေရောဂါမှာ ဇက်ကျီးပေါင်းတက်၍မူးသောရောဂါဖြစ်သည်။ နှလုံးရောဂါနှင့်ရောထွေးကာ အနာတလွဲ၊ ဆေးတလွဲ ဖြစ်နေခြင်းသာ။ တကယ်တော့သူသည် နှစ်ပေါင်းများစွာ ခေါင်းငုံ့ပြီးစာရေးရသည့် ရုံးအုပ်စာရေးကြီးအလုပ်ကို လုပ်ခဲ့သူဖြစ်သည်။ လည်ပင်းရိုးဆစ်များကို ခေါင်းငုံ့သည့်အနေအထားဖြင့် နှစ်ရှည်အလုပ်လုပ်ခဲ့သူများမှာ ကျီးပေါင်းတက်ရောဂါ ရစမြဲဖြစ်သည်။

ဦးခေါင်းကို ပင့်ထားသောလည်ပင်းရိုးဆစ်သည် အဆစ်ပေါင်း ၇ ဆစ်ရှိသည်။ ဦးခေါင်းငုံ့ခြင်း၊ မော့ခြင်း၊ ဘေးသို့လှည့်၍ကြည့်ခြင်း၊ အလုပ်တို့ကို ထိုအရိုးဆစ်များ ဘေးမှထွက်သည့် အာရုံကြောများက လုပ်ဆောင်ပေးသည်။ တစ်ခါတစ်ရံ အခန့်မသင့်၍ ငုံ့လိုက်မော့လိုက်ရာမှ အာရုံကြောနှင့်အရိုး အဆစ်နှစ်ခုကြားတွင်ရှိသော ဝါရှာကဲ့သို့ခံထားသော အရွတ်တုံးပိမိ၊ ညပ်မိသောအခါ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခဲခြင်း၊ နာကျင်ခြင်း၊ မူးဝေခြင်းစသော အာရုံခံစားချက်အမျိုးမျိုးကို သူ့နေရာ သူ့အနေအထားအလိုက် ခံစားရပေသည်။ ဦးနှောက်သို့သွေးပို့သော သွေးကြောပိုက်လိုင်းကို ပိမိသောအခါ ချာချာလည် မူးဝေသောဝေဒနာ ခံစားရသည်။ ထိုခံစားချက်သည် တစ်ခဏတာဖြစ်သည်ရှိသလို ရက်ရှည်ဒုက္ခပေးနေသည်မျိုးလည်း ရှိသည်။

လူအများ မကြာခဏဖြစ်လေ့ရှိသော အာရုံကြောညပ်ဝေဒနာမှာ လည်ပင်းရိုးအဆစ် (၃) နှင့် (၄) အကြား အာရုံကြောညပ်လျှင် လည်ဂုတ်အထက်နားမှ ဘယ်ညာညှပ်ရိုးအထက်ဧရိယာအထိ နာကျင်ပြီး ဇက်လှည့်မကောင်းခြင်း၊ ဇက်ခိုင်ခြင်း ဖြစ်လေ့ရှိသည်။ လည်ပင်းရိုးအဆစ် (၄) နှင့်

> ## ဦးနှောက်သို့ပို့သောသွေး ကြောမကြီးကို သွား၍ဖိမိလိုက်ပြီး ဦးနှောက်တစ်ခြမ်းမှာ သွေးမရောက်ဘဲ မူးဝေသော . . .

(၅) အကြား အာရုံကြောညပ်လျှင် လည်ဂုတ်ဆက်မှ ဘယ်ညာပခုံးကြော၊ လက်ပြင်ကြောအထိ ကိုက်ခဲနာကျင်နေတတ်သည်။

အုန်းလွဲသည့်ဝေဒနာကို ပုံမှန်ပူနွေးစေသည့်အကြောလိမ်းဆေး၊ ပရုပ်ဆီ၊ မုံညှင်းဆီ စသည်များလိမ်းပေး၍ အကြောပျော့ပြောင်းစေသောအခါ ဝေဒနာသက်သာသွားစေနိုင်သည်။ အချို့မှာ အနှိပ်သည်ဖြင့် ခပ်ကြမ်းကြမ်းနှိပ်မိပြီး အနှိပ်များကာ အကြောရောင်သောအဆင့်သို့ ရောက်၍ ပိုဆိုးသောဝေဒနာကို ရက်ရှည်ခံစားရနိုင်ကြောင်း သတိပြုစေလိုသည်။

ဆင်ဦးစီးလေနှင့်တူသော ဇက်ကျီးပေါင်းတက် အမူးရောဂါအကြောင်း ပြန်ကောက်ရလျှင် လူ၏လည်ပင်းရိုးဆစ် ၇ ဆစ်အတွင်းမှသွားသော သွေးကြောမကြီးနှစ်ချောင်းရှိသည်။ ထိုသွေးပိုက်လိုင်းနှစ်ချောင်းသည် ဦးခေါင်းခွံအတွင်းရှိ ဦးနှောက်ဘယ်ဘက်အခြမ်းနှင့် ညာဘက်အခြမ်းသို့ သွေးပို့ပေးသည်။ လည်ပင်းရိုးဆစ်သည် ကျီးပေါင်းကြောင့် အပွေးတက်ပြီး ထူလာခြင်း၊ ရှေ့သို့ချွန်ထွက်လာခြင်း၊ အတက်ကဲ့သို့ရှည်ထွက်လာခြင်း ဖြစ်နိုင်သည်။ ထိုသို့ဖြစ်ရန်လည်း ခေါင်းငုံ့စာရေးသည့် အလုပ်ကို နှစ်ပေါင်းနှစ်ဆယ်၊ သုံးဆယ် ပြုလုပ်ခဲ့သူများတွင်သာ ဖြစ်လေ့ရှိသည်။ ကျီးပေါင်းအချွန်အတက်သည် ခေါင်းငုံ့လိုက်သောအခါ သို့မဟုတ် မော့လိုက်သောအခါ၊ အိပ်ယာထဲသို့ လှဲအိပ်လိုက်သောအခါ အခန့်မသင့်သောအခါများတွင် ဦးနှောက်သို့ပို့သောသွေးကြောမကြီးကို သွား၍ဖိမိလိုက်ပြီး ဦးနှောက်တစ်ခြမ်းမှာ သွေးမရောက်ဘဲ မူးဝေသောခံစားချက်ကို ရုတ်တရက်ခံစားလိုက်ရခြင်းဖြစ်သည်။ ဖိမိသောအနေအထားမှ ပြောင်းလိုက်သောအခါ သွေးပြန်ရောက်သဖြင့် မူးဝေခြင်းပျောက်သွားပြန်သည်။ ဤသည်ကိုပင် ဆင်စီးသကဲ့သို့၊ လှိုင်းစီးသကဲ့သို့ မူးဝေသည်ဟု ခံစားရခြင်းဖြစ်သည်။

ဤသို့မဖြစ်စေရန် အနောက်တိုင်းဆရာဝန်များက လည်ပင်းထောက် သားရေလည်ပတ်များ ပတ်ထားခိုင်းလေ့ရှိသည်။ ရုတ်တရက်ငုံ့လိုက်ခြင်း၊ မော့လိုက်ခြင်း၊ မပြုလုပ်နိုင်စေရန် လည်ပင်းထောက်ဖြင့် တားထားခြင်းဖြစ်သည်။ ရေရှည်ကုထုံးမှာ လည်ပင်းရိုးဆစ်များထပ်မနေစေရန် ကျီးပေါင်းကြောင့် အရွတ်တုံးများပိမနေစေရန် Attraction ခေါ် ဇက်ဆွဲကုသခြင်း၊ ခဲဆွဲကုသခြင်းဖြင့်ကုသလျှင် သက်သာစေနိုင်သည်။ ထိုကုသခြင်းမျိုးမှာလည်း တစ်ခဏနှင့်မရ၊ နှစ်ချီပြုလုပ်ရသော ရေရှည်ကုသနည်းဖြစ်သည်။

စာရေးသူ၏မိတ်ဆွေခံစားရသော ဆင်စီးသကဲ့သို့ တငြိမ့်ငြိမ့်ခံစားရသည့် ခေါင်းမူးဝေဒနာမှာ ဝမ်းချုပ်သောနေ့များတွင် ပို၍ဖြစ်လေ့ရှိသည်ဟုဆိုသည်။ သူသည် ကောက်ညှင်းကို အလွန်ကြိုက်သော်လည်း မစားရဲတော့ဟုဆိုသည်။ ကောက်ညှင်းစားပြီး နောက်တစ်ရက် ဝမ်းချုပ်သွားလျှင် ချာချာလည်မူးသောဝေဒနာ စတင်ခံစားရလေတော့သည်။ အခန့်မသင့်လျှင် ပစ္စည်းတစ်ခုလွတ်ကျ၍ ကုန်းကောက်လိုက်ချိန်မှစ၍ မူးသည်။ အိပ်ယာထဲလှဲချလိုက်ချိန်တွင် မူးသည်လည်းရှိသည်။ ထိုသို့မူးသွားလျှင် စကားမပြောဘဲ ငြိမ်ငြိမ်လေးနေမှ သက်သာသည်ဟုဆိုသည်။ သူအိပ်သည့်ခုတင်နဘေးသို့ လူတစ်ယောက်ရောက်လာလျှင် ခုတင်ကိုကိုင်လိုက်လျှင်ပင် ပို၍မူးသည်ဟုဆိုသည်။

ထိုကဲ့သို့ထူးဆန်းစွာမူးသော အမူးရောဂါသည် ဝမ်းမှန်သောနေ့၊ လေလည်သောနေ့များတွင် ထူးခြားစွာသက်သာသည်ဟုဆိုသည်။ စိတ်ထင်၍လားဟု ဆန်းစစ်ကြည့်သောအခါတွင်လည်း အမှန်ပင်ဝမ်းချုပ် လေချုပ်ခြင်းနှင့် ကျီးပေါင်းကြောင့်မူးခြင်းမှာ ဆက်နွှယ်နေသလိုခံစားနေရသည်ဟုဆိုသည်။ သူသည် အရိုးအဆစ်အထူးကုဆရာဝန်ကြီးများနှင့်ပြသပြီး လည်ပင်းရိုးဆစ်ကို ဓာတ်မှန်ရိုက်စစ်ဆေးသောအခါ C3၊ C4၊ C4၊ C5၊ C5၊ C6 စသော လည်ပင်းရိုးဆစ်များတွင် Spondylosis ခေါ် အရိုးကျီးပေါင်းတက်ရောဂါ ရှိနေသည်ဟုဆိုသည်။ အာရုံကြောဆေးများစားရသည့်အပြင် လည်ပင်းထောက်ကိုလည်း အပြင်ထွက်သည့်အခါတိုင်း တပ်ထားရသည်။ Attraction ခေါ် ဇက်ဆွဲသည့်ကိရိယာနှင့်ပြုလုပ်ရသော လေ့ကျင့်ခန်းကို တစ်ပတ်လျှင် အနည်းဆုံးနှစ်ကြိမ် ဆေးရုံတွင်သွား၍ ပြုလုပ်ရသည်။ ပုံမှန်အားဖြင့် သက်သာသလိုရှိသော်လည်း ဝမ်းချုပ်မခံဝံ့။ ဝမ်းချုပ် လေချုပ်သောနေ့များတွင် မူးမြဲမူးလျက်ရှိသည်ဟု သူကပြောသည်။

ဒေသနာနယဆေးပညာအလိုအရ ဝမ်းချုပ်သောအခါ အဓောဝါတခေါ် အောက်သို့စုန်သောလေသည် ပိတ်သွားသဖြင့် အထက်သို့ဆန်သောလေ ဥဒင်္ဂမဝါယောအားကောင်းလာပြီး အထက်သို့ဆောင်သောကြောင့် ခေါင်းမူးခြင်းဖြစ်နိုင်သည်။ သာမန်ဆိုလျှင် ခေါင်းမကြည်ခြင်း၊ စိတ်မကြည်ခြင်းမျှသာဖြစ်နိုင်သော်လည်း ဇက်ကျီးပေါင်းအခံရှိသူများမှာ ဦးနှောက်သို့ပို့သောသွေးကို ဆောင့်တက်သောလေဖိအားကြောင့် မူးခြင်းနှင့် ကျီးပေါင်းမှပိတ်ဆို့ခြင်း ဆုံသွားသောအခါ လေမျိုး ၈၀ တွင်ပါသော အကြွေပကဝါယော (ဆင်ဦးစီးလေ) တငြိမ့်ငြိမ့်နေသကဲ့သို့ ရှေ့တိုးနောက်ဆုတ် မူးဝေခြင်းဖြစ်ရလေသည်။

ထိုသို့ဖြစ်သောလေရောဂါကို ကုသရန် ဇက်ကျီးပေါင်းကြောင့်ဖြစ်သော အမူးရောဂါကို သက်သာစေရန် -

(၁) ဝမ်းမချုပ်အောင် နေ့စဉ်ဂရုစိုက်၍ ရေများများသောက်ပါ။

(၂) အသားကိုလျှော့စားပြီး အသီးအရွက်ကို ပိုစားပါ။

(၃) တစ်ပတ်လျှင်တစ်ကြိမ် ဝမ်းနုတ်ဆေးစားပါ။

(၄) နံနက်စောစော အိပ်ယာထချိန်နှင့် ညနေစောင်းချိန်တွင် ပုံမှန် နာရီဝက်ခန့်လမ်းလျှောက်ပေးပါ။

(၅) ဦးခေါင်းနှင့် ကိုယ်လက်တို့သင့်တင့်သော လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်ပေးပါ။

ဇက်ကျီးပေါင်းတက်ရောဂါကြောင့်ဖြစ်သော အမူးရောဂါ၊ မျက်စိမှုန်၊ ဇက်ကြောတက်ရောဂါများသည် ယခုခေတ်တွင် အဖြစ်များသောရောဂါဖြစ်သဖြင့် သတိပြုဆင်ခြင်နိုင်ရန် တင်ပြလိုက်ရပေသည်။ ။

# သီးနှံအထွက်နှုန်းတိုးပွားရေးအတွက် နည်းပညာဟောပြောပွဲများ ကျင်းပ

**ကျုံပျော် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် လှည်းဆိပ်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီက ဧရာဝတီတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ကျုံပျော်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ဦးမြင့်ဦးက ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားပြီး ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးနွယ်က စိုက်ပျိုးရေးခေတ်မီနည်းစနစ်များကိုလည်းကောင်း၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြေဆီလွှာအကြောင်းနှင့် ဘက်စုံသီးနှံကာကွယ်ရေးအကြောင်းကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့သည်။ တိုင်းဦးစီးမှူးဦးမြင့်သိန်းက စပါးစိုက်တောင်သူများအတွက် ဆောင်ရွက်ပုံအဆင့်ဆင့်ကို အကျယ်တဝံ့ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသောတောင်သူလယ်သမားများက စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက တောင်သူလယ်သမားများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။ ယင်းနောက် စာရေးဆရာသိန်းဇော်(ရွှေလီဦး) က စာပေအကြောင်းများဟောပြောပြီး စာအုပ်စာစောင်များနှင့် 'ဒုတိယဘဝနှင့် အကြွင်နာနှလုံးသားအလှ' ဝတ္ထုစာအုပ်တို့ကို လှူဒါန်းခဲ့သည်။

ယင်းဆွေးနွေးပွဲများကို လှည်းဆိပ်၊ ဗချောင်းဇောက်၊ တိုက်ရွာ၊ ကျုံတနီး၊ မန်းစက္ကူ၊ သောင်ကြီး၊ လဟာပိုင်း၊ အင်းရဲ၊ မန်းကြာ၊ အထောင်၊ ဇရပ်လှရွာကြီးများတွင် စုရပ်အဖြစ်ထားကာ ပတ်ဝန်းကျင်အုပ်စုများမှ တောင်သူလယ်သမားများကို ဆွေးနွေးပညာပေးခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**



**စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့ကို ဆက်သွယ်သော မြို့နယ်ချင်းဆက်လမ်းသစ်ဖောက်လုပ်ရန် လမ်းအူကြောင်းရှာဖွေရန်အတွက် ဤသို့ခက်ခဲစွာ ဆောင်ရွက်ခဲ့ပြီး လာမည့်ပွင့်လင်းရာသီကာလတွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - ဆိုင်ကလုံး

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး သစ်ပင်မျိုးစုံပျိုးပင်များ ဖြန့်ဝေစိုက်ပျိုး

**မော်လမြိုင်ကျွန်း ဇွန် ၂၃**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ်သစ်တောဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်တွင် ဖြန့်ဝေစိုက်ပျိုးသွားမည့် တော်ဝင်ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ မဟော်ဂနီနှင့် မန်ဂျန်ရှားသစ်ပင်ပျိုးပင်ပေါင်း ၆၂၅၀၀ အား မြို့နယ်သစ်တောဦးစီးဌာန မြို့မယာယီပျိုးဥယျာဉ်တွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးကျော်ညွန့်နှင့် သစ်တောဝန်ထမ်းများက စနစ်တကျပျိုးထောင်ထားပြီး ဇွန်လ မြေအစိုဓာတ်ရရှိချိန်မှစတင်ပြီး မြို့နယ်အတွင်း စတင်ဖြန့်ဝေစိုက်ပျိုးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသစ်ပင်မျိုးစုံ ပျိုးပင်များကို သစ်တောကြိုးဝိုင်းပယ်ဖျက်ထားသောကျေးရွာ ၁၅ ရွာ၊ မော်လမြိုင်ကျွန်း-ဘိုကလေးမော်တော်ကားလမ်း ဘေးဝဲယာ၊ ကျိုက်ပိ-ကျော်ဇံ မော်တော်ကားလမ်းဘေးဝဲယာ၊ မြို့နယ်ပြည်သူ့ဌာနဆိုင်ရာနှင့် ကျောင်းပေါင်းစုံတို့အား ဖြန့်ဝေစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ယင်းသို့ပျိုးထောင်ထားသောပျိုးပင်များကို ဇွန် ၂၁ ရက်ထိ ဖြန့်ဝေစိုက်ပျိုးပြီးသစ်ပင်မျိုးစုံ ပျိုးပင်ပေါင်း ၂၂၅၀၀ ရှိသွားပြီဖြစ်သည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အရေးပါသော သစ်ပင်မျိုးစုံတို့ကို မြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကာလအမီ မော်လမြိုင်ကျွန်းမြို့နယ်သစ်တောဦးစီးဌာနမှ သစ်ပင်မျိုးစုံ ပျိုးပင်ပေါင်း ၆၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# လှည်းဘီးလုပ်ငန်းများ တွင်ကျယ်လျက်ရှိနေသေး



**တပ်ကုန်း ဇွန် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့အရှေ့ကျေးရွာရှိ လှည်းဘီးအသစ်ပြုလုပ်ခြင်း (ဒေသအခေါ်) ဒေါက်ဖိုလုပ်ငန်းလုပ်ကိုင်သည့် မိသားစုများ လုပ်ငန်းများ ဆက်လက်တွင်ကျယ်လျက်ရှိနေသေးကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် လုပ်ငန်းခွင်များနှင့် သယ်ယူပို့ဆောင်ရေးအတွက် စက်တပ်ယာဉ်များအသုံးပြုလာပြီဖြစ်သော်လည်း လှည်းယာဉ်များမှာလည်း ဆက်လက်တည်ရှိနေသေးသည်ကို တွေ့ရသည်။

"လှည်းဘီးအသစ်လုပ်ငန်းကို စရွေးကျအောင်အချောကိုင်ရာမှာ လွှထိုး၊ ရွှေဘော်တိုက်၊ အနုစိပ်ပြုလုပ်ရတာကြောင့် တစ်လကြာ လုပ်ကိုင်ရပါတယ်။ လှည်းဘီးအသစ်စတင်လုပ်ရာမှာ ဒေါက်အချောင်း ၁၆ လက်၊ တံကူပြားရှစ်လုံး၊ ပန်ဒေါင်းလုံးတွင် သံဆိတ်မျက်လုံးနှစ်ခုနဲ့ နန်းရင်း၊ နန်းခွေလေးခု၊ နှစ်လက်မခွဲ လှည်းပတ်သံများနှင့် တောင်သူသုံးရေရှည်အသုံးခံနိုင်သည်အထိ လုပ်ကိုင်ရပါတယ်။ လှည်းဘီးအသစ်တစ်စုံရောင်းရငွေကျပ် ၂၄၀၀၀၀ ရောင်းချရပါတယ်။ ဒီလုပ်ငန်းအပြင် (ဒေသအခေါ်) လှည်းမီးချ၊ လှည်းမီးဆွဲလုပ်ငန်းများကိုလည်း တပို့တွဲ၊ တပေါင်းလများမှာ လုပ်ကိုင်ရပါတယ်။ မီးချ၊ မီးဆွဲရာသီမှာ တစ်နေ့ကို လှည်းသုံးစီးပြီးပါတယ်။ တစ်စီးကို လက်ခငွေ တစ်သောင်းခွဲကျပ်ရရှိပါတယ်" ဟု ဒေါက်ဖိုလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

တပ်ကုန်းမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်လာပြီး တောင်သူအချို့ သီးနှံထွက်ကုန်များကို မြို့ပေါ်သို့ ရောင်းဝယ်ဖောက်ကားရာ၌ လိုက်ထရပ်ကား၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရောင်းချနေသည့်အပြင် လယ်ယာမြေများသီးနှံစိုက်ပျိုးဖို့ ထယ်ရေး၊ ထွန်ရေးပြုလုပ်ရာမှာလည်း လက်မှုစနစ်မှ စက်မှုစနစ်သို့ ပြောင်းလဲအသုံးပြုလာကြသည်ကိုလည်း တွေ့ရသည်။

ကျွဲ၊ နွားများဖြင့်သုံးရသည့် မြန်မာ့ရိုးရာဝန်တင်လှည်းများကို တောင်သူအများစုက လက်မလွှတ်တန်းအသုံးပြုမှုကြောင့် ဒေါက်ဖို (လှည်းဘီး) လုပ်ငန်းများ ဆက်လက်ကျန်ရှိနေသေးကြောင်းနှင့် ဘိုးဘွားမိဘများလက်ထက်ကတည်းက ယနေ့အထိလုပ်ကိုင်နေရသေးကြောင်း ယင်းမိသားစုဝင်တစ်ဦးက ပြောပြသည်။

**တင်စိုးလွင်(ပြန်/ဆက်ရုံး)**

## ရွာပုလဲကျေးရွာတောင်သူများ ဖရဲကိုပါ စိုက်ပျိုးလာကြ

**သာစည် ဇွန် ၂၃**

မိတ္ထီလာခရိုင် သာစည်မြို့နယ်ရွာပုလဲကျေးရွာအုပ်စု ရွာပုလဲကြီးရှိ ကျေးရွာတောင်သူများမှာ စိုက်ပျိုးနေကျသီးနှံများအပြင် ဖရဲကိုပါစိုက်ပျိုးလာကြပြီး ဖရဲကို ယခင်နှစ်ကမှ စတင်စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းသောကြောင့် ယခုနှစ်တွင်လည်း စိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကတော့ ကျွန်တော်တို့ရွာဘက်က စိုက်ပျိုးနေကျသီးနှံတွေဖြစ်တဲ့ နှမ်း၊ ပဲတီစိမ်းနဲ့ ဂေါ်ရခတ်တို့ကိုပဲ စိုက်ပျိုးကြတာ။ ဖရဲကိုတော့ မနှစ်ကမှ ကျွန်တော်တို့ရွာဘက်မှာ စတင်စိုက်ပျိုးကြတာ။ အောင်မြင်ဖြစ်ထွန်းလို့ ဒီနှစ်လည်းစိုက်ကြပါတယ်။ ကျွန်တော့်ဖရဲစိုက်မယ့်အကွက်က ခုဆို ထယ်ထိုး၊ တန်းဆွဲပြီးပြီ။ မိုးကျတာနဲ့ စစိုက်တော့မှာပါ။ နောက်ပြီး ဖရဲက သီးနှံပေါ်တဲ့အချိန် ဈေးကောင်းရင် ကောင်းသလောက် အကျိုးအမြတ်များပါတယ်" ဟုရွာပုလဲကြီးကျေးရွာမှတောင်သူဦးထူးကပြောပြသည်။

ယခင်နှစ်က ရွာပုလဲကျေးရွာမှထွက်ရှိသော ဖရဲသီးကို ရန်ကုန်နှင့် မော်လမြိုင်တို့မှ ကုန်သည်များကရွာအထိလာရောက်ဝယ်ယူခဲ့ကြသည်။ **ထွန်းထွန်း(သာစည်)**

## တောင်ပိုင်းဂျာနယ်လစ်ကွန်ရက် အစည်းအဝေးကျင်းပ

**မော်လမြိုင် ဇွန် ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ ရာမညဟိုလ်တယ်၌ ဇွန် ၂၂ ရက် နံနက် ၈ နာရီခွဲက တောင်ပိုင်းဂျာနယ်လစ်ကွန်ရက် (SMJN) မှ လုပ်ငန်းအစည်းအဝေးကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါလုပ်ငန်းကော်မတီဝင်အစည်းအဝေးတွင် မြန်မာပြည်တောင်ပိုင်းဂျာနယ်လစ်ကွန်ရက်မှ လုပ်ငန်းကော်မတီဝင်များတက်ရောက်ကြပြီး မြန်မာပြည်တောင်ပိုင်းဂျာနယ်လစ်ကွန်ရက်အဖွဲ့မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း လုပ်ဆောင်မည့် တောင်ပိုင်းကွန်ရက် (SMJN) ဖွံ့ဖြိုးရေးနှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာပြည်တောင်ပိုင်းဂျာနယ်လစ်ကွန်ရက်ကို တရားဝင်ကွန်ရက်အဖြစ် ရပ်တည်သွားရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ **ထွဋ်ထွဋ်(ရေး)**

## ရာသီလွန်ကဲ၍ နွေနှမ်းများတွင် ပိုးများကျရောက်

**နွားထိုးကြီး ဇွန် ၂၃**

နွားထိုးကြီးမြို့နယ် ပြောင်းပြာဆည်ရေသောက် နွေနှမ်းဧက ၁၀၀ တွင် ရာသီဥတုအပူလွန်ကဲလာမှုကြောင့် ဘရိတ်ဒန့်ပိုးကျနေ၍ နှမ်းတောင်သူတွေ အခက်တွေ့နေကြောင်း လက်ဝဲရွာ၊ မြင်းနီရွာမှ တောင်သူများက ပြောပြသည်။

ယင်းနွေနှမ်းများတွင် ကျရောက်သောပိုးမှာ ဆုတ်စားပိုး၊ ရွက်စားပိုးများဖြစ်၍ ပိုးများသတ်မည်ဆိုပါက တစ်ဧကပိုးသတ်ဆေးကျပ် ၁၅၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး နှစ်ကြိမ်ခန့်သတ်ပြီးသော်လည်း လက်ရှိတွင် အဆိုပါပိုးကို လက်နှုတ်ဖြင့် ပိုးကောက်နေရကြောင်း ယင်းကပြောသည်။

ပြောင်းပြာဆည်ရေသောက်တွင် ရေဆင်းနှမ်းဖြူ ကန်ရိုးနှမ်း၊ စမုံနက်နှမ်းများ စိုက်ပျိုးထားကြောင်း သိရသည်။ **ဋ္ဌေးမြင့်မောင်**

## စိန်တလုံးသရက်တုံးချိန် ပတ္တမြားငမောက်သရက်သီးများ ဈေးကောင်းရ

**ရေစကြို ဇွန် ၂၃**

ယခုနှစ် သရက်သီးဈေးကွက်အတွင်း စိန်တလုံးသရက်များတုံး၍ ပတ္တမြားငမောက်သရက်သီးများ ဈေးကွက်သို့ဝင်ရောက်လာပြီး ဝယ်ယူစားသုံးသူများသဖြင့် သရက်ခြံပိုင်ရှင်များ ဈေးကောင်းရနေကြောင်း သိရသည်။

"ပတ္တမြားငမောက်သရက်သီးက အရောင်လည်းလှ၊ ရနံ့ကလည်းသင်း၊ အလုံးကလည်းကြီး၊ အရသာကလည်း ကောင်းတော့ စားသုံးသူတွေကြိုက်ကြတယ်။ ကျွန်တော့်ခြံထွက် ပတ္တမြားငမောက်အသေးဆိုရင် ကျပ် ၁၀၀၀ ဖိုး လေးလုံး၊ ငါးလုံး၊ နည်းနည်းကြီးတာ တစ်လုံးကျပ် ၃၀၀၊ ကျပ် ၄၀၀၊ ခြောက်ဆယ်သား၊ ခုနစ်ဆယ်သား၊ ကိုးဆယ်သားအရွယ်ဆိုရင် တစ်လုံးကျပ် ၁၀၀၀၊ ကျပ် ၁၂၀၀နဲ့ လက်မလယ်အောင် ရောင်းရတယ်။ ကျွန်တော်က ခြံစိုက်တာ ဝါသနာပါတယ်။ ကျွန်တော့်ခြံတွေမှာ ကြံ၊ စိန်တလုံး၊ ပတ္တမြားငမောက်၊ ကီလိုမာလကာ၊ ရှောက်၊ သံပုရာ၊ ကညွတ်၊ နဂါးမောက်၊ ငှက်ပျော၊ သစ်မွှေး စတာတွေစိုက်ထားပါတယ်။ ခြံထွက်အသီးတွေက တစ်နှစ်ပတ်လုံး ရာသီအလိုက် ဝင်ငွေတွေရနေပါပြီ။ ကြံဆိုလည်း နွေရာသီဆို ကိုယ့်ဆိုင်နဲ့ကိုယ်ရောင်းတာဆိုတော့ အကျိုးအမြတ်ပိုရတယ်။ ငှက်ပျောကလည်း တစ်နှစ်ပတ်လုံးဝင်ငွေရတယ်။ စိန်တလုံးက ဒီနှစ် သုံးသိန်းလေးဆယ်ဝင်ငွေရပါတယ်။ ပတ္တမြားငမောက်ကတော့ အခုမှ ရောင်းတုံးရှိပါသေးတယ်။ ဒီနှစ်သရက်သီးက ကိုယ့်မြို့မှာတင်ရောင်းကုန်တယ်။ မနှစ်ကတော့ ပတ္တမြားငမောက်ကို မန္တလေးပို့ရတယ်။ ဒီနှစ်စားသုံးသူတွေများလာတယ် ပိုပြီးစားလာသလားတော့ မသိဘူး" ဟု လူငယ်စိုက်ပျိုးရေးသမားတစ်ဦးက ပြောပြသည်။



ယင်းကဲ့သို့ တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံတည်၍ စားသုံးသီးပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စီးပွားဖြစ်ထွန်းနိုင်သလို စားသုံးသူများလည်း ဩဂဲနစ်အသီးများကို လတ်လတ်ဆတ်ဆတ်စားသုံးကြရသဖြင့် ကျန်းမာရေးနှင့်ညီညွတ်ကြရသည့်အပြင် ဥယျာဉ်ခြံတွေများများရှိပါက သဘာဝပတ်ဝန်းကျင်ကိုလည်း စိမ်းစိုမှုတသာယာလှပသည့်အကျိုးကို ရရှိစေနိုင်ကြောင်း ၎င်းက သုံးသပ်ပြောသည်။

ရေစကြိုမြို့တွင်ယခင်က စိန်တလုံးသရက်၊ ပတ္တမြားငမောက်သရက်၊ နဂါးမောက်သီး စသည်တို့ကို မန္တလေးမြို့မှတစ်ဆင့် ဝယ်ယူရောင်းချမှ စားသုံးကြရပြီး လတ်ဆတ်မှုနည်းကာ ယခုအခါ ရေစကြိုမြို့တွင် စိန်တလုံး၊ ပတ္တမြားငမောက်သရက်နှင့် နဂါးမောက်ပင်များကို စိုက်ပျိုးကြသည့်အတွက် ဈေးနှုန်းလည်းသင့်တင့် လတ်လတ်ဆတ်ဆတ်လည်း စားသုံးနေကြရပြီ ဖြစ်သည်။

မျက်မှောက်ကာလတွင် ဥယျာဉ်ခြံစိုက်ပျိုးရေးကို အမြို့မြို့အနယ်နယ်တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလုပ်ကိုင်လာကြသဖြင့် စိုက်ပျိုးသူရော စားသုံးသူပါ အဆင်ပြေလျက်ရှိကြသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## ပေါင်းတည်နှင့် တာပွန်သို့ သွားသည့် ကျန်ရှိလမ်းအပိုင်းများ ဆက်လက်ခင်းကျင်းရန် ဒေသခံများက လိုလားလျက်ရှိ

**နတ်တလင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရှိ ပေါင်းတည်နှင့် တာပွန်သို့ သွားလာသည့်လမ်းအား ခင်းကျင်းလျက်ရှိပြီး ကျန်အပိုင်းများကို ကတ္တရာဆက်လက်ခင်းစေရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

သာယာဝတီခရိုင် နတ်တလင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်ရှိ တာပွန်မှ ပေါင်းတည်မြို့သို့သွားသော လမ်းအရှည် ၈ မိုင်တွင် ကတ္တရာလမ်း ၆ မိုင် ၅ ဖာလုံခင်းပြီးဖြစ်ရာ နတ်တလင်းမြို့နယ် အောင်ပင်သာရွာအထွက် ခုံးတံတားအရောက်သာရှိ၍ ၁ မိုင် ၃ ဖာလုံမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်သွားလာရေးအတွက် ဒေသနေပြည်သူများ အခက်အခဲနှင့်ကြုံတွေ့နေရခြင်းကြောင့် ဇွန် ၁၇ ရက်က ဇီးပင်ကွေ့ကျောင်းဆရာတော် ဦးပညာဒီပနှင့် တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးတို့ ခေါင်းဆောင်၍ ဒေသတွင်းစေတနာရှင်များ ထည့်ဝင်ငွေနှင့် မြေနီကျင်း ၆၀ အား လမ်းရှည် ၁ မိုင် ၃ ဖာလုံကို အကျယ် ၆ ပေ၊ အမြင့် ၃ လက်မရှိသောလမ်းအား ရာသီမရွေးသွားလာနိုင်ရန် ခင်းကျင်းပြီးစီးနေပြီဖြစ်သည်။ **(၀၇၁)**

## အခြေခံမဲဆန္ဒရှင်စာရင်းများ ညောင်ဦးမြို့တွင် ကြေညာ

**ညောင်ဦး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ဇွန် ၂၂ ရက် နံနက်မှစ၍ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြည်သူလူထုလာရောက်ကြည့်ရှုနိုင်ရန်အတွက် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ပေးထားကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်များ ၁၉၃၆၇၈ ဦးခန့်ရှိကြောင်း၊ မဲစာရင်းများကြေညာထားသည့် ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ကြေညာထားသောမဲစာရင်းတွင် မဲစာရင်းများယွင်းခြင်း၊ အမည်စာရင်းမပါလျှင် သတ်မှတ်ပုံစံများနှင့် လျှောက်ထားကြရန် လိုအပ်ကြောင်း သိရသည်။

ယင်းအပြင် ဇွန် ၂၁ ရက်တွင် ညောင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများ မဲစာရင်းများသွားရောက်စစ်ဆေးကြည့်ရှုကြရန် တစ်လမ်းဝင်တစ်လမ်းထွက် လိုက်လံခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

## ကျေးရွာအုပ်စုများ၌ အဆုပ်ရောဂါသည်များအား ရှာဖွေကုသ

**နွားထိုးကြီး ဇွန် ၂၃**

နွားထိုးကြီးမြို့နယ်တွင် အရှိန်အဟုန်ဖြင့် TB လူနာရှာဖွေရေးစီမံချက်ကို NGO နှင့် မြန်မာနိုင်ငံဆရာဝန်များအသင်းပူးပေါင်း၍ ကျန်းမာရေးလုပ်သား ၃၇ ဦးနှင့် ကျေးရွာ ၃၇ အုပ်စုတွင် အဆုပ်ရောဂါသည် TB လူနာများကို ခြောက်လကြာရှာဖွေမှု T B A.C.F မှာ အောင်မြင်နေကြောင်း မြို့နယ်စီမံချက်မန်နေဂျာဆရာဝန်တစ်ဦးကပြောသည်။

လူနာတစ်ဦးကို ငွေကျပ် ၂၀၀၀ မှ ကျပ် ၃၀၀၀ အထိ စားရိတ်ပေး၍ သလိပ်စစ်၊ ဓာတ်မှန်ရိုက် ရောဂါရှာဖွေမှုပြုလုပ်ပြီး TB ဆေးကျွေး၍ အခမဲ့ကုသပေးနေကြောင်း ၎င်းကဆက်လက်ပြောသည်။

ဆေးရုံကြောက်နေသော ဒေသခံများအား ကျေးရွာများအထိ သွားရောက်တွေ့ဆုံပြီး ချောင်းဆိုးနေသူ ရက်သတ္တသုံးပတ်ကျော်သူ၏သလိပ်စစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း စစ်ဆေး၍ ရောဂါတွေ့ပါက အခမဲ့ဆေးကြွေးကုသပေးကြောင်းသိရသည်။

ခြောက်လကြာစစ်ဆေးမှုတွင် TB ရောဂါသည်များကို မြို့ပေါ်ထက် ကျေးလက်၌ လူနာသစ်များတွေ့ရှိနေကြောင်း ဆက်ပြောပြသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ငါ့အချစ်ကို လက်ခံပါတယ် ဆိုထားတော့ ငါရှုံးလောက်နေတာပေါ့။ အခုတော့တစ်မျိုးဆိုတယ်။ အချစ်ကို လက်ခံခြင်းနဲ့ အချစ်ကို တုံ့ပြန်ခြင်းဟာ တခြားစီတဲ့။ မင်း တစ်ခါက ပြောသလိုပဲ ချစ်နိုင်သူနဲ့ ချစ်သူကို သူက ခွဲခြားပြသေးတယ်။

ငါဟာ သူချစ်နိုင်သူတစ်ယောက်ပါတဲ့ . . .။ တော်သေးတာပေါ့လေ။ ဒါပေမယ့် . . . တင်မောင်ညွှန့်ကလည်း သူချစ်နိုင်သူတစ်ယောက်ပဲတဲ့။ သေရောပေါ့ကွာ . . .။

အဲဒါတွေ ထားပါတော့။ နောက်ဆုံး သူစပ်ထားတဲ့ ကဗျာတစ်ပုဒ်ကို မင်းဆီထည့်ပေးလိုက်တယ်။ ငါ ဘယ်လို နားလည်ရမှာလဲ။ မင်းကော နားလည်သလား။ နားလည်ရင် အဓိပ္ပါယ် ပြန်ပေးလိုက်စမ်းပါကွာ . . ."

ကျွန်တော်သည် ငြိမ်းမောင် ပူးတွဲထည့်ပေးလိုက်သော ခိုင့်ကဗျာကို ဖတ်ကြည့်မိသည်။ ကဗျာနာမည်ကို တွေ့သည်နှင့် တစ်ပြိုင်နက် သက်ပြင်းချလိုက်မိပါသည်။

**သက်ငင်ချစ်**

အင်းလျားစောင်း၌ . . .
ဆောင်းတွင်းစဉ်ဝယ်၊ နေရောင်ပြယ်ခိုက်
ညိုးငယ်မြလွှာ၊ မြက်ခင်းမှာလျှင်
ညိုဝါရွက်မည်း၊ ခန္ဓာစဲ၏
ယှဉ်တွဲစင်စစ်၊ ရပ်သည်ဖြစ်လည်း
မချစ်ပြီတည့် မေနှင့် မောင်။
စိမ်းကားသူ၏ . . .
မပျူငှာသော၊ ကြည့်အမောတွင်
သဘောထွေထွေ၊ နှင်းသို့ဝေသည်
ပဟေဠိလော၊ ဖြေဘိလောရှင့်
မပြောကြလျှင်၊ ကောင်းမည်ထင်၏
ပြောလျှင်ဝှက်ပုန်း၊ မေတ္တာသုဉ်းမည်
အမုန်းဒဏ်ချက် စကားနာ။
မောင့်နှုတ်ခမ်းလည်း . . .
နွမ်း၍မခိုင်၊ မဲ့လွယ်နိုင်သည်
မပိုင်သူ့စိတ်၊ ပြုံးမည်ထိတ်ရှင့်
တိုးတိတ်ကွယ်ဖုံး၊ ပြုံးကားပြုံး၏
အဆုံးသတ်တွင်၊ အနက်ထင်သည်
သက်ငင်ချစ်၏ ညဉ့်ငှက်ဆိုး။
လင်းရာမှမှောင် . . .
ဤနေရောင်နှင့် ကန်ပေါင်ဤမြက်
ဤသစ်ရွက်တို့၊ စိမ်းလျက်မှရော်
ဖော်တစ်ချက်နှင့်၊ တစ်သက်မတည်
ရက်မရှည်သည်၊ တွက်ရည်မိုက်မှား
နှလုံးသား၏ လှည့်စားပိုင်သော စိတ္တဇ။

■

ကျွန်တော်သည် အင်္ဂလန်ပြည်သို့ရောက်ပြီး နှစ်နှစ်ကျော်၌ အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ကို ရပါသည်။ ဘွဲ့အမည်ကို ဆီလျော်အောင် မြန်မာဘာသာပြန်ရလျှင် တော်ဝင်နန်းသုံး ခွဲစိတ်ကုသရေးဆရာဝန်ဂိုဏ်းဝင် ပညာရှင်ဟုမည်ပါသည်။

ဤဘွဲ့ကို ရပြီးနောက် ကျွန်တော့်ဆရာ ပါမောက္ခကြီးများက ထောက်ခံသည် တစ်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ခွင့်ပြုသည်တစ်ကြောင်း၊ ဖေဖေကလည်းတိုက်တွန်းသည် တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ကျွန်တော့် အခြေခံအတတ်ကို အထောက်အကူပြုမည့် သက်ဆိုင်ရာ ပညာသင်တန်းများကို လိုက်တက်နေပါသည်။

အားလုံးပြတ်၍ ၁၉၆၁-ခု သူတို့ဆီမှ ဆောင်းတွင်းကာလ နောက်ပိုင်းရက်များအတွင်း မြန်မာပြည်ပြန်ရန် သင်္ဘောပတ်စေ့ရင်း ဥရောပ၏ မြေပြန့်ဒေသမည်သော ဟော်လန်၊ ဘယ်(လ်)ဂျီယံနိုင်ငံများဆီ ခရီးထွက်လည်ပါသည်။

လန်ဒန်မြို့သို့ ကျွန်တော် ပြန်ရောက်သောအခါ ပြည်ထောင်စုသားတစ်ဦးအနေနှင့် ဂုဏ်ယူဖွယ် ဖြစ်သမျှလူတစ်ဦး အနေနှင့် ရင်နင့်ထိခိုက်ဖွယ် သတင်းတစ်ရပ်က စောင့်နေသည်။

မြန်မာပြည်နယ်စပ်၌ ပြန်လည်စုရုံးလာကြသော တရုတ်ဖြူများကို အပြတ်အသတ် ချေမှုန်းပစ်သည့် မဲခေါင်စစ်ဆင်ရေးကြီး အကြောင်းကို လန်ဒန်သတင်းစာများ၌ ဖတ်ရသည်။

ဤစစ်ဆင်ရေးကြီးအတွင်း ထူးခြားချက်မှာ မြန်မာ့လေတပ်သမိုင်းတွင် ရှေးဦးအဖြစ် စံတင်ရမည့်လေကြောင်းတိုက်ပွဲကြီး ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

ကျူးကျော်သူတို့၏ လေယာဉ်ကို ပစ်ချဖျက်ဆီးနိုင်ခဲ့သော အမြတ်နှင့်အတူ မြန်မာ့သားကောင်း လေသူရဲဗိုလ်ပီတာလည်း ဆုံးရှုံးခဲ့သည်။

ကျွန်တော့်အတွက် သီးသန့်စောင့်နေသော အိမ်မှ စာများတွင် ကျွန်တော် မကြားမြင် မရှုရက်သော သတင်းသည် ပါလာ၏။

မဲခေါင်စစ်ဆင်ရေးကြီးအတွင်း လေယာဉ်မှူး ငြိမ်းမောင် တစ်ယောက် အပြင်းအထန် ဒဏ်ရာရ၍ဆေးရုံတွင် တင်ထားရသည်ဆိုသော သတင်းဆိုးကြီးပေတည်း။

**(၃၁) ပြိုင်ငိုချင်စမ်းပါဘိလေး**

မြန်မာပြည်မှ ကျွန်တော် ထွက်ခွာသွားသောနေ့၌ မိုးတို့ သည်းသည်းမည်းမည်း ရွာလျက်ရှိသည်။

မိုးသည်းသည်းမည်းမည်း ရွာလျက်ရှိသော ဩဂုတ်လ တစ်နေ့၌ပင် မြန်မာပြည်သို့ ကျွန်တော် ပြန်လည် ရောက်ရှိလာခဲ့သည်။

ကျွန်တော်တို့က ဒါဘီရှိုင်းယား ပင်လယ်ကူးသင်္ဘောကြီးမှတစ်ဆင့် ကူးတို့သင်္ဘောလေးဆီကူးကာဆိပ်ကမ်းသို့ ကူးလာခဲ့ကြသည်။

ဆိပ်ခံဗောတံတား ကုန်းပတ်ထက်တွင် သည်းသည်းမည်းမည်း ရွာနေသော မိုးကိုမှုဘဲ ကြိုနေကြသူများအနက် ကျွန်တော်ချစ်ရသူ အားလုံးလိုလိုကို တွေ့ရသည်။

ထိပ်ဆုံးမှ မိုးကာအင်္ကျီဝတ်ကာ ထီးဆောင်းရင်း ဆေးပြင်းလိပ်ခဲလျက် ကျေနပ်သောအပြုံးကြီးနှင့် ထီးထီးမားမား ရပ်နေသည်မှာ ဖေဖေဖြစ်သည်။ ဖေဖေ့ဘေး၌ မေမေ၊ မေမေ့ဘေး၌ ဒေါ်လှယဉ်၊ ဒေါ်လှယဉ်ဘေး၌ ဒေါ်လေးစာဥ၊ ထို့နောက် ကြိုင် . . .၊ ခိုင် . . .။

ခိုင့်ဘေးမှ တစ်ယောက်သောလူကိုမြင်လိုက်ရသည့်ခဏ၌ ပြုံးရွှင်အော်ဟစ် လှမ်းနှုတ်ဆက်နေသော ကျွန်တော့်ပါးစပ်သည် ပိတ်သွားသည်။ ဝှေ့ယမ်းလှုပ်ရှားနေသော ကျွန်တော့်လက်တစ်ဖက်သည်လည်း လေထဲတွင်ပင် ငြိမ်ရပ်သွား၏။

သူကမူ မိုးကာအင်္ကျီဝတ်လျက်နှင့်ပင် ပြုံးပြုံးကြီးဖြင့် ခန့်ညားစွာ ရပ်နေသည်။ ဤသို့ ခန့်ညားစွာ ရပ်နေနိုင်ရန် အတွက် သူ့ညာဘက်လက်က ချိုင်းထောက်ကြီးတစ်ခုပေါ်တွင် အားပြုထားရ၏။ ငြိမ်းမောင် . . .။ ကျွန်တော့် သူငယ်ချင်း ငြိမ်းမောင် . . .။

ငြိမ်းမောင်ဘေးမှ ရပ်နေသူမှာ ကျွန်တော် မမျှော်လင့်မိသော တင်မောင်ညွန့် ဖြစ်နေပါ၏။

ကုန်းဘောင်ပေါ် ရောက်ရောက်ချင်း ဖေဖေက ကျွန်တော့်လက်ကို ပွေ့ယူကာ အားရစွာဆိုသည်။

" ငါ့သား . . . ဖေဖေ သေပျော်ပြီ "

မေမေကမူ ကျွန်တော့်ကို ပွေ့ဖက်လျက် ဝမ်းသာကြည်နူးမှုဖြင့် မျက်ရည်များ မထိန်းနိုင်ပါ။ ဒေါ်လေးဒေါ်စာဥကြီးကသာ နောက်သည်။

"မောင့်အသားတွေက နီလာလိုက်တာ တကယ့် ဗိုလ်ကြီးပဲ။ ဗိုလ်မ ခေါ်မလာလို့ တော်သေးတယ် . . . ဟွန်း . . .။ ဒေါ်လေးစကား မှတ်မိသေးလား။ ဟိုဒင်း . . . အဲနည်းနေပြီ ဆိုတာလေ။ အချိန်မီသေးတယ်တော်ရေ့ "

ကျွန်တော်က ဒေါ်လေးလက်မောင်းသားကြီးများကို မနာအောင် ထိုးမိသည်။

ကြိုင်က ပြုံးရုံသာ ပြုံးသည်။ ခိုင်က " မောင် ဝလာတယ် " ဟု တိုးတိုးညင်သာ ဆိုသည်။

ကျွန်တော်က အားနေသော ငြိမ်းမောင်၏ လက်တစ်ဖက်ကို ဆုပ်မိသည်။ ငြိမ်းမောင်ကလည်း ကျွန်တော့်လက်ကို ပြန်ဆုပ်သည်။ အတန်ကြာ မလွှတ်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေမိ၏။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
ဇူလိုင်လ (၃) ရက်နေ့မှ (၅) ရက်နေ့အထိ
➤ သောက်ဆေးဖြင့် မပျောက်ကင်းသော နာတာရှည် ထိပ်ကပ်နာများ
➤ အနံ့ခံအာရုံချို့ယွင်းနေသောဝေဒနာရှင်များ
➤ အိပ်ပျော်နေစဉ်အတွင်းဟောက်တတ်ခြင်းနှင့်အသက်ရှူနှုန်းမမှန်ခြင်း
➤ နှာခေါင်းအတွင်းရှိ ကင်ဆာအကျိတ်များကို ဖြတ်ထုတ်ခြင်း
➤ နှာခေါင်းသွေးယိုမှုကို ထိန်းချုပ်ခြင်း
➤ နှာခေါင်းနှင့်ပတ်သက်သောအခြားရောဂါများ




ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၀၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing-phsh@spa-mm.com

PUN HLAING SILOAM HOSPITALS
အရိုးအကြောနှင့်ကျီးပေါင်းရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း
အရိုးအကြောနှင့် ကျီးပေါင်းရောဂါဆိုင်ရာ စစ်ဆေးကုသမှုများအတွက် နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ.....
ဇူလိုင်လ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ
မလေးရှားနိုင်ငံမှ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော အထူးကုဆရာဝန်ကြီးမှ
- လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ် စသောကျောရိုးဆစ်ရောဂါများ (Minimally Invasive Spine Surgery)
- မှန်ပြောင်းဖြင့်အဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးကုသခြင်းများ (Total Hip and Knee Replacement) နှင့်
- အခြားအရိုးအကြောဆိုင်ရာကုသခြင်းများကို လာရောက်ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။




ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၀၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing-phsh@spa-mm.com

## Public Digital Library Servic စက် မောက်မယ် ပြန်/ဆက်ရုံး၌တပ်ဆင်

**မောက်မယ် ဇွန် ၂၃**

မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ ဗဟုသုတအသိပညာ ကြွယ်ဝစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လွယ်လင့်တကူ စာပေရေးရာများ ဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အားလပ်သည့်အချိန်များတွင် စာပေကိုအလွယ်တကူ ဖတ်ရှုနိုင်ရန်ရည်ရွယ်၍ အဆင့်မြင့်နည်းပညာဖြင့်ပြုလုပ်ထားသည့် Public Digital Library Servic စက်အား မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇွန် ၁၈ ရက်က အခမဲ့ဝန်ဆောင်မှုလုပ်ငန်းများ တပ်ဆင်ခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဟောပြော

**မူဆယ် ဇွန် ၂၃**

(၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က မူဆယ်မြို့ အထက(၃)၌ ကျင်းပရာ မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆေးရုံအုပ်ဒေါက်တာတင်ထွန်းက မူးယစ်ဆေးဝါးနှင့် HIV/AIDS ရောဂါအကြောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးဝင်းတင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် ပြစ်မှုများအကြောင်း၊ စခန်းမှူး ဒုရဲမှူးမြစိန်က မူးယစ်ဆေးဝါးနှင့် မှုခင်းများအကြောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၂) တပ်ဖွဲ့စုမှူး ရဲမှူးတီခေါင်လွမ်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခဲ့ကြပြီး မူးယစ်ဆန့်ကျင်ရေးလက်ကမ်းစာစောင်များကို ကျောင်းသူကျောင်းသားများအား ဝေငှပေးခဲ့သည်။

**(ဝ၁၁၂)**

ဖတ်စရာ

# ဦးပိန်တံတားအလှ ကြည့်ရှုသူများပြား

**ခ** တိမ်တမန်



ဦးပိန်တံတားသည် နိုင်ငံတကာခရီးသွားဧည့်သည်များသာမက ပြည်တွင်းဧည့်သည်များပါ စိတ်ဝင်စားသောနေရာတစ်ခုပင်ဖြစ်သည်။ တောင်သမန်အင်းဦးပိန်တံတား၊ ကိုတံငါတို့၏ ငါးဖမ်းဟန်များသည် လှပပြီး ဆွဲဆောင်မှုရှိစေသည်။

"တောင်သမန်ထဲ အင်းရေကြည်ကြည်ရေးဖွေးဖွေးမို့ ငါးတွေဖမ်းကြသည်" ဆိုသော တေးစာသားမြင်ကွင်းက ပြည်တွင်းပြည်ပခရီးသွားများကို စွဲဆောင်စေသောအလှဖြစ်သလို သမိုင်းဝင်အရှည်ဆုံးသစ်သားတံတားဂုဏ်က ကမ္ဘာကိုကျော်စေခဲ့သည်။

ဦးပိန်တံတားကို ၁၂၁၁ ခုနှစ်တွင် မြို့စာရေးမောင်ပိန်ဦးစီးတည်ဆောက်ပြီး ၁၂၁၃ ခုနှစ်တွင် ပြီးစီးခဲ့သည်။ တိုင်အလုံးရေ ၁၀၈၆ လုံးရှိပြီး အခန်း ၄၈၂ ခန်း၊ ဇရပ်လေးဆောင်၊ ဖောင်ကြောင်းကိုးခုနှင့် အရှည် ၇ ဒသမ ၈ ဖာလုံရှိသည်ဟု အလွယ်မှတ်သားထားကြသည်။

တောင်သမန်အင်းကို အလွယ်တကူဖြတ်သန်းသွားလာနိုင်ရန်ရည်ရွယ်ချက်ဖြင့် နဝမမြောက်ပုဂံမင်းတရားကြီး၏အမိန့်တော်ဖြင့် မြို့စာရေးမောင်ပိန်က ဦးစီးတည်ဆောက်ခဲ့သည်။

အင်းဝနန်းတော်တိုင်ဟောင်းများကို အသုံးပြုပြီး အချိန်နှစ်နှစ်မျှကြာအောင် တည်ဆောက်ခဲ့သည်။ ဆောက်လုပ်ပြီးစီးသည့်ခုနှစ်အား အမှတ်အသားပြုကြရာတွင် "အင်းကအော်ညည်း ဆောက်လုပ်ပြီး" ဟုအမှတ်အသားပြုကာ ၁၂၁၃ ခုနှစ်ကို မှတ်ထားသည်။ ဆောက်လုပ်သည့်နည်းပညာတွင် လှိုင်းလေဒဏ်ကိုခံနိုင်ရန် တောင်ဘက်သို့ ဦးမော့ကွေ့ဝိုက်ကာ ကျင်တွယ်ချိုးတည်ဆောက်ထားသည်။ တိုင်မြေအဝင်ခုနှစ်ပေ စိုက်ထူထားသော တိုင်တိုက်ဦးအချွန်အား အပေါက်ဖောက်၍ ထူးနှစ်ချက်ခတ်ကာ ဘေးဘက်ဝရံတာနှစ်ဖက်နှင့် အခင်းသုံးထပ်လွှာခင်းထားခဲ့သည်။ အလွယ်မှတ်သားနိုင်ရန် "မြေမူတလူ၊ ထူးမူနှစ်ချက်၊ နှစ်ဖက်ဝရန်တာ၊ ခင်းသုံးလွှာ" ဟု မှတ်သားထားပြီး မူလတိုင်အရေအတွက် နဝအဌဇယမောင်ပိန် တိုင် ၉၈၄ လုံးကို မှတ်သားထားသည်။

မူလတိုင်များ၊ ဇရပ်များသည် သဘာဝဒဏ်ကြောင့် ပျက်စီးမှုရှိခဲ့သဖြင့် ၁၉၄၆ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၆၇ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၇၃ ခုနှစ်တွင်တစ်ကြိမ် အစားထိုးပြုပြင်မှုများပြုလုပ်သည့်အတွက် မူလတိုင်အရေအတွက် ၉၈၄ လုံးမှ ယခုလက်ရှိတိုင် ၁၀၈၆ လုံး၊ မူလဇရပ်လေးဆောင်မှ ယခုလက်ရှိဇရပ်ငါးဆောင်အထိရှိနေခဲ့သည်။

ယခုအခါ ကမ္ဘာကျော်သစ်သားတံတားနှင့် တောင်သမန်အင်းအလှသည် ရှုမဝသောအလှတရားတစ်ခုဖြစ်နေသည်။ ဦးပိန်တံတား၏နေဝင်ဆည်းဆာအလှသည် ကမ္ဘာကျော်သည်အထိလှပသောနေရာဖြစ်နေသည်။ ယခုအခါ ဦးပိန်တံတားသည် နေ့စဉ် နေဝင်ဆည်းဆာအလှကို ကြည့်ရှုသူတို့ များပြားလျက်ရှိကြောင်း သိရသည်။

## ရွှေပြည်သာမြို့နယ်အတွင်း ပြည်သူကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း ရပ်ကွက်များအလိုက် မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုတ်ကွေးရောဂါကာကွယ်ရန်အတွက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရာ မိုးရေကြည်များတွင် သွေးလွန်တုတ်ကွေးရောဂါပိုးသယ်ဆောင်ပေါက်ပွားသော ပိုးလောက်လန်းများ မပေါက်ပွားစေရန်အတွက် မြို့နယ်ကျန်းမာရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ကြသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မိမိခိုင်၏ ညွှန်ကြားမှုဖြင့် စည်ပင်ကျန်းမာရေးဌာန အမှတ် ၆ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကံမြင့်နှင့် ရာအိမ်မှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ လူမှုရေးအဖွဲ့ဝင်တို့သည် တစ်အိမ်တက်၊ တစ်အိမ်ဆင်း၍ နေအိမ်များတွင် အသုံးပြုသောရေစည်၊ ရေကန်များကို အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောကာ ပိုးလောက်လန်းများ မပေါက်ပွားနိုင်ရန် "ဖုံး၊ သွန်၊ လဲ၊ စစ်" လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ပေးခဲ့ကြသည်။ **သာကီနွယ်မျိုး(၆/သံဒင်း)**

## နှစ်စဉ်ကျင်းပမြဲဖြစ်သော မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ဘုရားသုံးဆူပွဲတော် စတင်ကျင်းပ

**ရေစကြို ဇွန် ၂၃**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ဘုရားသုံးဆူပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာနှစ်တစ်ရာ ကျော်ခဲ့ပြီး ယခုနှစ်တွင် ဝါထပ်နှစ်ဖြစ်သည့်အတွက် ပထမဝါဆိုလဆန်းစရက်မှ ဒုတိယ ဝါဆိုလပြည့်ကျော် ၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားပွဲတော်မှ နယ်လှည့်ဈေးသည်များလည်း ယခုအခါ ရေစကြိုမြို့သို့ ပြောင်းရွှေ့လာနေကြပြီဖြစ်ကာ ထိုအထဲတွင် ကလေးများပျော်ရွှင်စွာ အပန်းဖြေဆော့ကစားကြသည့် ချား၊ ရဟတ်၊ ပင်လယ်ဓားပြ၊ လှေကြီးများ၊ အိစက်လေထိုးရုပ်တို့ အစောဆုံးရောက်ရှိလာကြရာ ညနေပိုင်းနှင့် ညဦးပိုင်းတို့တွင် ကလေးများဖြင့် စည်ကားလျက်ရှိသည်။

"ဒီပင်လယ်ဓားပြလှေကြီးနဲ့အတူ ကလေး၊ လူကြီးမြင်ရင်စီးချင်အောင် အလှအပတန်ဆာဆင်ကာ ရောင်စုံမီးနှင့် တေးဂီတသံ၊ လှေကြီးလှုပ်ရှားဖို့ အင်ဂျင်စက် အားလုံးအရင်းအနှီးသိန်း ၂၀၀ လောက်ရင်းရပါတယ်။ တစ်ယောက်ကို ကျပ် ၅၀၀ နဲ့ အချိန်ကတော့ ငါးမိနစ်ခန့်ကြာစီးနိုင်ပါတယ်။ အမြို့မြို့အနယ်နယ် ဘုရားပွဲတွေကို လိုက်ပါတယ်။ အလုပ်ဖြစ်တဲ့ဘုရားပွဲရှိသလို အလုပ်မဖြစ်တဲ့ ဘုရားပွဲလည်း ရှိပါတယ်။ ခက်တာက ဘုရားပွဲတွေမှာ မြေနေရာ လေလံဈေးတွေက အဆမတန်များနေတော့ လုပ်ကိုင်စားရတာ သိပ်ပြီးတွက်ခြေမကိုက်ဘူး"ဟု ယင်းပွဲဈေးတွင်တည်ဆောက်ထားသော ပင်လယ်ဓားပြလှေပိုင်ရှင်က ပြောပြသည်။

အလားတူ အိစက်လေထိုးရုပ်ကြီးမှာလည်း ပေ ၂၀ ပတ်လည်ခန့်ရှိပြီး ၇၅ သိန်းပေးဝယ်ထားရကြောင်း၊ ကလေးတစ်ဦးကျပ် ၅၀၀ နှုန်းယူကြောင်း၊ ယခုအခါ အရင်းကြေပြီးဖြစ်ကြောင်း ပိုင်ရှင်က ပြောပြသည်။

ယခင်က ဘုရားပွဲတော်တွင် တောင်သူသုံး၊ ထွန်တုံး၊ ထွန်တံ၊ ပစ္စည်းအစုံတို့ကို ရောင်းချကြသဖြင့် အထူးစည်ကားခဲ့သော်လည်း ယခုအခါ တောင်သူသုံးပစ္စည်းရောင်းသူများ မလာကြတော့သဖြင့် ယခင်လောက်မစည်ကားတော့သလို ဇာတ်ပွဲများလည်း ရုံမဝင်တော့သဖြင့် နယ်လှည့်ဈေးသည်များဖြင့်သာ စည်ကားတော့ကြောင်း သိရသည်။

ဘုရားပွဲတော်၏ထူးခြားမှုမှာ နယ်လှည့်ဈေးသည်မိသားစုများနှင့် မြို့ခံအကျိုးဆောင်များ ဦးဆောင်မှုဖြင့် ဘုရားပွဲတော်ပြီးဆုံးသည့်ရက်တွင် မြို့ပေါ်ရှိ ရဟန်းသံဃာတော်များအား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူကုသိုလ်ယူပွဲကို အထူးစည်ကားစွာ နှစ်စဉ်ပြုလုပ်လောင်းလှူလေ့ရှိသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးအသိပညာပေးဟောပြော

**မဘိမ်း ဇွန် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက မဘိမ်းမြို့ မြို့မရပ်ကွက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်မြင့်အောင်က မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ယင်းမာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်းက ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း ကာကွယ်ကုသနည်း ကျန်းမာရေးအသိပညာများကို ဟောပြောခဲ့ကြသည်။

မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်လှနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုညိုတို့က မဘိမ်းဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြို့နယ်၏ ပညာရေးကဏ္ဍအခြေအနေများကို ပညာပေး ဟောပြောခဲ့ကြသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်တွင် တိုက်နယ်ဆေးရုံဖွင့်လှစ်

**ကျောက်တန်း ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး တိုက်နယ်ဆေးရုံ အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများအား မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးစန္ဒာခိုင်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါတိုက်နယ်ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနမှ ကျပ်သန်း ၅၅၀ ဖြင့် ဆောက်လုပ်ခဲ့ပြီး ထိုတိုက်နယ်ဆေးရုံပြီးမြောက်သွားသောကြောင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော ခလောက်ဆွဲ၊ ချောင်းဝ၊ ဘောဂလွတ်၊ ခမယ်၊ သနပ္ပင်ချင်း၊ ဇွဲဘာ၊ ကွန္နီး၊ မာကလုတ်၊ ကုလားတန်၊ သံတဲစသောကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်တိုအတွင်း ကုသနိုင်တော့မည်ဖြစ်သည်။ **မောင်မောင်မြင့်ဌေး(ကျောက်တန်း)**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဆင်းပွဲ ကျင်းပ

**ဆိပ်ဖြူ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စုရှိ ကျေးလက်တောင်သူများ လယ်ယာသုံးစက်ကိရိယာသုံးစွဲမှု ကျွမ်းကျင်ရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တက်လှမ်းနိုင်ရေး ရည်ရွယ်ပြီး အမှတ်စဉ်(၁/၂၀၁၅) လယ်ယာသုံးစက် ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲကို ဇွန် ၂၁ ရက် ညနေ ၃ နာရီက အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောပြီး ဆုရရှိသည့် သင်တန်းသားသုံးဦးအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့သည်။

သင်တန်းကို စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၉) စက်မှုလယ်ယာစခန်း (ဆင်ဖြူကျွန်း)မှ ကျွမ်းကျင်ဆရာများက သင်တန်းသား ၃၃ ဦးအား ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်၊ ဒေါင်ဖန်းလက်တွန်းထွန်စက်၊ ဇွဲထွန်စက်၊ တစ်လုံးထိုးအင်ဂျင် (၁၈/၂၂) စက်များ ပြုပြင်ခြင်း၊ မောင်းနှင်ခြင်းများ လက်တွေ့ ၁၂ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံ

**ကျောက်ပန်းတောင်း ဇွန် ၂၃**

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ရိုန်က အဖွင့်အမှာစကားပြောကြားရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်များကို သေသေချာချာဖတ်ရှုထားပြီး တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကျေးရွာခွဲများတွင် အများပြည်သူမြင်သာသည့်နေရာများ၌ သတ်မှတ်ချိန်အတိုင်း ကပ်ထားကြေညာရန်နှင့် မိုးရေစိုစွတ်မှုမရှိစေရေးနှင့် မသမာသူများ၏ဖျက်စီးမှုမရှိစေရေး သတိပြုဆောင်ရွက်ကြရန်၊ ပြုပြင်ရန် (သို့မဟုတ်) ပယ်ဖျက်ရန်၊ ဖြည့်စွက်ရန်ရှိပါက မိမိတို့ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ စိစစ်၍ လိုအပ်သည့်ပုံစံများထုတ်ပေးပြီး ၁၄ ရက်အတွင်း ပြန်လည်လျှောက်ထားစေရန် အသိပေးနှိုးဆော်ပေးရမှာဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်က တွေ့ကြုံလာနိုင်သည့် လုပ်ငန်းအခက်အခဲများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် ကိစ္စရပ်များ၊ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမျိုးခိုင် (ဦးစီးမှူး-လဝက) နှင့် ဦးသိန်းဝင်းတို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲတွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများတက်ရောက်ကြပြီး ကြေညာရမည့်အခြေခံမဲစာရင်းများ၊ မဲစာရင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များနှင့် ဗီနိုင်းများကို ဖြန့်ဝေပေးပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိကြေငြာသွားမည်ဖြစ်သည်။

အဆိုပါအခြေခံမဲစာရင်းတွင် မိမိအမည်မပါလျှင် ပုံစံ (၃)ဖြင့်လည်းကောင်း၊ အချက်အလက်များမမှန်လျှင် ပုံစံ(၄-ဂ) ဖြင့်လည်းကောင်း၊ ကွယ်လွန်ပြီးသူများနှင့် မဲပေးပိုင်ခွင့်မရှိသူများပါဝင်နေလျှင် အထောက်အထားနှင့်အတူ ပုံစံ(၄) ဖြင့် ကန့်ကွက်နိုင်ကြောင်း၊ အဆိုပါပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်များထံမှ တောင်းယူ၍ ၁၄ ရက်အတွင်း ပြန်လည်လျှောက်ထားနိုင်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## သဘာဝဘေးဒဏ် လျှော့ချရေးမိတ်ဆက်

**ဘိုကလေး ဇွန် ၂၃**

လူထုအခြေပြုသဘာဝဘေးဒဏ်လျှော့ချရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှု၊ သဘာဝဘေးစီမံခန့်ခွဲမှု သောက်သုံးရေအထောက်အပံ့နှင့် စားနပ်ရိက္ခာဖူလုံမှုစီမံကိန်း၊ ဧရာဝတီတိုင်းဒေသကြီး မိတ်ဆက်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် ဘိုကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ archeno Va ဌာနကိုယ်စားလှယ်၊ မြန်မာ့နှလုံးသားလူမှုဖွံ့ဖြိုးမှုအဖွဲ့ တာဝန်ခံနှင့် စိုပြည်မြန်မာလူမှုဖွံ့ဖြိုးမှုအဖွဲ့ တာဝန်ခံတို့က စီမံကိန်းနှင့်ပတ်သက်သောလုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့သည်။

စီမံကိန်းကာလမှာ ၂၀၁၅ မေလနောက်ဆုံးပတ်မှ ၂၀၁၈ အထိ ဘိုကလေးမြို့နယ်ရှိ ကျေးရွာ၂၀၌ ဆောင်ရွက်မည်ဖြစ်သည်။ **အောင်မင်း**

## မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးအောင်ပွဲများ ကျင်းပ

**ရေနံချောင်း ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဘုရားကုန်းကျေးရွာ၊ သပြေပင်ကျေးရွာ၊ ပင်းဝကျေးရွာတို့တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအောင်ပွဲများကို ဇွန် ၂၀ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအောင်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုးနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်မီးလင်းရေးဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သပြေပင်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုး၊ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးလင်းရေးအောင်ပွဲဆိုင်းဘုတ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ငြိမ်းတို့က စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်ပင်းဝရွာသို့ရောက်ရှိကြပြီး လျှပ်စစ်မီးလင်းရေးအောင်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်းက အောင်ပွဲဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။



လျှပ်စစ်မီးလင်းရေးအောင်ပွဲများကျင်းပရာ ဘုရားကုန်းကျေးရွာတွင် ထရန်စဖော်မာအင်အား ၃၁၅ ကေဗွီအေကို ပြည်သူထည့်ဝင်ငွေ ၇၀၅ သိန်းဖြင့်လည်းကောင်း၊ သပြေပင်ကျေးရွာတွင် ထရန်စဖော်မာအင်အား ၂၀၀ ကေဗွီကို လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၉၀ စုစုပေါင်းငွေကျပ်သိန်း ၃၄၀ ဖြင့်လည်းကောင်း၊ ပင်းဝကျေးရွာတွင် ထရန်စဖော်မာအင်အား ၁၆၀ ကေဗွီကို လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၁၅ သိန်း စုစုပေါင်းငွေကျပ် ၃၆၅ သိန်းတို့ဖြင့် ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးကို ရေနံချောင်းမြို့ လျှပ်စစ်အင်ဂျင်နီယာများက ကြီးကြပ်ခဲ့ကြသည်။ **မွန်မွန်(ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး ရေသွယ်မြောင်းဖောက်လုပ်



**ကန့်ဘလူ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သပြေသာကျေးရွာနှင့် မင်းဘာကျေးရွာကြားရှိ သပြေသာ-မင်းဘာရေသွယ်မြောင်းကို ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေသွယ်မြောင်းသည် ကာဘိုးဆည် DO5 ခွဲမြောင်းမှ ရေသွယ်၍ ကွင်းအမှတ် ၉၆၇၊ ၉၆၈၊ ၁၀၀၆ ရှိ လယ်မြေဧက ၇၀၀ ကိုအကျိုးပြုမည်ဖြစ်ပြီး ဒေသခံတောင်သူ ၈၁ ဦးက စုစုပေါင်းငွေကျပ်သိန်း ၄၀၀ အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း သပြေသာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဘကျော်က ပြောသည်။

သပြေသာ-မင်းဘာရေသွယ်မြောင်းသည် ပျမ်းမျှ အနက် ၇ ပေ၊ အကျယ် ၁၅ ပေ၊ အရှည်ပေ ၁၂၅၀၀ ဖောက်လုပ်ရမည်ဖြစ်ပြီး ယနေ့ထိ ပေ ၇၅၀၀ တူးဖော်ပြီးကြောင်း သိရသည်။

ရေသွယ်မြောင်းဖောက်လုပ်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (မန္တလေး) တို့က ကြီးမှူးကျင်းပသော ငါးနှစ်မြောက် နှစ်ပတ်လည်နေ့နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေး၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရုံးချုပ်ဥက္ကဋ္ဌက နှုတ်ဆက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (မန္တလေး) အလုပ်မှုဆောင်နှင့် မိတ်ဆက်ပေးခဲ့သည်။

ယင်းနောက် မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများပေးအပ်ခြင်း၊ မသန်စွမ်းကျောင်းသား ကျောင်းသူများအားပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း၊ ထူးချွန်မသန်စွမ်းဆုရသူများနှင့် အမျိုးသားအားကစားပွဲဆုရ အားကစားသမားများအား တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင် ၁၄ ဦးတို့က စုစုပေါင်းအလှူငွေကျပ် ၃၈၀၄၆၀၀ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

**သီဟကိုကို(မန္တလေး)**

## အရာတော်မြို့နယ်တွင် မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**အရာတော် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ မကျီးကန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ သွားရောက်ပြီး မိုးပွင့် (အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကံထွန်းတို့မှ လာရောက်ကြည့်ရှုအားပေးပြီး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ကျေးလက်နေပြည်သူများအား မိုးပွင့်(အထူး)စီမံချက်အကြောင်းနှင့် နိုင်ငံသားအခွင့်အရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အသုံးဝင်ပုံများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ မကျီးကန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၅)ရွာတွင် ဇွန် ၁၇ ရက်မှ ၁၉ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**(မောင်အေးချမ်း)**

# ကျေးဇူးတင်လွှာ

နယူးဇီလန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော ဖီဖာယူ - ၂၀ ကမ္ဘာ့ဖလား ၂၀၁၅ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ - ၂၀ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်း၊ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၂၀၁၅ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည့် မြန်မာယူ - ၂၃ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော အာဆီယံ ချန်ပီယံရှစ် ၂၀၁၅ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယဆုရရှိခဲ့သည့် မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသော အောက်ပါ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် မြန်မာယူ - ၂၃ အမျိုးသားလက်ရွေးစင်အသင်း၏ အိမ်အပြန်ခရီးစဉ်အတွက်မေတ္တာဖြင့် တာဝန်ယူပို့ဆောင်ပေးခဲ့ပါသော ကမ္ဘောဇအုပ်စု (MAI လေကြောင်းလိုင်း)တို့အား မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု | ငွေကျပ် သိန်း ၃၀၀ |
| ၂။ | ရောဝတီဘဏ်လီမိတက် | ငွေကျပ် သိန်း ၅၀၀ |
| ၃။ | ဦးကိုကိုထူး + ဒေါ်စန္ဒာအောင်၊ သား မင်းသီဟထူး၊ သမီး ဆုသီရိထူး (Myanmar Industrial Port) | စင်ကာပူဒေါ်လာ ၅၀၀၀၀ နှင့် ငွေကျပ် သိန်း ၃၀၀ |
| ၄။ | ဦးခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်) | ငွေကျပ် သိန်း ၃၀၀ |
| ၅။ | ဦးအောင်ဇော်နိုင် (ရွှေတောင်ကုမ္ပဏီများအုပ်စု) | ငွေကျပ် သိန်း ၃၀၀ |
| ၆။ | ဦးဇော်ဝင်းရှိန် (ရောဟသ်ာကုမ္ပဏီများအုပ်စု) | ငွေကျပ် သိန်း ၂၀၀ |
| ၇။ | Naing Group Holding Co., Ltd. | ငွေကျပ် သိန်း ၂၀၀ |
| ၈။ | မကွေးအက်ဖ်စီ | ငွေကျပ် သိန်း ၂၀၀ |
| ၉။ | ဦးပြည့်ဖြိုးတေဇ (ရန်ကုန်ယူနိုက်တက်အက်ဖ်စီ) | ငွေကျပ် သိန်း ၂၀၀ |
| ၁၀။ | ဦးအောင်မြတ် (Mother Trading & Construction Co., Ltd.) | ငွေကျပ် သိန်း ၁၅၀ |
| ၁၁။ | ဦးနေအောင် (IGE Company) | ငွေကျပ် သိန်း ၁၀၀ |
| ၁၂။ | United Amara Bank | ငွေကျပ် သိန်း ၁၀၀ |
| ၁၃။ | ဒေါက်တာစိုင်းဆမ်ထွန်း (ရတနာပုံအက်ဖ်စီ) | ငွေကျပ် သိန်း ၁၀၀ |
| ၁၄။ | ဦးလှမျိုး (အောင်မြင်သူကုမ္ပဏီများအုပ်စု) | ငွေကျပ် သိန်း ၁၀၀ |
| ၁၅။ | ဦးခင်မောင်အေး (CB Bank) | ငွေကျပ် သိန်း ၁၀၀ |
| ၁၆။ | ဦးချိုမြင့် (Myint Family) | ငွေကျပ် သိန်း ၁၀၀ |
| ၁၇။ | ဦးသက်လင်း၊ ဦးအုန်းကျော် (ရောဝတီယူနိုက်တက်အက်ဖ်စီ) | ငွေကျပ် သိန်း ၁၀၀ |
| ၁၈။ | ဦးလှငွေ (ဖွဲ့ကပင်ယူနိုက်တက်အက်ဖ်စီ) | အမေရိကန်ဒေါ်လာ ၁၀၀၀၀ |
| ၁၉။ | ဦးတင်လတ် + ဒေါ်မာလာမြင့် (Silver Tiger) | အမေရိကန်ဒေါ်လာ ၁၀၀၀၀ |
| ၂၀။ | ဦးအောင်ဇော် + ဒေါ်ယဉ်ယဉ်မြတ် | အမေရိကန်ဒေါ်လာ ၁၀၀၀၀ |
| ၂၁။ | မဇာဇာသဲဦး + မလွေလွေသဲဦး (Zar and Diamond) | ငွေကျပ် သိန်း ၅၀ |
| ၂၂။ | မေတ္တာမိုးမိသားစု၊ မိဘဂုဏ်ရည်မိသားစု၊ ဦးဝင်းဇော်ဦး၊ ဦးမင်းအောင် (Bright Time)၊ ဦးမျိုးသိန်း (ဓနသီဟ)၊ ဦးကျော်လင်း (LOP Group of companies)၊ မသီတာရှိန်ဝင်း | ငွေကျပ် ၇၁ သိန်း |

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

# Congratulations!

Our warmest and heartiest congratulations

on the successful opening of

MUFG Bank of Tokyo-Mitsubishi UFJ

Yangon Branch in Myanmar on April 22, 2015.

Wishing you success and outstanding achievements in sharing good banking products and services to get prosperity and benefit in banking sectors in Myanmar.

C B BANK

Chairman

and Board of Directors

CB Bank

# Congratulations!

Our warmest and heartiest congratulations

on the successful opening of

Bangkok Bank

Yangon Branch in Myanmar on June 2, 2015.

Wishing you success and outstanding achievements in sharing good banking products and services to get prosperity and benefit in banking sectors in Myanmar.

C B BANK

Chairman

and Board of Directors

CB Bank







ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဦးခင်မောင်ဝင်း[၆/မအရ(နိုင်)၀၉၈၅၉၈]၏ ပွဲနင်းလက်မှတ် 012/06 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၂၁၉၄၁၈၂**




**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**SEVEN စံ** ဖ်
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644

**မြေကွက်များဝယ်လိုသည်**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

မြိတ်မြို့
**အိမ်ရောင်းမည်**
နောက်လယ် ၆ လမ်း
3.RC မီးခံ ၄ ပေါက်တိုက်
ဖုန်း-၀၁-၅၂၄၄၂၈၊ ၀၉-၈၇၆၃၂၇၅

## ကုန်အမှတ်တံဆိပ် တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်ဌေးဌေးဝင်း[၁၂/တမန(နိုင်)၀၇၇၁၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား"**

SPORTS S&H

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော SPORTS(S & H)နှင့် အောက်ဘက်တွင် ဘောလုံးပုံအတွင်း၌ SS ဟူသော အင်္ဂလိပ်စာလုံးအမှတ်အသားပါသည့် တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၂၀-၁၀-၂၀၁၀ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်-(၄-ပို/၈၁၁၈)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အဆိုပါ တံဆိပ်အမည်အမှတ်အသားဖြင့် အားကစားနှင့်ပတ်သက်သည့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ဘောင်းဘီအတို၊ အရှည်အမျိုးမျိုး၊ ခြေအိတ်အမျိုးမျိုး၊ စွပ်ကျယ်အမျိုးမျိုး၊ ဂျာစီအင်္ကျီအမျိုးမျိုး၊ လက်ပြတ်၊ လက်ရှည်၊ လက်စကအင်္ကျီအမျိုးမျိုး၊ Tracksuit အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ အဆိုပါတံဆိပ်အမည်အမှတ်အသားဖြင့် အဆိုပါပစ္စည်းတို့ကိုထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အရွယ်အစားအမျိုးမျိုးတို့အပေါ်၌လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက်၊ ရုပ်သံကြေညာ၊ အင်တာနက်တို့အပေါ်၌လည်းကောင်း၊ ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ချုပ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဌေးဌေးဝင်း တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဒေါ်ဌေးဌေးဝင်းမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပ၍ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ အများပြည်သူထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားဖြစ်စေ လူ့အဖွဲ့အစည်း၊ အသင်းအဖွဲ့လုပ်ငန်းတစ်ခုခုမှသော်လည်းကောင်း၊ ကုမ္ပဏီတစ်ခုခုမှသော်လည်းကောင်း အတုအပ ထုတ်လုပ်သုံးစွဲဖြန့်ဖြူးရောင်းချခြင်းများကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများနှင့် တရားရုံးကုန်ကျစရိတ်များအပါအဝင် တောင်းခံသွားနိုင်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် တံဆိပ်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅-ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**




**ဖခင်အမည်မှန်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇလောင်းအုပ်စု၊ ငန်းစပ်အလယ်တန်းကျောင်း အဋ္ဌမတန်း(B)မှ မောင်လင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် [၉/ပမန(နိုင်)၁၆၃၂၁၅]ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

**ဖုန်း SIM CARD ဝယ်မည်**
73 **-80000 Ks
49 **-120000 Ks
50 **-180000 Ks
Ph: 09-5089555

ကြော်ငြာ

## ဂုဏ်ယူဝမ်းမြောက်ကြောင်း ပန်ကြားလွှာ

၂၀၁၄-၂၀၁၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်အောင် သင်ကြားပေးခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဘာသာရပ်ဆိုင်ရာ ဆရာမများအား အထူးပင်ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ပါသည်။

**မိဘဆရာအသင်းနှင့်**
**ကျောင်းအကျိုးဆောင်အဖွဲ့**
**အထက(ခွဲ) ဖူးကြီး၊ မှော်ဘီမြို့နယ်။**

---

**ဆရာချို** (ရှပ) ဒွန်တန်းခွဲပြည့်ပြီ နောက်ဆုံးတန်းခွဲသစ်လက်ခံပြီ

၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲမှ (၁၂)ဦးဝိုင်း (၁၁)ဦးအောင်

(၂၆)၊ ဦးဝိဇ္ဇာလမ်း၊ ပုဇွန်တောင်။(ရွှေဘုန်းပွင့်ဘုရားအနီး) ဖုန်း -၀၉ ၂၅၄၂၀၀၁၇၂

---

စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်

**တယားပြည်နယ် လှိုင်တော် ထောင်ကွဲဇေတီ**

၁၀-၇-၂၀၁၅ မှ ၂-၈-၂၀၁၅ အထိ

**သုခမိန်ဇာင၀** 01-253079/09 30184137/09 5155654

---

## မွေးနေ့ဆုတောင်း

၂၄-၆-၂၀၁၅ရက်တွင် ကျရောက်သော **ဦးနိုင်လင်း**၏ (၄၈)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းရာတိုင်အောင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်းနှင့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးများ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆဲဗင်းစတားမိသားစု(ကလော)**

---

**အောင်ထိပ်တန်း** ဆရာ A.K.T ဆရာ ဟိန်းထက်ဇော်

**D.S.A, D.S.T.A, D.S.M.A**
အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ

**ဗိုလ်လောင်းဝင်ခွင့်ရေးဖြေသင်တန်းများ**

အမှတ်(၆၆/၆၈)၊ အခန်း(၇/D)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန်။
Ph:09-5161340, 09-5192762, 09-73060218

---

**Trumpet Travels & Tours**

Pa(3) Padonmar Street, Sanchaung Township, Yangon.
Hot Line: 01 532250, 09 250021676, 09-5182767, 09 43089536

"Juneလ 27 ရက်နေ့ နှင့် Julyလ 4ရက်နေ့ ခရီးစဉ်"

Hot Trip 35000Ks/-

---

**ရွှေလမ်းခရီး** ...ကျိုက်ထီးရိုး/ ချောင်းသာ

*ပုဂံ (စွယ်တော်လေးဆူ)၊ (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
*တောင်ကြီး(ထမ့်စမ်းလိုဏ်ဂူ)၊ (မွေတော်ကက္ကူ)၊ အင်းလေး၊ ပင်းတယ၊ ကလော
*မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် **လက်မှတ်ရောင်း / စင်းလုံးငှား**
*မော်လမြိုင်၊ ကျိုက်မရော၊ နွားလဘိုတောင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ
*ဘားအံ(ရွှေယဉ်ပျော်)သမိုင်းဝင်ဂူဘုရားများ - နေ့ချင်းပြန်ခရီးစဉ်
**(ထမင်းကျွေး ကားစ၊ တစ်ဆင့်သွားကားစ/ ဝက်လှေစ၊ တည်းခိုစရိတ်ငြိမ်း)**
*ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး*ဇလွန်ပြည်တော်ပြန်
အမှတ်(၃၁၇)ပန်းဆိုးတန်းလမ်း(ကုံးကျော်တံတားအောက်) 371317,095124678,09401589907

---

**သန်းဇွေးနှင့်ရောင်းရင်းများ ၏ ဝါဆိုခရီးစဉ်များ**

JUN-19/26, JULY-3/10/17/24/30/31, Aug-7/14/21/28 ကျိုက်ထီးရိုး၊ ချောင်းသာ(အင်္ဂါ/သောကြာ)

▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း (၄) ရက်။ ▲ သရေခေတ္တရာ၊ ဗိဿနိုး၊ ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။ ▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။ ▲ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံဂူ (၅) ဂူ၊ မဲလံဆံတော်ရှင်ဖူး (၂) ရက်။ ▲ ဘားအံဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဖူး၊ ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ငင်းကျိုက်ရေတံခွန်၊ နွားလဘိုတောင်၊ မဲလံဆံတော်ရှင် (နေ့ချင်းပြန်)။
▲ ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး။ ▲ (ဇလွန်)။ ▲ (မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာဖူး)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ။ ▲ နေပြည်တော် (နေ့ချင်းပြန်ခရီးစဉ်) ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာဟေဝိစေတီတော်၊ ဆာဟာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း။

ပင်ရင်း (၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

---




**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

---

**ကား** မျိုးစုံ

(Alphard/Crown/MarkII/အနိစတတုံ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph : 09795549249, 095418126

---

**မိုး** ဒီဇယ်စောက်ဆီ စက်ပြင်သင်တန်း (နေ့ထိုင်မှုအခမဲ့)

ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

---

**မီးသတိပြု**

---









# NPL ပညာရေးဝန်ဆောင်မှုမှ ထူးချွန်စွာ အောင်မြင်ခဲ့သော တပည့်အများအတွက် လှိုက်လှဲစွာ အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

NPL ပညာရေးဝန်ဆောင်မှု၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နဝမတန်း၌လည်းကောင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌လည်းကောင်း (၂)နှစ်ဆက်တိုက် ပညာသင်ယူကာ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အဆင့်(၄) ရခဲ့သော

မသော်သော်ဟန်

ဆလသ-၂၇၂

မြန်မာတစ်ပြည်လုံး အဆင့်(၄)



| | | | |
|---|---|---|---|
| မြန်မာစာ | -၈၃ | ဓာတုဗေဒ | -၉၆ |
| အင်္ဂလိပ်စာ | -၇၈ | ရူပဗေဒ | -၉၉ |
| သင်္ချာ | -၉၈ | ဇီဝဗေဒ | -၉၉ |

စုစုပေါင်းရမှတ် - ၅၅၃

## (၆)ဘာသာဂုဏ်ထူးရှင်များ







၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဘာသာစုံ ဂုဏ်ထူးရှင်(၃၂)ဦး၊ ၅-ဘာသာဂုဏ်ထူးရှင် (၅၆)ဦး၊ ၄-ဘာသာ၊ ၃-ဘာသာ၊ ၂-ဘာသာ၊ ၁-ဘာသာ ဂုဏ်ထူးများ ရရှိသောတပည့်များ ရိုးရိုးအောင်မြင်ခဲ့သော တပည့်များအားလုံးအတွက် မိဘများနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်..



NPL ပညာရေးဝန်ဆောင်မှုဂုဏ်ကို ဆောင်ခဲ့ကြသော ၁၉၉၇ မှ ၂၀၁၅ ထိ မြန်မာတစ်ပြည်လုံးထူးချွန်ဆုရှင် တပည့်များနှင့် အောင်မြင်မှု အသီးသီး ရရှိအောင်စွမ်းဆောင်ခဲ့ ကြသော တပည့်များသည်လည်း ကောင်းကျိုးအဖြာဖြာကို ဆထက် တိုး၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်....

## (၅)ဘာသာဂုဏ်ထူးရှင်များ

၁။ မျိုးခန့်ကျော် (ဆလတ-၁၁၁)
၂။ မြဖျူးသဇင် (ဆလတ-၁၄၇)
၃။ သီရိတင် (ဆလတ-၁၅၃)
၄။ နော်ခိုင်သူသူထူး (ဆလတ-၁၅၆)
၅။ နှင်းမွန်ထက် (ဆလတ-၁၆၂)
၆။ ယွန်းစန္ဒီမောင် (ဆလတ-၂၀၃)
၇။ မင်းမောင်မောင် (ဆလတ-၂၀၅)
၈။ ဉာဏ်ထက်လင်း (ဆလတ-၂၂၃)
၉။ မေခေတ်ဝင်း (ဆလတ-၂၃၀)
၁၀။ နှင်းဝတ်ရည်သန့် (ဆလတ-၂၉၉)
၁၁။ ဟန်နီအောင် (ဆလတ-၂၈၀)
၁၂။ စုမြတ်နိုးအောင် (ဆလတ-၂၈၂)
၁၃။ ပေဟမာအောင် (ဆလတ-၂၈၇)
၁၄။ ခွန်းရိုန်းဝေမြင့်အောင် (ဆလတ-၂၉၀)
၁၅။ နန်းယိင်းဝိုးအေး (ဆလတ-၂၉၇)
၁၆။ လွင်မိုးဦး (ဆလတ-၃၀၄)
၁၇။ ကောင်းခန့်ဆွေညီမ်း (ဆလတ-၃၂၂)
၁၈။ မြသန္တာကျော် (ဆဒဝ-၁၃)
၁၉။ ဇော်လင်းကျော် (ဆဒဝ-၂၀)
၂၀။ အိမွန်နိုင် (ဆဒဝ-၆၉)
၂၁။ နှုးလော့ဝင်းထက် (ဆဒဝ-၁၆၉)
၂၂။ ဟိန်းထက် (ဆဒဝ-၁၆၈)
၂၃။ သီရိထွန်း (ဆဒဝ-၂၁၀)
၂၄။ ဝေလင်းထွန်း (ဆဒဝ-၂၁၈)
၂၅။ စန္ဒာနိုင် (ဆဒဝ-၂၆၃)
၂၆။ အေးမြတ်မြင့် (ဆဒဝ-၃၃၅)
၂၇။ မေနှင်းအေး (ဆဒဝ-၄၇၁)
၂၈။ မေမြတ်ပိုင် (ဆဒဝ-၆၄၅)
၂၉။ မေသင်းခိုင် (ဆလသ-၁၆)
၃၀။ ဟိန်းထက်ဇော် (ဆလသ-၂၆)
၃၁။ ပြည့်ဖြိုးဇော် (ဆလသ-၂၈)
၃၂။ အောင်ဇင်ထွန်း (ဆလသ-၄၁)
၃၃။ အင်ကြင်းခင် (ဆလသ-၁၂၄)
၃၄။ မြတ်ကေခိုင် (ဆလသ-၁၃၂)
၃၅။ ဖြူးအိမ်စည် (ဆလသ-၁၄၂)
၃၆။ ဟန်နီတင်ထွန်း (ဆလသ-၁၇၁)
၃၇။ ဆုရတနာထွန်း (ဆလသ-၁၈၄)
၃၈။ ထက်အိအိနိုင် (ဆလသ-၁၉၂)
၃၉။ လီလီမော် (ဆလသ-၂၀၇)
၄၀။ အေးအေးမော် (ဆလသ-၂၀၈)
၄၁။ နှင်းဦးယဉ် (ဆလသ-၂၂၃)
၄၂။ နှင်းဦးဝတ်ရည် (ဆလသ-၂၂၄)
၄၃။ နွေးလှဲ့ဝါ (ဆလသ-၂၃၀)
၄၄။ သင်းသီတာဝင်း (ဆလသ-၂၄၄)
၄၅။ မိုးချမ်းမြေ့သန့် (ဆလသ-၂၉၉)
၄၆။ သီရိထွန်းအောင် (ဆလသ-၂၈၀)
၄၇။ တန်ဝတီအောင် (ဆလသ-၂၈၂)
၄၈။ ယွန်းမြတ်နိုးဦး (ဆလသ-၃၀၈)
၄၉။ ထူးမြတ်နိုင် (ဆအလ-၁၀၀)
၅၀။ နှင်းဦးဝတ်ရည် (ဆအလ-၁၂၃)
၅၁။ သီရိစန္ဒာလွင် (ဆအလ-၁၂၈)
၅၂။ ဘုရဏီစံလင်း (ဆအလ-၃၁၈)
၅၃။ ဇုလိုင်နှင်း (ဆစထ-၆၁)
၅၄။ ကြယ်စင်ဝင်းပ (ဆစထ-၂၉၀)
၅၅။ သိမ်းပိုက်အောင် (ဆတရ-၄၄၂)
၅၆။ မင်းခန့်ကိုကို (ဆသတ-၃၁၈)

NPL မှ ဆရာ/ဆရာမများ -

မြန်မာစာ - H&H၊ ဒေါ်မြင့်မြင့်

အင်္ဂလိပ်စာ - ဒေါ်သီတာဦး

သင်္ချာ - ဦးအောင်မြင့်သိန်း၊ ဒေါ်သန်းသန်းနွယ်၊ ဒေါ်ခင်စောလှ၊ ဒေါ်ခင်မွှေးဦး

ဓာတုဗေဒ - ဦးသိန်းသန်းစိုး@ဦးဘိုနီ

ရူပဗေဒ - ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်ဌေးဌေးနိုင်

ဇီဝဗေဒ - ဒေါ်တင့်တင့်

ဘောဂဗေဒ - ဒေါ်ခင်ခင်ထွေး

AIR KBZ
FLYING BEYOND EXPECTATIONS

NAY PYI TAW ✈ YANGON
YANGON ✈ NAY PYI TAW

from USD 72$
* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးစျေးနှုန်း

from USD 33$
* One Way
* All inclusive
* Terms & Conditions apply

" နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသည့်အခါတွင် ဝန်ထမ်းကတ်ပြား (၁)စောင်နှင့်အတူ ဝန်ထမ်းကတ်မူရင်းအား ပြသ၍ဖြင့် AIR KBZ ရန်ကုန်ရုံးချုပ်၊ နေပြည်တော်ရုံးခွဲ၊ အခြားမြို့များရှိ လက်မှတ်အရောင်းဌာနများတွင် လေယာဉ်လက်မှတ်များအား အထူးစျေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည် "

Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |



Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
www.facebook.com/AIRKBZ
